www.burmeseclassic.com

# လွမ်းဆွတ်ခြင်း
# ပိတ်စာ



ငါ့အတွက် ...
ရက်စက်ခြင်းအဆိပ်တစ်ခွက်နဲ့
အိပ်မက်ဆိုးတွေကို
တိတ်တိတ်လေးပို့လိုက်ကြတဲ့ ....
အချစ်မဲ့ ...“ လွမ်းဆွတ်ခြင်းပိတ်စာ ”

www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

ရွှေသမင်

*စာပေမှ စမင်တင်ဆက်သည်။*

# ဒိန္နိုင်းခ

# လွမ်းဆွတ်ခြင်းဖိတ်စာ

ရွှေသမင်စာပေ
အမှတ် (၃၇/၃၉)၊ ၄၄- လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၆၁၁၀

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၁၄၅၄/၂၀၀၄ (၁၂) |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၅၀၀၈၁၄၀၆၀၇ |
| အကြိမ် | – | ပထမအကြိမ် |
| | | ၂၀၀၈–ခုနှစ်၊ ဖေဖော်ဝါရီလ |
| အုပ်ရေ | – | ၅၀၀ |
| တန်ဖိုး | – | ၁၅၀/– |
| ထုတ်ဝေသူ | – | ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉) |
| | | ရွှေသမင်စာပေ |
| | | ၃၇/၄၄လမ်း၊ |
| | | ဗိုလ်တထောင်မြို့နယ်၊ |
| | | ရန်ကုန်တိုင်း။ |
| အတွင်း/အဖုံးပုံနှိပ်သူ | – | ဦးဝင်းဖေ (မြ–၀၇၆၅၀) |
| | | စိုးထက်ကျော်ပုံနှိပ်တိုက် |
| | | တိုက် (၂၀၆)၊ အခန်း (အေ) |
| | | ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။ |




ငါ့နောက်ကျောကိုထိုးမယ့် ဓားကလေးရေ……

လက်ရဲ့အရွေ့ နူးညံ့တဲ့လှုပ်ရှားမှုအောက်မှာ
ရင်ကို ဦးတည်လာတဲ့ ထက်မြက်မှုတွေဟာ
ချစ်ခြင်းမေတ္တာလို့ ငါထင်ခဲ့တယ်…
မိရွှေ…
နင်ဟာ… ငါ့ရဲ့လှပတဲ့ပန်းကလေး
နင်ဟာ… ငါ့ရဲ့ဥပေက္ခာကျည်တစ်တောင့်
နင်သာ… ငါ့ရဲ့မျက်လုံးတစ်စုံ
နင်သာ… ငါ့ရဲ့အလင်းရောင်ကောင်းကောင်း
နင်ဟာ… ငါ့ရဲ့လွမ်းဆွတ်ခြင်းဖိတ်စာ…။



ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အဆင်မပြေခြင်း မီးတောက်တွေနဲ့ လင်းဝပ်နေတဲ့ ကောင်းကင်ဟာလည်း လွဲချော်နေတဲ့ ရင်အုံ တစ်ခုလုံးကို ဥပေက္ခာနဲ့ အလင်းညှိခဲ့ပြီ...

မိဆူး... 'နင်ပစ်ဖို့ အချစ်ဆိုတဲ့ သေနတ်တစ်ခုလုံးမှာ ကျည်အပြည့်ဖြည့်ထားခဲ့ပြီလို့ ငါထင်ခဲ့တယ်၊ သံယောဇဉ်ကို မေ့ပစ်ပြီး စွဲလမ်းခြင်းကို အသေသတ်ထားသူ အိပ်မက်တွေ ရှင်သန်ပါရဲ့လား...

နောက်ပြီး အနာအကျင်မရှိတဲ့ အပြုံးကို အဆင်ပြေပြေ ပြုံးနိုင်ဖို့ ငါ့နှလုံးသားကို နာကျင်အောင် ချုပ်နှောင်ပေးခဲ့တယ်၊ နင်... အရာအားလုံးကို မေ့ပစ်နိုင်ပါ့မလား... မေ့ပစ်ဖို့လဲ ကြိုးစားနေပြီလား မိဆူး...

ရွှေသမင်စာပေ



ဒီအရပ်မှာပွင့်တဲ့ အင်ကြင်းတွေနဲ့ အဆင်ပြေပြေလှစေတဲ့ နင်နဲ့ပတ်သက်တဲ့ဒီဒေသကို ငါ မေ့မထားပါဘူး မိဆူး...

"တစ်နေ့တော့ သိလာလိမ့်မယ်"ဆိုတဲ့ မျှော်လင့်ချက် တစ်ခုကို ခံတပ်တစ်ခုလိုအားကိုးပြီး ငါ ရပ်တည်နေပါ့မယ်။ မေ့နိုင်ခြင်း ဆိုတာကိုလည်း ငါ ကြိုးစားကြည့်မယ်လေ။

မိဆူး... အောင်မြင်မှုနဲ့ ရပ်တည်နိုင်မယ့်ဒေသမှာ နင် နေထိုင်ပါ...

လှပတဲ့အိပ်မက်တွေကို နင်ပန်ဆင်ပါ...

အရှုံးကိုမသိနိုင်ဘဲ တစ်သက်လုံး ထွေးပိုက်သောသစ္စာ စကားကို စောင့်ထိန်းနိုင်ပါစေလို့ ငါ နင့်အတွက် ဆုတောင်း ပေးပါ့မယ်...

မိဆူး ငါလေ...

အချစ်... ဆိုတာကို မယုံကြည်တဲ့ ကောင်မလေး တစ်ယောက်အတွက် အလွမ်းဆိုတာ ခိုလှုံရဦးမယ်လေ...။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၁

ရင်ဘတ်ဆိုတာ ခံစားချက်ကို သိမ်းထားတဲ့ သေတ္တာ တစ်လုံးပါပဲဆို... ငါယုံတယ်နော်။

သံယောဇဉ် သောကငရဲကို ခုန်ဆင်းဖို့အတွက် မင်းကို ငါ စတင်တွေ့ရှိခဲ့တယ် မိဆူး...

နင်ရဲ့ အုပ်မှိုင်းနေတဲ့ ကောင်းကင်နဲ့တူတဲ့ မျက်လုံးတွေနဲ့ ငါ စတင်ရင်းနှီးခဲ့ပါတယ်...။

မင်းဟာ ကြေကွဲစရာကောင်းတယ်၊ မင်းက အပြာရောင် မြစ်တစ်စင်း...

ပီရိသေသသပ်စွာ ဖုံးအုပ်ထားတဲ့ မင်းရင်ခွင်ကြားမှာ မှန်တိုင်းရှိတယ်။ ငါဟာ နင့်အကြောင်းတွေ ထိန်းသိမ်းထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်ယာရီ တစ်အုပ်ပါ မိဆူးရယ်... ငါ့အကြောင်းကို ငါပြောရရင် ချိုမြိန်မယ်လို့ ထင်စရာမရှိတာတော့ အမှန်ပဲ မိဆူး... ငါ... ရှစ်တန်းစာမေးပွဲတွေ ဖြေအပြီးမှာ စိတ်တွေ လွတ်လပ်နေတယ် မိဆူး... ဪ... ဒါနဲ့ပြောရဦးမယ်... ငါ့မှာ အမေ မရှိတော့ဘူး။ ဖေဖေက ရုပ်ရှင်ကင်မရာ ရိုက်ကူးသူ အဖြစ်နဲ့ အသက်မွေးဝမ်းကျောင်း ပြုသူတစ်ယောက်ပါ။ ငါတို့နေထိုင်တဲ့ ဒေသဟာ အလယ်အလတ် အစိုးရဝန်ထမ်းတွေ၊ လက်လုပ်လက်စားတွေ အများဆုံးနေကြတယ်၊ ရိုးသားတယ်၊ ဟန်ဆောင်ခြင်း နည်းတယ်။

နောက်ပြီး နင်ပြောတဲ့ သွေးဆူလွယ်စရိုက်တွေ၊ နင့်စကားအရတော့ 'ကြမ်းတမ်းတယ်'လို့ ခေါ်မှာပေါ့။ ဟုတ်မယ်... ဒီအရပ်ကလူတွေက သွေးဆူလွယ်တယ်။

ဒါပေမယ့် မကောက်ကျစ်ဘူး မိဆူး...တစ်ဦး တစ်ယောက်ရဲ့ သောကအပူကို နောက်တစ်ဦးက မျှဝေ ခံစားပေးနိုင်တယ်။

ပြဿနာဖြစ်ရင်လည်း လက်စလက်န ရှိနေတဲ့အတွက် ငါတို့ ရပ်ကွက်လေးနဲ့ခြားတဲ့ ပြင်ပမှာ (အထူးသဖြင့် နင်တို့ ဒေသမှာ လူဆိုးလူမိုက်တွေ နေတဲ့နေရာလို့ သမုတ်ကြတယ်) သာယာလှပတဲ့ ဥယျာဉ်ကြီးလို့တင်စားကြတဲ့ နင်တို့ နေထိုင်တဲ့





အရပ်နဲ့ ငါတို့နေရာဟာ ယောရုဝနဲ့ ကောင်းကင်ဘုံလို ကွာခြားတာတော့ အမှန်ပဲလေ။

နောက်ပြီး တို့နှစ်ယောက် နေထိုင်တဲ့အလယ်မှာ ဌာနဆိုင်ရာ ဝန်းကြီးတစ်ခု ခြားထားတယ်နော်။

အဲဒီဌာနဆိုင်ရာ အဆောက်အအုံတွေနဲ့အတူ မင်းနဲ့ငါ ဆုံတွေ့ဖို့အတွက် အာဒံရဲ့ ဥယျာဉ်တစ်ခု ဒါမှမဟုတ် ပြဿနာ တစ်ခုရဲ့ မေးခွန်း ဖြစ်လာခဲ့မယ့် အထက်တန်းကျောင်းတစ်ခု ရှိခဲ့တယ်လေ။

အဲဒီ အထက်တန်းကျောင်းကို တက်ရောက်ရမယ်ဆိုကတဲ့ ယယ်ရွယ်သူတို့ရဲ့ စိတ်ကူးတိမ်တိုက်တွေနဲ့အတူ ငါ ပျော်ရွှင်ခဲ့တယ်... ကျောင်းပိတ်ရက် ရက်ရှည်ကာလတွေမှာ ဖေဖေနဲ့ငါ ရိုက်ကွင်းတွေကို လိုက်ပါသွားတယ်။

ဝါသနာကြောင့်လား... ဖေဖေရဲ့ လက်တွဲ သင်ပြမှုတွေအောက်မှာ ငါ (၁၃)နှစ်အရွယ်နဲ့ စတော်ဓာတ်ပုံတွေရိုက်နေခဲ့ပြီ... ဖေဖေ့ရဲ့ ညွှန်ကြားမှုအောက်မှာ ဖေဖေ့ အသိုင်းအဝိုင်းကလူတွေ၊ ဖေဖေ့ဆရာသမား၊ တပည့် လက်သားတွေနဲ့ ငါ ရင်းနှီးကျွမ်းဝင်ခဲ့တယ်။

ဒီလို အချိန်ကာလတွေမှာပဲ နင်နဲ့ ဆုံတွေ့ခဲ့တယ်နော်။

ငါ... မလိမ်ညာချင်ဘူး မိဆူး... နင့်ရင်ထဲမှာ ရှိတဲ့ အတိုင်း ငါ့ရင်ထဲကို ကူးစက်စေတာ ငါ အံ့ဩစေခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



နှင့်ဝမ်းနည်းမှုတွေ ငါ ဝမ်းနည်းရတဲ့အတိုင်းပါပဲ... ဒါပေ
ထပ်တူညီ မျှမှုတော့ ဘယ်ရှိမလဲနော်...။
မိဆူး... အဲဒီတစ်နေ့တော့.................
..................................
..................................

ဝင်စရာရှိသေးတယ် ဆိုတော့ ဒီနေရာလို့ မထင်ခဲ့
ဟုတ်တယ်လေ... ပန်းရနံ့ချင်းတူပေမယ့် စိတ်ကိုမညှတ်နိုင်
မွှေးရနံ့တွေရဲ့ ထုံအီမှုးနောက်ပြီး အမွှေးနံ့သာတို့ရဲ့ လွန်ထဲ
သင်းကြိုင်ခြင်းတွေ...

ပြီးတော့ လေထုဟာ ကြေကွဲမှုအရိပ်တွေနဲ့ ရှင်း
လှည့်လည်ခဲ့တဲ့ နေရာ၊ ရှာပန၊ ပန်းခွေငိုသံ၊ ကြေးစည်
သံပြိုင်ရွတ်ဆိုခြင်း... ဒါတွေ တစ်ပေါင်းတစ်စည်းတည်း
ထားတဲ့သုသာန် (သို့မဟုတ်) သင်္ချိုင်း...





ဖေဖေ့မိတ်ဆွေ တစ်ယောက်ရဲ့ မိခင်အသုဘအတွက်
ဖေနဲ့ငါ ဒီနေရာကိုရောက်ခဲ့ကြတယ်။ ရိုက်ကွင်းက ညဂျူတီမို့
ခင်း (၁၂)နာရီဟာ ပူလောင်တဲ့နေမင်းအကူနဲ့ ရဲရဲတောက်
ည်နေခဲ့တယ်။ အသုဘ အခမ်းအနားထားရာ ခန်းမထဲကို
တို့ဝင်လိုက်တော့ ဘေးချင်းကပ်ယှဉ်ရပ်ထားတဲ့ အလောင်းစင်
ခုမှာ တစ်ခုသာပန်းခွေတွေနဲ့ ရှုပ်ယှက်ခတ်နေတဲ့ အသုဘ
မ်းအနားတစ်ခု ရှိခဲ့တယ်။ စောနေသေးလို့ ဖေဖေနဲ့ငါ
က်အခြမ်းကထိုင်ခုံတွေမှာ ဝင်ထိုင်လိုက်တယ်။ ငါတို့ဘက်
င်နေရာကကြည့်ရင် ပန်းခွေတွေ ဝိုင်းရံထားတဲ့ အလောင်း
င်နဲ့ ဝါးတစ်ရိုက်သာသာ ဓားလွယ်ခုတ်အနေအထား ရှိတယ်။
ဖေက သား ခဏနေခဲ့နော် ဆိုပြီး ငါ့ကို ထားခဲ့တယ်လေ။
ည်း ရှေ့က နောက်မှီ ကုလားထိုင်ရဲ့ ကျောမှီပေါ်ကို
က်ထောက် မေးတင်ရင်း စိတ်ဝင်တစားနဲ့ ငေးနေမိတယ်။
ဝေဂတရားကို မေ့လျော့အောင် စိတ်ဝင်စားစရာကောင်းတာ
တွေ့မိခဲ့တယ် မိဆူး...။

အဲဒါဘာလဲ သိလား... အင်အားကြီးမားမယ် ထင်ရတဲ့
သိုင်းအဝိုင်းတစ်ခုလို့ ငါမြင်ရတဲ့ မလှမ်းမကမ်းက အသုဘ
မ်းအနားပဲလေ။ ကြီးကြီးမားမား ငိုသံတွေ မကြားရဘူး။
မ်းအနားလာသူတွေဟာ အဖွဲ့အစည်းတွေ၊ ကုမ္ပဏီတံဆိပ်
ပါတဲ့ ပန်းခွေ ပန်းခြင်းတွေ၊ ဆယ်လူလာဟမ်းဖုန်းတွေ၊



www.burmeseclassic.com

www.burmeseclassic.com



အရောင်လင်းလက်တဲ့ ရွှေကိုင်းမျက်မှန်ရဲ့ ရောင်ပြန်ဟပ်မှုတွေ၊ စိန်နားကပ်အရောင်တွေ၊ ဥရောပန့်သာလိမ်းကျံထားတဲ့ မျက်နှာတွေ၊ ပြောင်ပြောင်လက်လက် အနောက်တိုင်း ဝတ်ရုံစတွေ၊ နောက်ပြီး အခမ်းအနားနဲ့မဆိုင်တဲ့ ရောင်းဝယ် ဖောက်ကား ဆွေးနွေးနေမှုတွေ၊ အဲဒီလူအုပ်တွေကြားထဲမှာ မှတ်တမ်းဓာတ်ပုံသမားတွေ၊ ဗီဒီယို ရိုက်ကူးသူတွေကို တွေ့မိတော့ ငါ ပြုံးမိသေးတယ်။

ငါ့ဘေးနားက လူတစ်စုရဲ့ စကားပြောသံတွေကိုလည်း ငါကြားရတယ် မိဆူး... အဲဒီစကားကြောင့်လည်း အမှတ်မထင် နှင့်ကိုတွေ့ခဲ့ရတာပေါ့ မိဆူး...

"အဲဒါ ဦးလင်းအောင်ရဲ့ သမီး နှင်းဆီအောင်လေ၊ G.N.R ရဲ့ အင်အားသစ်လေးပေါ့"

"ဘယ်မှာလဲဗျ"

"အလောင်းဘေး အနက်ရောင် ဝတ်စုံနဲ့ ကောင်မလေးလေ"

ငါလည်း သူတို့ညွှန်ပြရာကို အမှတ်မထင် ငေးကြည့်မိတယ်။ အနက်ရောင်တွေ ရှုပ်ယှက်ခတ်နေတဲ့ကြားကို လှမ်းကြည့်မိတော့ တိုက်ပုံအနက်တွေအပေါ်မှာ ကုမ္ပဏီ ရင်ထိုးတံဆိပ်ကိုယ်စီနဲ့ လူတွေကြားမှာ ရှိုက်သံလေးတစ်ခုကို ငါ မြင်တွေ့ခဲ့တယ် မိဆူး... ရင်ခုန်သံကိုကြားရတဲ့ အနက်ရောင်လမင်း





တစ်စင်းနဲ့တူတယ်။ ငါ ပြင်ပကမ္ဘာကို မေ့လျော့စေနိုင်အောင် ငါ ငေးကြည့်နေမိတယ်။

ရှုပ်ယှက်ခတ်နေတဲ့ ခန္ဓာကိုယ်ကြားက ငါ မြင်ရတဲ့ နေရာက ကြည့်ရင် အလင်းရောင်ဟပ်နေတဲ့ မျက်နှာလေးကို မြင်ရတယ်။ မြင်ရပုံက ထူးဆန်းတယ်။ ငါ့ကို နောက်ကျောပေးထားတဲ့ လူနှစ်ယောက်ကြားက လူတစ်ယောက် ဝင်သာရုံ တစ်နေရာစာမှာ နှင့်ရဲ့ တစောင်းအနေအထားကို ငါ မြင်ရတယ်။ ငါ့ရဲ့အနက်ရောင်ဝတ်စုံနဲ့ ကောင်မလေးလေ။ လည်စီး ကော်လာအဖြူရောင် အနက်ရောင်ဝတ်စုံ ပခုံးပေါ်ကို လွင့်ဝဲကျနေတဲ့ ဆံနွယ်တွေရယ်၊ ထွန်းညှိထားတဲ့ မီးတိုင် အလင်းရောင်တွေကြောင့် မျက်နှာပေါ် ထင်ဟပ်နေတဲ့ အလင်းရောင် မှိန်မှိန်ရယ်။

နောက်ပြီး စီးဆင်းနေတဲ့ မျက်ရည်... ဟုတ်တယ်... စင်ပေါ်က သေသူရဲ့အလောင်းကို မမှိတ်မသုန် ငေးကြည့်နေတဲ့ နင်လေ အသက်မှ ရှိပါ့မလားလို့ ထင်ရအောင် တိတ်ဆိတ်ငြိမ်သက်နေပေမယ့် ငါ့ဘက်က ပိုပြီးမြင်သာနိုင်တဲ့ ကစ်ဖက်တည်းသော ပါးပြင်ပေါ်က မျက်ရည်စီးကြောင်း၊ ပါးပြင်မို့မို့မှာ တွဲခိုနေတဲ့ မျက်ရည်တစ်စက်၊ လွမ်းဆွတ်ခြင်း အဓိပ္ပာယ်နဲ့ လျှို့ဝှက်သော ပုစ္ဆာတစ်ပုဒ်နဲ့တူတဲ့ မျက်ဝန်းရဲ့ အောက်မှာ သက်ငြိမ် စီးဝင်နေတဲ့ မျက်ရည်ဟာ မင်းရဲ့ ဝမ်းနည်းခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



မင်းရဲ့ပူဆွေးသောက၊ မင်းရဲ့ရင်ထဲမှာရှိတဲ့ ရှိုက်သံကို ကြားနေရလောက်အောင် အဓိပ္ပာယ်တွေ တွေ့နေရတယ်။

"မိဆူး... သမီး... ငိုချလိုက်... ငိုချလိုက်... တင်းမထားနဲ့"

"မိဆူး... ငိုလိုက်လေ"

မင်းဘေးနားက မင်းအရွယ် ကောင်မလေးတစ်ယောက်၊ မင်းဆွေမျိုးလို့ထင်ရတဲ့ မိန်းမကြီးတစ်ယောက်ရယ်၊ နှင့်ကို တစ်ဖက်တစ်ချက် ဝိုင်းဝန်း ဖေးမသံတွေကြားက ငါ သတိပြန်ဝင်လာတယ်။ နောက်ပြီး ငါ့လက်တွေ ကင်မရာအိတ်ဆီ အလိုလို လှမ်းမိခဲ့တယ်။ ငါ ကင်မရာကို တပ်ဆင်ရင်း ငါ ပတ်ဝန်းကျင်ကို လှမ်းကြည့်လိုက်တယ်။

သူတို့အလုပ်နဲ့ သူတို့ ရှုပ်နေတဲ့ကြားက ငါ့ကို သတိပြုမိမှာ မဟုတ်ဘူး။ ဒီအခမ်းအနားကို ဝိုင်းရိုက်ပေးနေတဲ့ မှတ်တမ်းဓာတ်ပုံအဖွဲ့က လို့ပဲ ထင်မှာပေါ့လေ။ အသုဘချဖို့ နီးလာလို့ လူတွေရှုပ်နေတဲ့ကြားက ငါ ခုနအနေအထားရအောင် စောင့်ရသေးတယ်။

နှင်နဲ့ ပထမဦးဆုံးတွေ့ဆုံမှုဟာ မျက်ရည်နဲ့စတင်ခဲ့တယ်။






တိတ်တိတ်ကလေး ခွဲလမ်းခဲ့လို့
အပါယ်တံခါး မပိတ်ရစ်လည်း
အချစ်ရယ် ရှိပါစေတော့လေ...။

သမုဒယအတွက် လူ့ဘဝဘုံမှာ
အခုဘဝ ချစ်ခဲ့ဖြစ်ခဲ့ရတာ
ရေနဲ့ ကောင်းကင်ဘုံ။

(...Z...)





www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၂

"ကူညီပါ... သူရဲ့ရှာ၊ မင်း စားချင်တာစား ငါဝယ်ကျွေးမယ်ကွာ"

လင်းလင်းက ရှေ့ခုံမှာ ဝင်ထိုင်ရင်း ကိုယ့်ဘက်မျက်နှာလှည့်ကာ ဒုတိယအကြိမ် ထပ်ပြောပြန်သည်။ ပြီးတော့ အကူအညီရလိုရငြား စာအုပ်တွေ လွတ်အိတ်ထဲထည့်နေသော ဖိုးခွားနဲ့ ကျော်ဇေယျထံ မျက်နှာငယ်လေးနဲ့–

"ပိုင်းပြောပေးဦးလေ... အဆင်ပြေရင် မင်းတို့ကို မေ့မထားဘူး။ မင်းတို့အတွက်ပါ ငါ ဒကာခံမယ်"

ဖိုးခွားက ရယ်ချင်စိတ်နဲ့ မျက်ခုံးပင့်ရင်း ကျွန်တော့်ကို အချက်ပြသည်။

ကျွန်တော်က လွယ်အိတ်ကို အံဆွဲထဲ ထည့်ရင်း...

"ကောင်းပြီလေ... ငါ ဘာလုပ်ပေးရမှာလဲ"





ကျွန်တော့်အဖြေကြောင့် လင်းလင်းမျက်နှာ ဝင်းလက်သွားတယ်။ ပြီးတော့ အားရဝမ်းသာနှင့်...

"ပို့စကတ်"

"ပို့စကတ်..."

ကျွန်တော်ရယ် ကျွန်နှစ်ကောင်ရဲ့ တစ်ပြိုင်နက်ရေရွတ်သံကြောင့် ဒီကောင် လန့်ဖျပ်သွားတယ်။ ကျွန်တော် စိတ်ပျက်လက်ပျက်နဲ့ ခေါင်းယမ်းမှုကြောင့် လင်းလင်းက အထိတ်တလန့်နဲ့...

"ဘာဖြစ်ရပြန်တာလဲ၊ ခုန အကောင်းကြီးကနေ"

"မင်း နှင်းဆီအောင်ကို ပေးဖို့မဟုတ်လား လင်းလင်း"

ကျွန်တော့်ရဲ့ တုံ့ပြန်စကားအောက်မှ စကားစ,ဖို့ပြင်နေတဲ့ လင်းလင်းရဲ့နှုတ်ခမ်းတွေ ပြန်ပိတ်သွားစေခဲ့တယ်။

"ငါ့ဆီ ခဲသားနဲ့ခြစ်ထားတဲ့ ရုပ်ပုံလေးတွေရယ်၊ အထဲမှာ ကဗျာလိုလို ရည်းစားစာလိုလို ရေးခိုင်းပြီးတော့ ရည်းစားစာပေး။ ဘယ်သူလဲလို့မေး နှင်းဆီအောင်ပဲ... နှင်းဆီအောင် ဆိုတဲ့ အဲဒီကောင်မလေးကကော တော်တော်လှလို့လား"

"လှတာတော့ တော်တော်လှရယ် သူရှု အေး... မင်းနဲ့ မကြိုက်သေးဘူးလို့ ဒီစကားပြောတာ ဖြစ်မယ်"

ဖိုးခွားရဲ့စကားအပြီး မုန့်စားဆင်းရန် လှည့်ထွက်တော့ သူတို့ နောက်က ကပ်ပါလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"လှတာ မလှတာ ငါ စိတ်မဝင်စားဘူး။ ဒါပေမယ့် ငါ့ဆီစာလာရေးနိုင်းတဲ့ အယောက်(၁၀၀)မှာ (၁၀၁) ယောက်က သူ့နာမည်နဲ့ပဲ၊ ကိစ္စမရှိပါဘူးလေ၊ ငါ ဝင်ငွေဖြောင့်တာပေါ့"

ကျောင်းသူတစ်စု လှေကားက တက်လာတာမြင်တော့ ခဏရပ်စောင့်ပေးတယ်။ သူတို့အပေါ်ရောက်တော့မှ ဆင်းရင်း...

"စိတ်ချ လင်းလင်း... မနက်ဖြန် ကျောင်းမတက်ခင် 'လမ်းခွဲ'မှာ လက်ဖက်ရည် သောက်ထားလိုက်မယ်"

"အကောင်းဆုံး ရေးပေးပါ သူရဋ္ဌရာ၊ ငါ မင်းတို့ကို ရှယ်ပြုစုမယ်"

"ငါ့ကို ချေးမဆစ်နဲ့ လင်းလင်း"

ခပ်မာမာ တုံ့ပြန်မှုကြောင့် မျက်နှာငယ်လေးနဲ့ အေးပါကွာလို့ပြောပြီး လင်းလင်းက သူ့အတန်းဘက်ကို ထွက်သွားတယ်။

သူ ထွက်သွားတော့ သုံးယောက်သား တစ်ပြိုင်တည်း ရယ်မောမိတယ်။

ဘေးက ဖြတ်သွားတဲ့ ကောင်မလေးက သူ့ကို နောက်တယ်အထင်နဲ့ မျက်စောင်းထိုးတော့ ထပ်ရယ်ကြပြန်တယ်။ ရယ်သံဆုံးတော့ မုန့်စားဆောင်ဘက် ဆက်လျှောက်ကြရင်း ကိုယ့်အသံ တိုးတိုးလေး ရွတ်ဆိုသံကြောင့် ဘေးကနစ်ကောင်ခြေလှမ်းတွေ ရပ်တန့်သွားတယ်။





ပါးပါးလေးပါ... နလုံးသားက ကြားနိုင်သလောက်... ဒါပေမယ့် သူတို့ကြားတယ်။

"နှင်းဆီအောင်..."

စားရမယ့် အစားအသောက်တစ်ခုအတွက် ဒီအချိန်ဟာ ဝင့်ခံနေရဦးမယ်လို့ အမြဲစဉ်းစားမိသည်။

စားသောက်တန်းမှာ အသုတ်ဆိုင်တွေ ရှိသည့်အနက် ဒီဆိုင်ကအသုတ်စုံက နာမည်ကြီးသည်။ လက်တွေ ရှုပ်ယှက်ခတ်နေအောင်လည်း ရောင်းရသည်။ ကျွန်တော်တို့ အုပ်စုက ဘယ်တော့မှ ထမင်းချိုင့်မယူ။ ယူလည်း မုန့်စားမဆင်းခင် အမြဲကုန်တာများသည်။ ဒီဆိုင်က အသုတ်တစ်ပွဲစားပြီး ဘေးက အအေးတစ်ခွက်မှောလျှင် ကိစ္စပြီးစီးတတ်သည်။

အခုလည်းကြည့်... ရှေ့ကလူအုပ်ကြီးကိုကြည့်ပြီး စိတ်မာတ်ကကျချင်ချင်။ ဒါကို စိတ်မရှည်ဂ..ဲ့တူပါတယ်။ ဖိုးခွားက ကျွန်တော့် လက်ထဲက ပိုက်ဆံကို ဆွဲယူရင်း လူအုပ်ထဲသို့ တိုးဝင်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်လည်း သူ့နောက်က ကပ်ပါသွားရင်း သူ့အရိပ်အခြည်ကို ကြည့်သည်။ ရှောင်းသူ့ရဲ့ ဇယ်ဆက်သလို ရှပ်ယှက်ခတ်နေတဲ့ပန်းကန်တွေကို သူ အလိုက်သင့်ခွဲယူရင်း ပိုက်ဆံကို ထိုးပေးသည်။

ပြီးတော့ ကျွန်တော့်ကို အသုတ်ပန်းကန် နှစ်ပန်းကန် လှမ်းပေးကာ သူလည်း တစ်ပွဲသယ်လာသည်။

လူအုပ်ထဲမှ ကျွန်တော်တို့တိုးထွက်ရင်း အပြင်မှာစောင့်နေတဲ့ ကျော်ဇေယျထံ ပန်းကန်ကိုလှမ်းအပေးမှာ တိုးဝင်လာတဲ့ အရိပ်ကြောင့် အချိန်မီ ရှောင်ပေမယ့်...

"ဟာ..."

"ခလွမ်..."

ရုတ်တရက်အဖြစ်အပျက် မြန်ဆန်မှုအောက်မှာ စွန်းထင်းသွားသော အင်္ကျီအဖြူပေါ်မှာ အချဉ်ရည် နီနီအကွက်... ပြီးတော့ ဒေါသနဲ့ စွန်းထင်းနေတဲ့ မျက်နှာနဲ့အတူ သူမရဲ့ လက်ကို ကျွန်တော့်ဆီဖြတ်အရိုက်။ ကျွန်တော် သူမ လက်ဖဝါးကို လေထဲမှာလှမ်းဖမ်း ထိန်းသိမ်းရင်း ပုတ်ထုတ်လိုက်သည်။

"ဒါ မတော်တဆ တစ်ခုပဲလေ... နင် လက်ပါဖို့ မကြိုးစားနဲ့"

အလစ်အငိုက် တိုက်ခိုက်ခံလိုက်ရသလို သူမ မျက်ဝန်းမှာ ဒေါသတွေ ဆာလောင်နေ၏။ ဝိုင်းကြည့်နေကြသော





ကျောင်းသားတို့ရဲ့အလယ်မှာ သူမရဲ့အရှက်ရမှုကို ကိုယ်ကပဲ ဖန်တီးလိုက်သလို။

"သိပ်ယုတ်မာတဲ့ကောင်... တောက်"

သူမရဲ့သူငယ်ချင်းက သူမကို ဆွဲခေါ်သွားတော့ ပြန်ဆုံတွေ့ခြင်းဟာ မလှပခဲ့တဲ့ဆုံမှတ်အဖြစ် ကံကြမ္မာကိုယ်ပဲ အပြစ်တင်ချင်သည်။ ကျကွဲသွားတဲ့ပန်းကန်ကို စုသိမ်းရင်း အမှိုက်ပုံထဲ ပစ်ထည့်လိုက်သည်။

"အဲဒါ နှင်းဆီအောင်လေ... သူရဇ္ဇ"

ဖိုးခွားရဲ့စကားကို သတိမပြုသလိုနေရင်း–

"မင်းတို့မှာ ဘယ်လောက်ကျန်သေးလဲ"

"ဘာလုပ်မလို့လဲ"

ဖိုးခွား မျက်မှောင်ကြုတ်ရင်း မေးခွန်းထုတ်တော့–

"ဟ... ဘာလုပ်ရမှာလဲ၊ ပန်းကန်ဖိုး လျော်ရဦးမယ်လေ..."

"ဒုက္ခပဲ... အခန်းထဲမှာ စာအုပ်ဖိုးပေးလိုက်ပြီကွ"

"ငါလည်း ဒီနေ့ပိုက်ဆံပြတ်နေလို့ မင်းကို မုန့်ကျွေးနိုင်းရတာပဲ သူရဇ္ဇရာ"

ဒီကောင်တွေရဲ့ တုံ့ပြန်စကားကို နားထောင်ရင်း–

"မထူးပါဘူး... မနက်ဖြန်ကျောင်းလာမှပဲ လျော်ပေးဖို့ ဆိုင်ရှင်ကို ငါ သွားပြောမယ်"



www.burmeseclassic.com

www.burmeseclassic.com



မသိမသာ ငုံ့စောင်း ကြည့်နေသော အသုတ်ဆိုင်က အစ်မကြီးထံသွားဖို့အပြင်မှာ သောနားက ကျောင်းသူတစ်ယောက်က လှမ်းမြင်ရတဲ့ ကော်ရစ်တာအပေါ်ကို လက်ညှိုးညွှန်ပြပြီး…

"ဟော့… နင့်ကို ဆရာမ လှမ်းခေါ်နေတယ်"

အပေါ်ကိုမော့ကြည့်တော့ အတန်းပိုင်ဆရာမဖြစ်နေတာကြောင့် မင်းတို့ခဏနေခဲ့လို့ဆိုပြီး အပေါ်ထပ်ကို တက်ခဲ့တယ်။ ဆရာမရှေ့သို့ရောက်တော့ ဆရာမက ပြုံးပြရင်း…

"သား… ဆရာမအားလုံးမြင်တယ်၊ ရော့… ကွဲသွားတဲ့ ပန်းကန်ဖိုး သွားပေးလိုက်"

ကျွန်တော် အံ့ဩသွားသလို ဆရာမကို မော့ကြည့်တော့ အစဉ်အမြဲပြုံးနေတတ်တဲ့ ဆရာမရဲ့ နူးညံ့မှု၊ ငြိမ်းချမ်းမှုတွေနဲ့ အတူ…

"ကျွန်တော်…"

"ဆက်မပြောနဲ့တော့သား… ဆရာမ စကားကို အမြဲနားထောင်မယ်ဆို"

ဆရာမက လက်ထဲကို ပိုက်ဆံထိုးပေးတော့ လက်ခံယူရင်း ဆရာမကို အရိုအသေပေးကာ လှည့်ထွက်ခဲ့၏။ (မေမေ…) အို…ငြိမ်းချမ်းနိုင်ခြင်းက ရင်ကိုပွဲတင်ထပ်စေ၏။

ဆရာမကိုတွေ့တိုင်း မေမေ့ကို အစဉ်အမြဲသတိရမိ၏။ ဆရာမနဲ့မေမေက အရမ်းချစ်တဲ့ သူငယ်ချင်းတွေလို့ ဖေဖေက





အမြဲပြောဖူးသည်။ ဖေဖေက မေစန်းလို့ခေါ်တတ်တဲ့ ဆရာမဟာ ဖေဖေလည်း မေမေနဲ့ပတ်သက်ပြီး သူငယ်ချင်းတွေ ဖြစ်ခဲ့ရပါတယ်။

မေမေဆုံးတဲ့နေ့က ဆရာမ ရောက်လာသည်။ မေမေ မဆုံးခင် မေမေ့လက်ဖဝါးကို ကိုင်တာ မေမေ့ကို ကိုယ်တိုင်ပြုစု စကားတွေ ပြောကြတယ်တဲ့။ ဆရာမရဲ့ခင်ပွန်း လေးလေးအောင်လည်း ဆရာမလို နူးညံ့သိမ်မွေ့ပြီး ကျွန်တော့်ကိုလည်း တူသားတစ်ယောက်လို ချစ်ပါသည်။ တစ်ခါတစ်ရံ ကျောင်းသို့ ဆရာမကို သူ့ကားလေးနဲ့လာကြိုရင်း ကျွန်တော့်ကို စာအုပ်တွေ၊ လိုအပ်တဲ့ ပစ္စည်းတွေ ဝယ်လာတတ်ပါတယ်။ (၈)တန်းအောင်လို့ ကျောင်းပြောင်းလာသော ကျွန်တော့်ကို ဆရာမက ကျောင်းအပ်တာကအစ စာအုပ်ဖိုးတွေ၊ နောက်ဆုံး သူ့အတန်းမှာပဲ ထားခဲ့သည်။ ဖေဖေက ကျောင်းအပ်တဲ့ငွေကို အတင်းပေးတော့ ဆရာမက မျက်ရည်ဝဲ့ရင်း ဖေဖေ့ကို ဒေါသတကြီး ပြောခဲ့သည်။

"ဒီမှာ အောင်နိုင်… သားကို ကျောင်းအပ်တာလောက်နဲ့ ငါတို့လင်မယား မွဲမသွားနိုင်ပါဘူး။ ဝေဝေဟာ နင့်မိန်းမဖြစ်သလို ငါ့သူငယ်ချင်း အရင်းကြီးပါဟာ၊ အေး… ဒီလိုပဲ၊ ဝေဝေ့သားဟာ ငါ့သားပဲ ဆိုတာ နင် သဘောပေါက်ထားဖို့ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကို ကျွန်တော်ချစ်သည်။ ဆရာမကို ကျွန်တော် နှုတ်ကျိုးနေကျ အမေစန်း ဒါမှမဟုတ် မေစန်းလို့ ခေါ်တော့ ကျွန်တော့်သူငယ်ချင်းတွေက မေးမြန်းဖူးသည်။ ကျွန်တော် အကြောင်းစုံ ပြောပြတော့ ဆရာမနဲ့ ကျွန်တော်နဲ့ ပတ်သက်သမျှကို သူတို့ သိကြပါထယ်။

ဆရာမအကြောင်းတွေ စဉ်းစားလာရင်းနဲ့ အောက်ရောက်တော့ ဆိုင်ရှင်ထံ ပိုက်ဆံပေးတော့ ဆိုင်ရှင်ကမယူ အတင်းပြန်ပေးသည်။ ဒါကြောင့် အတန်းတက်မှ ဆရာမထံ ပြန်ပေးမည်ဟု ဆုံးဖြတ်လိုက်သည်။





**အပြာရောင်သီချင်းနဲ့**
**နှင်းတွေ စိမ့်ဆင်းနေသောတယ်**
**ငါ့ရင်ခုန်သံကို တေးလိုဆိုရင်း...**
**အရုဏ်မလင်းခင် မင်းကိုတွေ့ချင်တယ်။**

(...Z...)



www.burmeseclassic.com

www.burmeseclassic.com



# အခန်း - ၃

မနက်ခင်းရဲ့နှင်းတွေဟာ ပုံပြင်ဆန်လိုက်တာ။ သစ်ပင်တွေရဲ့ စိမ်းလန်းမှုတွေကို နှင်းငွေ့နဲ့ ကိုယ်ရောင် ဖျောက်ထားချင်ပုံရတယ်။

မင်းလျှောက်လာမယ့် ခြေချရာနေရာတိုင်းမှာ နှင်းတွေရဲ့ အရိပ်က ဦးညွှတ်စွာ ကြိုဆိုလိမ့်မယ်။ ကောင်မလေး (သေချာကြည့်ထားပါ) မင်းနှစ်သက်တဲ့ အပြာရောင် ကျောပိုးအိတ်လေးမှာ တိတ်တဆိတ် အေးချမ်းခြင်းတွေ ကပ်ပါလာမယ်။ ထုတ်မပစ်လိုက်ပါနဲ့ မိဿ...

ရှင်းလင်းတဲ့ ကျောင်းတံခါးဝမှာ ဆောင်းမနက်ခင်းတစ်ခုကို ငါ လွှမ်းလွှမ်းဆွတ်ဆွတ်ငေးကြည့်နေတယ်။ အချမ်းဒဏ်ကို ငါ ကြောက်ပေမယ့် ငါ ဆောင်းကိုချစ်တယ် မိဿ...





နှင်းတွေကျလာချိန်ကို မျှော်လင့်သလို မင်းခြေသံတွေကို (နောင်ကာလမှာ) ငါ မျှော်လင့်လာတတ်တော့တာ ငါ ဝန်ခံပါတယ်။ အဲဒီတစ်နေ့ တိုက်တိုက်ဆိုင်ဆိုင် နှင် ငါ့လိုပဲ စောစောရောက်လာတယ်။ ငါ ကြားဖူးတဲ့ မင်းအကြောင်းမှာ...

တစ်ပတ်မှာ ငါးရက် မင်းစီးနေကျ ဖိနပ်အရောင်ငါးမျိုးနဲ့ လိုက်ဖက်စွာ မင်းအိမ်ကကားကို အရောင်ပြောင်းစီးတတ်တဲ့ (မင်းနှလုံးသားကော) ငါနဲ့မင်း ဆုံတဲ့နေ့က အပြာရောင်ကျောပိုးအိတ် အဖြူရောင်ဖိနပ်နဲ့ ကားဖြူလေးတစ်စီးနဲ့ မင်းကို လာပို့တယ်။

အဲဒီနေ့က နှင်းမှုန်တွေကြိုထားလို့ လောကဟာ ခပ်ဝါးဝါးအဖြစ် မြင်ခွင့်ရတာ နှင် သတိထားမိပါ့မလား... မင်းခြေသံကို လက်ခံပေးဖို့ ငါ့နှလုံးသား အဆင်သင့်ပါပဲ။ (တကယ်တော့ အလွမ်းဆိုတာ အချမ်းဒဏ်လိုပါပဲဆို။) လူခြေ တိတ်ဆိတ်တဲ့ ကျောင်းဝန်းတစ်ခုလုံးမှာ မင်းရယ် ငါရယ် တစ်ယောက်စနှစ်ယောက်စ လူရိပ်တချို့ရယ် တစိမ်းဆန်ခြင်းတွေရယ် အတူရှိကြတယ်ဆိုတာ မင်း မငြင်းပါနဲ့နော်...။

ငါက အဝင်ဝ ကျောင်းတံခါးမှာ ကျောမှီရင်း ဝေလီဝေလင်း နှင်းတွေကို စောင့်ကြည့်တယ်။

ငါနဲ့မလှမ်းမကမ်း ခန်းမရဲ့ရှေ့ အင်ကြင်းပင်အောက်က ခုံပိုင်းလေးမှာ မင်းဝင်ထိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



မင်းနဲ့ငါကြားမှာ တစ်စုံတစ်ခု ဆက်သွယ်သလို ခံစားရတယ် မိဆူး... ဒါ ခါးသီးခြင်းလား၊ အကြင်နာလား။

တစ်စုံတစ်ခုတော့ သိပ်သေချာပါတယ်လေ။ (အဲဒီမျက်ဝန်းအကြည့်တွေဟာ နောင်ကာလ အတိတ်ဆိုတာ အတွက် အရေးကြီးဆုံးလည်းဖြစ်မှာပေါ့) ရီးဝေမာတဲ့ အင်ကြင်းတစ်ပွင့် မင်းအပေါ် ပြုတ်ကျလာတယ်။ လှည့်ပတ် ဆော့ကစားရင်း ငါ့ဘက်ကို တစ်ချက် ဝင့်ကြည့်တယ်။

သေချာတဲ့တွေ့ကြုံမှုအတွက် ဒုတိယမြောက်ဆုံတွေ့ခြင်းဟာ အချိုးကျတဲ့ ရင်ခုန်သံပါဖို့ ကျိန်းသေရဲ့လား။ အပြာရောင်ငြိမ်းချမ်းတဲ့ မျက်ဝန်းတွေကို အမုန်းအာဃာတမရှိဘဲ ဆောင်းမနက်မှာ ငါ ဆုံခွင့်ရခဲ့မယ်လို့ မထင်မိဘူး။ မထင်ရဲဘူးလေ...

တကယ်ကို မေ့မရပါဘူး မိဆူး...သိပ့်မလားဟင်...။

နင်နဲ့ပတ်သက်သမျှ အစပိုင်းဆုံတွေ့ခြင်းဟာ နာကြင်ခြင်းနဲ့ တောက်ပခွင့်ရတဲ့ဆုံတွေ့မှုပါ သူရဲ့။





ငါ့အကျီမှာစွန်းထင်းတဲ့ အစွန်းကွက်လိုပဲ စိတ်မှာ ထာဝရ တည်ရှိစွဲမြဲနေမှာ အမှန်ပါပဲလေ။

ဒါဟာ အမှတ်တရတွေလား သူရဲ့... လွန်ခဲ့တဲ့ရက်တွေ လတွေက မေမေ့အတွက် ဝမ်းနည်းခဲ့ရတဲ့ ခံစားချက် သေဆုံးခြင်းကို ရှင်သန်အောင် လုပ်ပေးနိုင်တယ်လို့ နင့်ကို ငါယုံကြည်မိခဲ့တယ်။ အမှန်အတိုင်း ပြောရရင် နင့်ကို စိတ်ဝင်စားတယ်၊ နင့်ကို မုန်းတယ်၊ စိတ်ကို အစွန်းနစ်ဖက် ရောက်အောင် နင်ဘာလို့ ဆွဲဆောင်နိုင်ရတာလဲဟင်... (နင်ဟာ ငါ့ရဲ့ အဆိပ်မြားလေးတစ်စင်းပါ)။ မသိခင် မမြင်ခင်ကတည်းက နင့်သတင်းတွေ ကြားကြားနေရတယ်။

ငါ့အလုကို ငါယုံတယ် သူရဲ့... အဲဒီအတွက် ငါ့ရဲ့ သားကောင်တိုင်းဟာ ငါ့ခြေရင်းကို ရောက်ကြရတာ မဆန်းပါဘူး။ ဒါပေမယ့် (နင် မပါဘူး) ခဲပန်းချီနဲ့ ပို့စကတ်လေးတွေ ငါ့ဆီ ရောက်လာတယ်၊ အထဲက ကဗျာနဲ့ ရုပ်ပုံလေးတွေက လှဘယ်လိုပြောင်းပြောင်း လက်ရေးကတော့ တစ်မျိုးတည်းပဲလေ။ ပြီးတော့ ကတ်ပြားရဲ့ထောင့်မှာ (Z) ဇက် ဆိုတဲ့ တံဆိပ်လေး အမြဲပါတယ်။ ပို့စကတ်လေးတွေကို ချစ်ခဲ့ပေမယ့် နင့်ကို ငါ မုန်းတယ် သူရဲ့။

နင်တို့အခန်းနဲ့ ငါတို့အခန်းက ဆန့်ကျင်ဘက် အစွန်ပွာယ်တွေနဲ့နော်...



www.burmeseclassic.com

www.burmeseclassic.com



စာတော်တဲ့ကျောင်းသားတွေ ပိုက်ဆံချမ်းသာသူတွေက ငါတို့အခန်းမှာ ပြိုင်ဆိုင်မှုတွေ၊ မာနတွေ၊ မောက်မာမှုတွေနဲ့ အရောင်တောက်နေတဲ့ ငါတို့အခန်း။ ပြီးတော့ ငါတို့အခန်းနဲ့ ကပ်လျက်မှာ ဆိုးသွမ်းသူတွေထားရှိရာ နင်တို့အခန်း။ နင်တို့ အတန်းပိုင်ဆရာမက ငါ သိပ်ချစ်တဲ့ ဆရာမ မေစန်း ဖြစ်နေတာရယ်၊ ဆရာမက သင်္ချာအသင်အပြမှာ နာမည်ရတာရယ်... ဆိုးသွမ်းသူတောင် ငြိမ်သက်သွားနိုင်တဲ့ အပြုံးကို ဆရာမ ပိုင်ဆိုင်တယ်။ ပြီးတော့ နင်က အနုပညာ ဝါသနာပါတယ်နဲ့ တူတယ်... ကျောင်းက အခမ်းအနားမှန်သမျှ နင် စီမံရတယ်။ ဆုပေးပွဲ အခမ်းအနားတွေမှာ နင်၊ ပန်းချီနဲ့ ဓာတ်ပုံပညာမှာ နင်တူးချွန်သလို ကဗျာတွေလည်း အရေးကောင်းတယ်။ ဒါပေမယ့် (ပညာရေးဘက်မှာ နင် သာမန်ပါပဲ)။

မနှစ်က ပညာသင်နှစ်ဆုပေးပွဲကို နင် တက်ရောက်တော့ ငါ အံ့ဩသွားတယ်လေ။ ပြီးတော့ နင့်ကို ငါ တကယ်တမ်း ဝန်ခံရရင် အထင်မကြီးဘူး။ (နောင်မှသိခဲ့ရတာ နင် ဓာတ်ပုံ ရိုက်ပေးဖို့ ဆရာမကြီး ခေါ်ထားတာဆိုတာ ငါ သိရတယ်။)

အဲဒီနေ့က...





သူ့ကို ပြင်ပဝတ်စုံနဲ့မြင်ဖူးတာ ဒါပထမဦးဆုံးလို့ ကျွန်မ ထင်တယ်လေ။

အဖြူရောင်ပေါ် အနက်ရောင်...ွမ်းရိုးစင်း ရှပ်လက်ရှည် ကို တံတောင်ဆစ်အထိခေါက်ထားပြီး အောက်က ကချင်ကွက် ကို ဝတ်ဆင်ထားတော့ ကြည့်ကောင်းတာကို ကျွန်မ မညာချင်။

လယ်သာအိတ်ကို ဘေးတစ်ခြမ်းလွယ်ထားရင်း ကျွန်မ တို့ အတန်းပိုင်နဲ့ စကားလက်ဆုံ ကျနေသည်။ ကျွန်မတို့ အတန်းပိုင် ဆရာမ ဒေါ်နှင်းဝေဦးက သူတို့ရဲ့အနုပညာအသင်း ဆရာမလည်း ဖြစ်တာကြောင့် ဆရာမနဲ့သူက စကားလက်ဆုံ ကျနေခဲ့တယ်... ကျွန်မ အမြဲထိုင်နေကျ အင်ကြင်းပင်ရဲ့ မလှမ်းမကမ်းမှာပေါ့... အရောင်ရင့်ရင့် အင်ကြင်းကြွေတစ်ပွင့်ရဲ့ အညှာကို ဆော့ကစားမိရင်း သူ့ဆီ တစ်ချက်ခိုးကြည့်မိသည်။ ဆရာမက ရယ်မောရင်း သူ့ခေါင်းကိုတစ်ချက်ပုတ်ပြီး နှုတ်ဆက် ကာ ကျွန်မဆီ လျှောက်လာတော့ ကျွန်မက ထိုင်နေရာမှထကာ ဆရာမကို ပြုံးပြရင်း အရိုအသေ ပြုမိသည်။

"သမီး... တစ်ယောက်တည်းလား"

"ဟုတ်ကဲ့... ဆရာမ၊ ဒယ်ဒီ ကုမ္ပဏီအစည်းအဝေး ရှိလို့ သမီးဘာသာ လာခဲ့တာ"

ဆရာမက ကျွန်မရဲ့ ဆံပင်ဖျားတွေကို တစ်ချက်သပ် ပေးကာ...



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ဆရာမ သွားမယ်၊ အစီအစဉ်မစခင် သမီး ကြို့ဝင်ပြီး စာရင်းပေးထားဦး၊ ဆရာမက အခမ်းအနားမှူးလုပ်ရဦးမှာဆိုတော့ ကြိုပြီး စီစဉ်စရာရှိတာ စီစဉ်ရဦးမယ်လေ"

ဆရာမ ထွက်သွားတော့ ကျွန်မ ခုံတန်းတွေပေါ်ပြန်ထိုင်လိုက်ပါတယ်။ ပြီးတော့ ကြွေကျလာတဲ့ ခရမ်းပြာပန်းတစ်ပွင့်ကို အညှာမှ လှည့်လည် ဆော့ကစားရင်း ပွင့်ဖတ်လေးတွေကို လက်ဖျားနဲ့ တို့ကြည့်မိတယ်။ ပြီးတော့ မျက်ဝန်းကို အသာမှိတ်ရင်း ပွင့်ဖတ်တွေကို ခပ်မျှင်းမျှင်းလေး ရှိုက်နမ်းမိစဉ်...

မျက်ဝန်းကို ပိတ်ထားပေမယ့် တစ်စုံတစ်ယောက်ရဲ့ စူးစိုက်အကြည့်နဲ့ ထိတွေ့သလိုခံစားရတယ်။ ကျွန်မက မသက်မသာစိတ်နဲ့ သူ့ဘက်လှည့်ကြည့်တော့ သူက ကျွန်မရဲ့ ခပ်လှမ်းလှမ်း ပင်စည်ဖြတ်ပိုင်းတစ်ခုပေါ်မှာ ထိုင်ရင်း အင်ကြင်းပွင့်တွေကို ကင်မရာနဲ့ ချိန်ရွယ် စမ်းသပ်နေတယ်။

ကင်မရာကို မျက်ဝန်းက သူ ဖယ်ရှားပြီး ကျွန်မထံ တည့်တည့်စိုက်ကြည့်တယ်။ ပြီးတော့ ကျွန်မ သိပ်ကိုမုန်းတဲ့ အပြုံးတစ်ခုနဲ့...





နောက်တစ်ကြိမ် ထိပ်တိုက် တွေ့ဆုံမှုဟာ ခင်နှင်းနဲ့ ပတ်သက်သည့် ထင်ပါတယ်။ သူ့အပေါင်းအသင်း ကျော်ဇေယျက ခင်နှင်းနဲ့ ပတ်သက်ချင် သည်။ ကျွန်မတို့အတန်းထဲက စိုးမင်းနိုင်မှတစ်ဆင့် ခင်နှင်းထံ စာအုပ် တောင်းကတည်းက ကျွန်မရိပ်မိတာပေါ့။

မုန့်စားဆင်းချိန် ကော်ရစ်တာမှာ ပုံမှန် အမြဲတွေ့နေရတဲ့ သူတို့အဖွဲ့တွေ... ကျော်ဇေယျနဲ့ ခင်နှင်းတို့ရဲ့ အပြန်အလှန် အကြည့်တွေကို မြင်ကတည်းက ကျွန်မ ခင်နှင်းကို တားသည်။ ခင်နှင်းနှင့် ကျွန်မက ငယ်ပေါင်းတွေဆိုတော့ ခင်နှင်းက ကျွန်မကို မလှန်ရဲတာအမှန်။

ကျွန်မတို့နှစ်ယောက် မုန့်စားဆင်းပြီး အတန်းကိုလာတော့ ကျွန်မတို့ အတန်းအဝင်အဝမှ ကျော်ဇေယျနှင့် နောက်တစ်ယောက် ရပ်စောင့်နေသည်။ ကျော်ဇေယျရဲ့ မရိုးမသား အမူအရာကြောင့် ကျွန်မ သူ့လက်ထဲကစာအုပ်ကို သိပ်မသက်သာချင်... အနားရောက်တော့ စိုးရိမ်မှုနဲ့ အစီအစဉ် မပျက်အောင် ထိန်းထားချင်ပေမယ့် သူ့အသံက...

"ခင်နှင်းကို... တို့..."

ပြတ်တောက်သွားသော စကားသံနှင့် ရှေ့ဆက်လို့မရဘဲ ခေါင်းကုတ်ကာ အားတင်းရင်း...

"ငှားထားတဲ့စာအုပ် ပြန်လာပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com



ခင်နှင်းကို အပေးမှာ ကျွန်မက ကြားက စာအုပ်ကို ဖြတ်လုယူလိုက်သည်။

အံ့သြဟန်နဲ့ ကျော်ဇေယျက…

"ဒါ ဘာလုပ်တာလဲ နှင်းဆီအောင်…"

ကျွန်မရဲ့ နှုတ်ခမ်းဖျားမှာ လှောင်ပြုံးတစ်ခု တောက်ပသွားမှာပါ။

"နင်တို့အကြံ ဒါအကုန်ပဲလား ကျော်ဇေယျ။ နင်တို့ရဲ့ ဇာတ်ဆရာကြီးကို ပြောလိုက်ပါ၊ နင်တို့ ပြဿနာကို ဆရာမကြီးဆီမှာလာရှင်းလို့…"

ကျွန်မက စာအုပ်ကြားထဲက မသက်ာစရာ ဖြစ်နိုင်မယ့် စာရွက်ကိုရှာတယ်။ မတွေ့…နောက် စာမျက်နှာတွေကို ခါချလည်း ကျမလာ… ထိုစဉ်…

ကိုယ့်ဆီကစာအုပ်ကို လုယူခံလိုက်ရတယ်။ မထင်မှတ်ဘဲ လုယူခံရမှုကြောင့် ကျွန်မ ဒေါသနဲ့ မော့အကြည့်…

"ဟင်…"

ဘယ်အချိန်က ဘယ်လို ရောက်လာမှန်းမသိတဲ့ သူ…

သူကတော့ မထီလေးစားဟန်နဲ့ ဂျစ်ကန်ကန် မျက်ဝန်းများက မဖျောက်။ ပြီးတော့ စာအုပ်အလယ်ကို လှန်လှောရင်း အလယ်ကလစ်မှာ ညှပ်ထားတဲ့ စာရွက်ခေါက်သေးသေးကို ဆတ်ခနဲ ဆွဲဖြုတ်ပြီး စာအုပ်ကို ကျွန်မ မျက်နှာဆီ ပစ်ပေးသည်။

**ရွှေသမင်စာပေ**



ကျွန်မ အလန့်တကြားနဲ့ မနည်းဖမ်းယူရသည်။ နောက် စိန့်ခေါ်မှု တစ်ရပ်အနေနဲ့ လှောင်ပြုံးတစ်ခုကို နှုတ်ခမ်းမှာ ချိတ်ရင်း…

"မင်း… လိုသေးတယ် နှင်းဆီအောင်"

စကားအဆုံးမှာ ကျွန်မအနားမှ သူတို့ ထွက်ခွာသွားသည်အထိ ကျွန်မ အံ့သြခြင်း။ ရှက်စိတ်နဲ့အတူ စာခြောက်ရုပ်တုတစ်ခုအလား ငြိမ်သက်လျက်… ခင်နှင်းက လက်ကို ဆုပ်အကိုင်မှာ ကျွန်မ သတိပြန်ဝင်လာခဲ့တယ်။ ဘေးဘီကို လှည့်ကြည့်တော့ အထိနာ ကျဆုံးခန်းအတွက် ငေးကြည့်နေသော ကျောင်းသားတချို့… ဒါ နှင်းဆီအောင်ရဲ့ ကျဆုံးခန်းတဲ့လား… ဟင့်အင်း… ဘယ်တော့မှ မဖြစ်စေရဘူး… သူရဇ္ဇ…

(နင့်ကို ငါ မကျေနပ်ဘူး သူရဇ္ဇ… နင့်နဲ့ငါ မဆုံးတဲ့အထိ မသေချာတဲ့ပြိုင်ပွဲကို ဆင်နွှဲကြရအောင်… ငါ ကတိပေးပါတယ်၊ ငါ့ရင်မှာ ထိခဲ့တဲ့ ဆူးအတိုင်း အဆိပ်တွေ နင့်ကို ဖူးနှံ့စေရမှာပေါ့ သူရဇ္ဇရယ်…)

**ရွှေသမင်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



တစ်နှစ်တာကာလ ပြီးဆုံးသည်အထိ ဒီလိုအသေးအမွှား ပဋိပက္ခတွေနဲ့ ကျွန်မနဲ့ သူရဲ့ ဇာတ်လမ်းဟာ ဆုံးခန်းတိုင်ခဲ့ပါတယ်။ (၁၀)တန်းရောက်လို့ ကျောင်းတွေ ပြန်အဖွင့်မှာတော့ သူပြောတဲ့ ကြီးကျယ်ခမ်းနားခြင်းတွေနဲ့ အသားကျခဲ့တဲ့ ကျွန်မဘဝဟာ အပြောင်းအလဲ မရှိခဲ့ပါ။

ဒါပေမယ့် သူကတော့ ရှန်းရင်းဆန်ခတ် ပြောင်းလဲခံလိုက်ရတယ်... ရင်းနှီးခြင်း တစ်ခုတလေအတွက် ကြမ္မာဇာတ်ဆရာရဲ့ ဆုံတွေ့ရာ ဖိတ်ခေါ်မှုအောက်မှာ သူနဲ့ကျွန်မ တစ်ခန်းထဲမှာ အတူဆုံဖြစ်တယ်... ကျရောက်မယ့်အခန်းက ဆရာဦးခင်ထွန်းတဲ့... ကျွန်မ တော်တော်လန့်သွားတယ်။ ကျွန်မတို့ထက် နှစ်စောတဲ့ အတန်းကြီးသမားတွေကတောင် ကြောက်ကြရတဲ့ဆရာ။ စည်းကမ်းတင်းကျပ်သည်။ စေတနာ ကောင်းသည်။ (ဒါပေမယ့် အဲဒါတွေကြောင့် ဆရာက ဆင်းရဲနွမ်းပါးခြင်းလား မသိ။) ကျွန်မက...

"အဲဒီအခန်းဆိုရင် သမီး ကြောက်တယ် ဒယ်ဒီ" လို့ ပြောတော့...

"ဒယ်ဒီက အခန်းပြောင်းပေးရမလား"

မေးတော့ ကျွန်မက ခေါင်းမာစွာ လက်မခံချင်။

ကျောင်းစတက်တဲ့နေ့မှ ကျွန်မ ကျောင်းအပ်ဖြစ်သည်။ တစ်ယောက်တည်း အခန်းကိုအရင်မသွားဘဲ ဆရာမအခန်းဆီ





ဦးတည်လာကာ ကျောင်းအပ်ရန် စာအုပ်ဖိုးပေးချေရန် ရုံးခန်းထဲ ဝင်ခဲ့၏။

ဆရာစားပွဲမှာ တစ်ယောက်ယောက် ပုံစံဖြည့်နေတာ တွေ့ရသည်။ ကျောင်းစာရေး ဖြစ်မည်အထင်ဖြင့် ကျွန်မက ခေါင်းငုံ့ရပ်နေတော့ အဲဒီပုဂ္ဂိုလ်က ခုံမှာဝင်ထိုင်ဖို့ လက်ဖြင့် အချက်ပြတာကြောင့် ကျွန်မ ဝင်ထိုင်လိုက်တယ်။ ကျွန်မက ခေါင်းငုံ့ရင်း အတန်ကြာအောင် စောင့်ရတာကျတာကြောင့် ခေါင်းမော့ကြည့်တော့...

"ဟင်..."

အံ့ဩခြင်းနဲ့အတူ ရင်ထဲကို တစ်ခုခု ရှပ်ပြေးသွားသလို ခံစားလိုက်ရတယ်။ စူးရှတဲ့ သူ့ရဲ့အကြည့်ကြောင့်လည်း ရင်ဖိုသွားတယ်။

ဓားတစ်စင်း တမြမြသွေးတတ်တဲ့ သူ့ရဲ့ မျက်ဝန်းမှာ နူးညံ့ခြင်းဟာ တကယ်ခဏကလေး... ပြီးတော့ ပျောက်ကွယ်သွားတယ်။ (ဒါဟာ ငါ့အထင်လည်း ဖြစ်မယ်) ဒါမှမဟုတ် ရူးသွပ်စွာ ယုံကြည်မိတာလည်း ဖြစ်မယ်ထင်တယ်နော် သူရဲ့...

တစ်ဦးနဲ့တစ်ဦး စောင်းငဲ့ကြည့်မှုတွေအောက်မှာ အရာရာဟာ ပုံမှန်အတိုင်း ပြန်လည်အေးစက်သွားတယ်။ မာနတွေဟာ နာရီလက်တံတွေလို ပြန်လည် လှုပ်ရှားလာပြန်တာပေါ့...

"ကျောင်းအပ်ဖို့လား"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ခပ်ဆတ်ဆတ် ခေါင်းညိတ်ပြတော့ သူက ဖောင်တစ်စုံပေးတယ်။ ပြီးတော့ စာအုပ်ပိုးငွေကို တွက်ချက်ရင်း စာရင်းစာရွက်ကိုပြတယ်။ ကျွန်မက လွယ်အိတ်ထဲက ငွေစက္ကူ အရွက်ကြီးတချို့ကို ဆွဲထုတ်ပြီး သူ့ရှေ့ချတော့ သူက မျက်မှောင်ကြုတ်ရင်း...

"အကြွေပေးပါ"

"ငါ့မှာမရှိဘူး"

တုံ့ပြန် ပြောဆိုမှုကြောင့် သူက နှုတ်ခမ်း တွန့်ကွေးသွားရင်း...

"မရှိရင် နင် သွားအမ်း၊ ငါ့မှာ ပြန်အမ်းစရာမရှိဘူး"

"ဘာလို့ သွားအမ်းရမှာလဲ"

တစ်ယောက်တစ်ခွန်းနဲ့ အချေအတင် ပြောနေတုန်းမှာ ဆရာ ဝင်လာတယ်။ ဘာတွေဖြစ်နေတာလဲ မေးတော့ သူက အဖြစ်မှန်ကို ပြောပါတယ်။ ဆရာက လိုအပ်တဲ့ အကြွေကို ထုတ်ပေးမှ ပြဿနာရှင်းသွား၏။

ရင်ထဲမှာ ဟာစ်ခုခုဝင်နေသလို မတင်မကျစိတ်နဲ့ ရင်ထဲမှာ အမျက်တစ်ခုကို သော့ခတ်သိမ်းလိုက်သလို ရင်မှာ ခံရခက်နေတယ်။ အခန်းထဲရောက်တော့ စိတ်ပျက်လက်ပျက်နဲ့ ထိုင်စရာရှာတော့ မထင်မှတ်ဘဲ ခင်နှင်းကိုတွေ့တော့ ဝမ်းသာသွားတယ်။ ခင်နှင်းက ကြိုသိနေသည့်အလား သူ့ဘေးမှထိုင်ခုံကို ညွှန်ပြ၏။





သူမရဲ့ မကျေနပ်ချက်တွေကို ခင်နှင်းကို ပြောတော့ ခင်နှင်းက ရယ်နေတယ်။

နောက် မကြာမီ သူ အခန်းထဲဝင်လာတယ်။ ပြီးတော့ သူနဲ့အမြဲတွေ့ရတတ်တဲ့ ကျော်ဇေယျတို့ဘေးမှာ သွားဝင်ထိုင်တယ်။

ရုပ်လက်တိုအဖြူနဲ့ ကျောင်းစိမ်းအညိုကို အချိုးကျနစွာ ဝတ်ဆင်ထားပေမယ့် သူ့မျက်နှာပေါ်မှာ တပ်ဆင်ထားတဲ့ မျက်ဝန်းတစ်စုံဟာ အမြဲတမ်း သွေးအေးတဲ့ လူတစ်ယောက်ရဲ့ စူးရှရှမျက်ဝန်းတွေနဲ့ လိုက်ဖက်လှတာတော့ အမှန်ပင်။

သိပ်မကြာမီ ဆရာ အခန်းထဲ ဝင်လာပါတယ်။ ဆရာ ဝင်လာတော့ အားလုံးမတ်တတ်ရပ်ကာ ဂါရဝပြုတယ်။ ဆရာက လက်ကာပြပြီး အသိအမှတ်ပြုကာ...

"တပည့်တို့နဲ့ ဆရာက ဒီနေ့မှစတွေ့ရတော့ နည်းနည်းတော့ စိမ်းချင်နေမယ်... အဲဒီအတွက် တပည့်တို့နဲ့ ဆရာတို့ကြားမှာ အပြန်အလှန် အဆက်အသွယ်ပြုမယ့် တပည့်တစ်ယောက်ကို ဗဟိုပြုပြီး စ,ဆက်သွယ်မယ်၊ တစ်နည်းအားဖြင့် အတန်းခေါင်းဆောင်ပေါ့။

အဲဒီအတွက် ဆရာ တစ်ယောက်ကိုပြောမယ်၊ မနက်က ဆရာ အခန်းထဲဝင်လာတော့ ဆရာ မောနေတယ်၊ ဆရာ့မှာလည်း ရောဂါအခံ ရှိတယ်လေ၊ သွေးချို၊ ဆီးချို၊ နှလုံး



www.burmeseclassic.com

www.burmeseclassic.com



အကုန် ကန်ထရိုက်ယူထားရသလိုပဲ၊ အေး... အဲဒီအချိန် ဟိုကျောင်းသား... မင်းနာမည် ဘယ်သူ..."

ဆရာက စကားကိုရပ်ရင်း သူ့ဆီ လက်ညှိုးထိုးကာ မေးတော့ သူက လက်ပိုက်ရင်း မတ်တတ်ရပ်ကာ သူရဲ့လို့ ဆရာ့ ကိုဖြေပြီး ပြန်ထိုင်ပါတယ်။ ဆရာက စကားကိုပြန်ဆက်သည်။

"အေး... မောင်သူရဲ့က ဆရာ့ကို ကျောင်းဝင်တဲ့ ပုံစံတွေ အလုပ်ကိစ္စတွေကို ဝိုင်းကူဖြေရှင်းသွားတယ်၊ အဲဒါကြောင့် မထင်မှတ်ဘဲ ဆရာ့အပေါ် ကူညီတဲ့ ဒီတပည့်ကို ဆရာ အတန်းခေါင်းဆောင်အဖြစ် တင်မြှောက်လိုက်မယ်၊ မင်းတို့သဘောကရော..."

အားလုံးဟာ တိုးတိုးတိတ်တိတ် ကျွက်ကျွက်ညံအောင် (ထုံးစံအတိုင်းပေါ့) ရသလောက် အချိန်အတွင်းမှာ စကားလုပြောကြပြီး တစ်ယောက် တစ်ပေါက် သဘောတူကြောင်း ထောက်ခံလိုက်တာပါပဲ။





ခင်နှင်းတို့နေတဲ့ ရပ်ကွက်ကလေးက သူတို့ရပ်ကွက်ကလေးကို ဖြတ်ကျော်ပြီးမှ သွားရသည်။ ကျွန်မ ခင်နှင်းတို့အိမ်သွားဖို့ သူတို့ရပ်ကွက်ကို ဖြတ်တော့ ကျွန်မ ဝင်စားဆင်ယင်ပုံနဲ့ သူတို့မျက်လုံးထဲမှာ စိတ်ဝင်စားစရာကောင်းတဲ့ ပုံစံအဖြစ် မြင်နေရသလားမသိ ကွက်ကြည့် ကွက်ကြည့်နဲ့။ လက်ဖက်ရည်ဆိုင်ရှေ့က မျက်လုံးတွေနဲ့ ရိသဲ့သဲ့ စကားပြောသံတွေကို ကြားရသည်။

ကျွန်မ မမြင်ချင် မကြားချင်ဟန်ဆောင်ကာ ဆက်လျှောက်လာရင်း ရှေ့မှာ ကိုးလိုးကန့်လန့် သွားနေသော လက်တွန်းလှည်းကြီးကို တွေ့ရသည်။ လမ်းတစ်လမ်းလုံးကို အလယ်မှ ဟိုစောင်း သည်စောင်းနဲ့ တွန်းရွေ့နေသော မီးသွေးတွေအပြည့်နဲ့ လက်တွန်းလှည်းဟာ တော်တော်ကြီးမားသည်။ ဟိုင်းလတ်ကားဘီးတွေကို တပ်ဆင်ထားပြီး လှည်းပေါ်မှာ မီးသွေးအိတ်တွေကို သုံးဆင့်တင်ထားသည်။ ရှေ့ဆုံးကျကျ မီးသွေးအိတ်ပေါ်မှာ တက်စီးနေသော ၉-နှစ် ၁၀-နှစ်အရွယ် ကိုရင်လေးနှစ်ပါး၊ လှည်းရဲ့ဘေးတစ်ချက်မှာ ကိုရင်ကြီးတစ်ပါးနဲ့ ကိုရင်လေးတွေ။ နောက်ပြီး လက်ကိုင်ကို အားစိုက်တွန်းနေသူက ပုဆိုးတိုတိုနဲ့ အပေါ်ဗလာ ပိုင်းခန္ဓာနဲ့ သင်ခန်းဟောင်းတစ်ခုကို သဲကန္တာရအတွင်းမှာ နေထိုင်တဲ့ အီဂျစ်လူမျိုးတွေလို ခေါင်းမှာ တပ်ဆင်ချည်နှောင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ယောက်က စစ်ဦးထုပ် အဟောင်းတစ်လုံးနဲ့။ လှည်းက တစ်ဖက်သို့ ခပ်ဖြည်းဖြည်း အစောင်းမှာ ကျွန်မက ဘေးဘက်ကနေ ကပ်လျှောက်လာခဲ့သည်။ သို့သော် ခဲတစ်လုံး အပေါ်ကို အရှိန်နဲ့အတက် လှည်းကစောင်းသွားပြီး ကျွန်မနဲ့ ကပ်လျက် လှည်းအစွန်းကမီးသွေးအိတ်က ကျွန်မရှေ့ကိုအကျ ကျွန်မက အချိန်မီ ရှောင်လိုက်သော်လည်း မီးသွေးအိတ်ရဲ့ အမှုန်အမွှားတွေက ကျွန်မကိုယ်မှာ လာညှိသည်။

ကျွန်မနဲ့နီးတဲ့ ကိုရင်လေးတစ်ပါးက တောင်းပန်သော်လည်း နောက်မှ အားစိုက် တွန်းရွေ့လိုက်သော သင်္ကန်း ပေါင်းထားသော လူရွယ်က ရှေ့ထွက်လာရင်း...

"မီးသွေးအိတ်နားမှာ လာရပ်ရင် မီးသွေးမှုန်ပေတာ ဆန်းသလား... ဟဲကဲ... မြန်မြန်လေး ပြန်တင်လိုက်ကိုရင်၊ အချိန်မရှိဘူး"

ရင်းနှီးဖူးတဲ့ အသံရှင်ကြောင့် ကျွန်မ လှည့်ကြည့်တော့ မျက်ခုံးနက်နက်တွေနဲ့ ဓားတစ်ချောင်းလို အမြဲထက်ရှစေတဲ့ မျက်ဝန်းတွေရဲ့ ပိုင်ရှင်ကို တွေ့ရသည်။ ခပ်ပါးပါး နှုတ်ခမ်းများက အမြဲကော့နေလျက် ကျွန်မကို အမြဲ လှောင်ပြောင်နေသလို ကျွန်မရင်မှာ အလိုမကျမှုဟာ အပြင်ကို အန်ထွက်လာပါတယ်။

"ဂျစ်ပစီကောင်..."





ခင်နှင်းဆီ ဘယ်လိုကနေ ဘယ်လို ရောက်ခဲ့မှန်း မသိအောင် စိတ်မှာ တန့်နေဖြစ်ခဲ့၏။ ဒါကို ခင်နှင်းက ရယ်မောမော...

"ဟဲ့... သူရဲ့က စိတ်ရင်းကောင်းပါတယ်ဟယ်"

ကျွန်မ မိန်းမဆန်ဆန် နှုတ်ခမ်းတစ်ဖက်ကို တွန့်မဲ့တော့ သူမက သဘောကျမဆုံး။ အပြန် ခင်နှင်းနဲ့ သူတို့ရပ်ကွက်က ဖြတ်တော့ ကျွန်မဒေါသတွေက အပြစ်ဖြစ်လာခဲ့ပြီ။

သူတို့လှည်းနဲ့ လမ်းမှာတွေ့တော့ ကိုရင်တွေက တိုးတိုး တိုးတိုးနဲ့ ပြုံးစိစိ။

ကျွန်မရဲ့ ဒေါသတွေဟာ သိပ်ကြာရှည်မခံ။ သူတို့ ဘေးကအဖြတ်မှာ ကျွန်မရဲ့ ခြေစောင့် ဖြတ်လျှောက်အသွားမှာ ဖိနပ်သဲကြိုးခေါင်က ပြုတ်ထွက်သွားသည်။

ဒီလို အရှက်တစ်ခု ဖြစ်ခွင့်ရှိအောင် ပုံစံချထားတတ်သော ကံတရားကို ကျွန်မ အလိုမရှိတာတော့ အမှန်။ ဒါပေမယ့် ဖြစ်ခဲ့ရပြီ။ ဘာများတတ်နိုင်မှာလဲ။

အရေးအကြောင်းဆို ပူပူထူထူ ဖြစ်တတ်တဲ့ ခင်နှင်းရဲ့ စရိုက်အတိုင်း မလုပ်တတ် မကိုင်တတ်နဲ့ ကျွန်မအတိုင်း ဘေးကထိုင်ရင်း ဝေဝေဝါးဝါး ဖြစ်ချင်သည်။

"ရော့..."

ကျွန်မအပေါ် အုပ်မိုးကျလာတဲ့ အရိပ်တစ်ခုရဲ့ ခပ်ညြညြ အသံတစ်ခုဟာ အမိန့်သံ ဆန်ချင်ပေမယ့် ကျွန်မကိုယ်တိုင်က



www.burmeseclassic.com

www.burmeseclassic.com



နာခံချင်တာကတော့ အမှန်ပါလေ။ သူ့လက်ထဲက ချိတ်တစ်ခုရဲ့ ကမ်းလှမ်းမှုကို လှမ်းယူတော့ ခင်နှင်းက စပ်စုနေပြန်၏။

"နင် ဘယ်က သွားယူလာတာလဲ သူရဇ္ဇ"

သူက ကျွန်မရပ်နေတဲ့ အနီးဆုံးအိမ်ကလေးကို မေးငေါ့ပြတယ်။

"ဒီနားက ဘယ်အိမ်ဖြစ်ဖြစ် တတ်နိုင်တဲ့ လိုအပ်တဲ့ အကူအညီတောင်း ဘယ်အိမ်မဆို ရတယ်၊ ချိတ်တစ်ခုအတွက် ငါတို့ရပ်ကွက် ဆင်းရဲမသွားနိုင်ဘူးလို့ ငါ ထင်တယ်"

ဒီလို အချိုးတွေကြောင့် ကျွန်မနဲ့သူ မတည့်တာထင်၏။ ကျွန်မ၏ မိန်းမဆန်ဆန် မျက်စောင်းတစ်ခုကိုတော့ ချိတ်တစ်ခုရဲ့ အဖိုးအခအဖြစ် သူ ကြည်ကြည်ဖြူဖြူ လက်ခံပြန်၏။

"နင် လမ်းထိပ်အထိ ခဏလိုက်ခဲ့ပါလား သူရဇ္ဇ... မိဆူးကိုပို့ပြီးရင် ငါ နင်နဲ့ပြန်လိုက်မှာပဲ"

"ရပါတယ်ဟာ၊ သူလည်း အလုပ်ရှိဦးမယ်နဲ့တူပါတယ်"

သူက ခေါင်းက စည်းထားတဲ့ သက်န်းအဟောင်းကို ဆွဲဖြုတ်ရင်း ပခုံးပေါ်တင်တယ်။

"ရတယ်လေ... ဒါ နောက်ဆုံးအခေါက်ပဲ၊ ဟိုကောင်တွေနဲ့ ကိုရင်တို့ လက်စသိမ်းလို့ရပါတယ်၊ လာ..."

သူက ခင်နှင်းရဲ့တစ်ဖက်သို့ နေရာယူလျှောက်လာရင်း စထွက်လာကြတယ်။ ကျွန်မကတော့ တိတ်တိတ်ဆိတ်ဆိတ်





ပါပဲ။ သူက တွန့်ချိုးထားသော မျက်မှောင်အောက်က မျက်လုံးတွေနဲ့ တစ်ခုခုကို သိချင်နေပုံရတယ်။

"ဒါနဲ့ နင်တို့ ငါ့ကို လိုက်ပို့နိုင်းတာ အကြောင်းတစ်ခုခု ရှိပုံရတယ်"

ခင်နှင်းက ကျွန်မဘက်ကို လှမ်းကြည့်တယ်။ ပြောလိုက်ရမလားပေါ့...။

ကျွန်မ ခပ်မဆိတ် နေတော့...

"ဒီလိုဟ...မိဆူး ငါ့ဆီအလာ ဟိုဘက်ထိပ်က အကောင်တွေ လက်ဖက်ရည်ဆိုင်ကနေ ခြေလှမ်းပျက်အောင် စကြတယ်"

သူက ကျွန်မကို ပြုံးစေ့စေ့ ကြည့်တယ်။

"သူ့အတွက် ဒီကိစ္စက သိပ်မဆန်းပါဘူး... မဟုတ်ဘူးလား မိဆူး..."

သူ့စကားကြောင့် ကျွန်မ ဆတ်ခနဲ လှည့်ကြည့်တယ်။

"နင် ငါ့ကို ရန်မစနဲ့နော်"

ကျွန်မတို့ နှစ်ယောက်ကြားမှာ ခင်နှင်းက စိတ်ပျက်လက်ပျက်နှင့်...

"နင်တို့ နှစ်ယောက်ကလေ..."

ကျွန်မတို့ လက်ဖက်ရည်ဆိုင်လေးနဲ့ တဖြည်းဖြည်း နီးလာတယ်။ ပြဿနာတစ်ခု ဖြစ်သွားနိုင်ပါလားလို့ စိုးရိမ်စိတ်နဲ့ ခင်နှင်းက ကျွန်မလက်ဖဝါးကို လှမ်းကိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းဘက် ရောက်နေတဲ့ အပြင်ဝိုင်းမှာ ထိုင်နေတဲ့ ကောင်လေး လေး,ငါးဦးရှိမည် ခန့်မှန်းရသည်။ သူနဲ့ အဲဒီဝိုင်း တဖြည်းဖြည်းနီးလာတော့ အဲဒီဝိုင်းထဲက–

"ဇကွဲ... လက်ဖက်ရည်သောက်ပါဦး"

"ကိုဇ... ဆောရီးဗျာ"

ဖိတ်ခေါ်သံတွေ၊ တောင်းပန်သံတွေ ထွက်လာတော့ ကျွန်မ ဇဝေဇဝါ... သူက ကျွန်မကို ပြုံးကြည့်ပြီး...

"ငါ့ညီ့သည်ထင်လို့ ခုနကိစ္စကို တောင်းပန်တာပါ"

ကျွန်မက သူ့ကို လူမိုက်တစ်ယောက်လားလို့ အမေးကို သရော်ဟန်နဲ့ မျက်လုံးကပြတော့...

ကျွန်မကို သူက စိုက်ကြည့်တယ်။ တစ်ဦးကို တစ်ဦး စက္ကန့်တော်တော်များများအထိ ကြည့်ကြတော့...

"နင်တို့နှစ်ယောက်အကြည့်က ကျောချမ်းစရာကြီး"

သက်ပြင်းတစ်ချက်ကို အပြုံးနဲ့အတူ ရောလွှတ်ရင်း သူ အရှုံးပေးလိုက်တယ်။ ဒါ သူ့ရဲ့ ပထမဦးဆုံး အလျှော့ပေး ခြင်းလား... (သိပ်ကို တန်ဖိုးထားရမယ့် အခွင့်အရေးတစ်ခု နင် ငါ့ကို ပေးခဲ့တာလား သူရဇ္ဇရယ်...)

သချၤာဘာသာကို ပိုနစ်ခြိုက်ပျော်ရွှင်တဲ့ ကျွန်မကအိမ်မှာ (Guide) လမ်းညွှန်ဆရာနဲ့ လေ့လာ တွက်ချက်သော်လည်း မပျော်မွေ့။ (လာသင်ပေး လမ်းညွှန်ပေးတာ ကျွန်မနဲ့ သိပ်





အသက်မကွာတဲ့ ပုဂ္ဂိုလ်။ အာရုံပျက်အောင် ကျွန်မကို ကျီးနှံ့ တာလည်း ပါချင်ပါမှာပေါ့...)

ဒါကြောင့် ကျွန်မ ဒယ်ဒီကို ပြောပြီး ဆရာမ မေစန်းကို အကူအညီတောင်းရသည်။ နောက်ဆုံး ဆရာမအိမ်မှာ စုသင် ပေးသော ဝိုင်းသဘောမျိုးအုပ်စုမှာ ကျွန်မ ဝင်သင်ခွင့်ရခဲ့၏။

ဟိုရောက်တော့ ကျွန်မရဲ့ ပါရမီဖြည့်ဖက် ခင်နှင်းနဲ့ အတူ (ကျွန်မရဲ့ ချစ်လှစွာသော နတ်ဆိုး)လေးနဲ့ပါ ရေစက် ဆုံပြန်သည်။ ပြီးတော့ ကျွန်မတို့ကျောင်းက အခန်းဖော် တချို့နဲ့အတူပေါ့။

စာမသင်ခင် ကျွန်မက စောစောရောက်နှင့်နေတာထက် သူက ပိုစောနေတာ တွေ့ရတာကြောင့်... ပြီးတော့ ဆရာမ အိမ်မှာ အိမ်သားတစ်ယောက်လို ဆရာမရဲ့ အဖေနဲ့ အမေ ရယ်... ပြီးတော့ ဆရာမယောကျ်ား သူခေါ်နေတဲ့ လေးလေး အောင်ရယ်... ဆရာမညီမ ဒေါက်တာ အန်တီခင်တွေးရှိရယ်၊ ဆရာမမောင် ကိုကျော်ကြီးရယ်က သူ့ကို တူသားတစ်ယောက် လို ခင်မင်ဆက်ဆံတာ တွေ့ခဲ့သည်။ ဝိုင်းကူစရာရှိတာတွေကို ကူညီပြီး အားရင် ဆရာမသမီး ငါးနှစ် ခြောက်နှစ်အရွယ် ဂျူးဂျူးကို ချီပိုးနေတာ တွေ့ရသည်။ ကလေးက တော်တော် ချစ်ဖို့ကောင်းတယ်။ မျက်လုံး ဝိုင်းဝိုင်းလေးရယ်... ပခုံးအထိ ညီညာစွာ ရှည်ကျနေတဲ့ အညိုနုရောင် ဆံပင်လေးတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



လူတကာ ချစ်ဖို့ကောင်းအောင် အမြဲ ရယ်ရယ်ပြုံးပြုံးနဲ့ တွေ့ရသည်။

ဒါကြောင့် ခင်နှင်းကို မေးကြည့်တော့ (သူရဇ္ဇအပေါ်နှင် စိတ်ဝင်စားနေပြီလားလို့ စ,တယ်လေ) ကျွန်မ ရှက်ရမ်းရမ်းပြီး သူမကို ထုရိုက်မိပြီးမှ ပြန်တွေးရင်း ရှက်နေမိသေးတယ်။

ဆရာမက သူရဇ္ဇအမေနဲ့ ပတ်သက်မှု အကြောင်းကို ခင်နှင်းက ပြည့်ပြည့်စုံစုံ ရှင်းပြတယ်။ အခုလို သူ့ဖေဖေ နယ်ရိုက်ကွင်းသွားတဲ့ အခါတွေမှာဆို ဆရာမတို့အိမ်မှာ နေတဲ့အကြောင်းတွေ၊ အိမ်သားတစ်ယောက်လို ဆရာမအိမ်က နွေးထွေးမှုတွေကို ပြောပြတော့ ဆရာမတို့ အိမ်သားတွေ အပေါ် ကျွန်မ ရင်းနှီးချစ်ခင်သွားမိတယ်။ ဒါပေမယ့် ကျွန်မနဲ့ သူနဲ့ကတော့ မရင်းနှီးစွာ စိမ်းလန်းတဲ့အချိန်တွေကို ကျော်ဖြတ်လာခဲ့တယ်။ အဲဒီတစ်နေ့... သူ့ဘဝ အလှည့်အပြောင်းတစ်ခု ပေါ့လေ။

စာသင်ချိန်ပြီးဖို့ ၁၅–မိနစ်အလိုမှာ ထုံးစံအတိုင်း အိမ်ကကား ရောက်လာတယ်လေ။ ဆရာမတို့ခြံရှေ့ ခပ်လှမ်းလှမ်းမှာ ဒရိုင်ဘာ အဘကျော်က ကားရပ်ရင်း ရှေ့နားက မျက်စောင်းထိုး လက်ဖက်ရည်ဆိုင်ကို ထွက်သွားတာ တွေ့ရတယ်။ ထိုစဉ် ခြံထဲသို့ကွေ့ဝင်လာတဲ့ အနီရောင်ကားလေး တစ်စီးကြောင့်





အိမ်ပေါ်ကနေ ဆရာမက လှမ်းကြည့်တယ်။ ပြီးတော့ စာသင်ခြင်းကို အပြီးသတ်ရင်း ဆရာမက ကားပေါ်က ဆင်းလာတဲ့ လူစိမ်းတွေဆီ ထ,ထွက်သွားခဲ့တယ်။

ကားပေါ်က အသားဖြူဖြူနဲ့ လူကြီးပိုင်းအရွယ်နဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်နဲ့အတူ မွေးမွ မျက်နှာသုတ်ပဝါ အလတ်စားကို ပခုံးပေါ်တင်ပြီး ကွမ်းအရဲသားနဲ့ အသားညိုညို လူကြီးတစ်ယောက် ပါ,ပါလာ၏။

ကားပေါ်က ဒရိုင်ဘာ ဖြစ်ဟန်တူသောလူက ကားကို အလောသုံးဆယ် ဝင်းတံခါးဘက် ဦးပြန်လှည့်ပြီး စက်ကို မသတ်ဘဲ ထားသည်။ ပြီးတော့ ဆရာမက စာသင်ပြီးလို့ လွယ်အိတ်ထဲ စာအုပ်ထည့်သိမ်းနေသော သူရဇ္ဇထံ ညွှန်သည် လူစိမ်းတွေနဲ့ စကားတီးတိုး ပြောရင်းက လှည့်ကြည့်၏။

ပျော်ရွှင်စရာမကောင်းတဲ့ မျက်နှာရိပ်ပေါ်မှာ ကပ်ညှိတွယ်နေတဲ့ ခံစားချက်တွေကို သူရဇ္ဇ မြင်ခဲ့ပုံရတယ်။ သိမ်းလက်စ အခြေအနေမှ ဆရာမဆီ အလောသုံးဆယ် ခပ်မြန်မြန် လျှောက်သွားတာ မြင်ရသည်။

ကျွန်မ ခင်နှင်းရဲ့လက်ဖဝါးကို အားကိုးတကြီး ဆုပ်ကိုင်မိသည်။ ခင်နှင်းက ကျွန်မနဲ့ မျက်ဝန်းချင်းဆုံမိရင်း သူလည်း တစ်ခုခုကို စိုးရိမ်နေသလိုပါပဲ။ အတန်းဖော်တချို့က တိတ်ဆိတ်ငြိမ်သက်ကြရင်း သတင်းတစ်ခုခုကို မျှော်လင့်နေပုံရကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမက အိမ်တံခါးဝမှ ရပ်ကျန်ပြီး သူရဇ္ဇက ခုန ထိုလူကြီးတွေနဲ့ အပြေးလေးလိုက်ပါသွားပြီး ခုနကားအနီလေး ပေါ်တက်ကာ ထွက်ခွာသွားခဲ့ကြသည်။ ထွက်ခွာသွားရာ နောက်ကို ဆရာမက မျက်စိတစ်ဆုံး ငေးကြည့်ရင်းမှ သတိ ပြန်ဝင်လာပုံရတယ်။ ကျွန်မတို့ဘက်ကို လှည့်လိုက်တော့ မျက်ရည်ဝဲနေတဲ့ မျက်ဝန်းတစ်စုံနှင့် ဆရာမက အိမ်အတွင်း ဘက်ကို လှည့်အော်သည်။

"ကျော်ကျော်... ကျော်ကျော်..."

ဆရာမရဲ့ ငိုရှိုက်သံပါသော ခေါ်သံနဲ့အတူ အိမ်အတွင်း ပိုင်းက ဆရာမ မောင် ကိုကျော်ကြီး ထွက်လာတယ်။ ကျွန်မ လည်း ခင်နှင်းလက်ကိုဆွဲရင်း ကျော်ဇေယျတို့နဲ့အတူ ဆရာမကို ဝိုင်းအုံမိကြတယ်။

"နင်... ကိုအောင့်ကို ဖုန်းဆက်စမ်း။ ဆေးရုံကြီးကို အမြန်ဆုံးလိုက်ခဲ့လို့"

"ဘာဖြစ်လို့လဲ... မမ..."

ဆရာမရဲ့လက်မောင်းကို ကိုကျော်ကြီး လှုပ်ကိုင်ရင်းမေးမိ တော့ ဆရာမက စားပွဲပေါ်က ပိုက်ဆံအိတ်ကို လှမ်းယူရင်း...

"နင် လိုက်မလား... လိုက်လို့မဖြစ်သေးပါဘူး။ သူရဇ္ဇ အဖေ နယ်ကအပြန် မြို့အဝင်မှာ ကားမှောက်လို့ ဆုံးပြီတဲ့..."

"ဗျာ..."





"ရှင်..."

တစ်ပြိုင်နက်တည်း ထွက်ပေါ်လာတဲ့ အာမေဍိတ်သံ အဆုံးမှာ ဆရာမပါးပေါ် မျက်ရည်တစ်စက် စီးလာတာ တွေ့ရတယ်။

အရာရာကို ကိုကျော်ကြီးက ဦးဆောင်ရမယ့်ပုံမှန်း သဘောပေါက်ပုံရတယ်။

"ကျွန်တော် လိုက်မှဖြစ်လိမ့်မယ် မမရ... ဂျူးဂျူးကို အမေတို့နဲ့ ထားခဲ့ဖြစ်ပါတယ်၊ ကိုအောင့်ကို ဟိုရောက်မှ ဖုန်းဆက်လိုက်မယ်... ခဏလေး..."

ကိုကျော်ကြီးရဲ့ အိမ်နောက်ကိုဝင်မယ်လုပ်တော့ အိမ်ထဲ က ဆရာမအမေ ထွက်လာတာနဲ့ ကြုံတာနဲ့ ကိုကျော်ကြီးက အဖြစ်အပျက်ကို အကြောင်းစုံပြောပြရတယ်။ ဆရာမ အမေက ရင်ဘတ်ကိုဖိပြီး စိတ်မကောင်း ဖြစ်နေပုံရတယ်။ ဆရာမက ကျော်ဇေယျထံ လှည့်ပြီး...

"မင်းတို့ နှစ်ယောက်ကော..."

"လိုက်မယ်ဆရာမ... အခု အခြေအနေကို လူကြီးနဲ့ အိမ်ကို အကြောင်းကြားလိုက်မယ်"

ကျော်ဇေယျနဲ့ဖိုးခွားက စာအုပ်တွေကို တစ်လမ်းတည်း သူငယ်ချင်းထံဆီအပ်ပြီး သူတို့အိမ်တွေကို မှာနေခဲ့တယ်။ ဆရာမက ကိုကျော်ကြီးထံ လှည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကျော်... နင် (Taxi)တစ်စီး အမြန်သွားငှားလေ"

ဆရာမက စိစဉ်စရာတွေပြောပြီး တစ်ဖက်သို့လှည့်မယ် အပြု ကျွန်မက...

"ဆရာမ..."

ဆရာမ အနည်းငယ်တုံ့သွားတယ်။ ပြီးတော့ ဇဝေဇဝါနဲ့ ကျွန်မဆီ ကြည့်တယ်။

"သမီး လိုက်ပို့ပေးမယ်... သမီးမှာ ကားပါလာတယ်"

"ဟုတ်တယ် ဆရာမ... သမီးလည်း မိဆူးနဲ့အတူ လိုက်ခဲ့မယ်"

"သမီးကို အိမ်ကဆူနေဦးမယ်... လိုက်လို့ဖြစ်ပါ့မလား"

"ရပါတယ်ဆရာမ... ဒက်ဒီ မဆူပါဘူး"

"အေး အေး...အဲဒါဆို ကျော်ကြီးရေ သွားကြရအောင် လုပ် လုပ်..."

ကျွန်မက ဦးဆောင်ပြီး ခြံရှေ့ကိုထွက်လာတယ်။ ကျွန်မတို့ ဆင်းလာတာမြင်တော့ အဘကျော်က ကားနား ရောက်နေပြီ။ ကျွန်မရယ်... ဆရာမရယ်... ခင်နှင်းနဲ့ ကျော်ဇေယျက နောက်မှာထိုင်ပြီး ရှေ့မှာ ကိုကျော်ကြီးရယ်... ဖိုးခွားရယ်... အဘကျော်ရယ်ကြောင့် ကားလေးထဲမှာတော့ ကျပ်နေသည်။ အဘကျော်ကို အကျိုးအကြောင်းပြောပြီး ကားက ဆေးရုံကြီးဆီ တစ်ရှိန်ထိုး မောင်းထွက်လာခဲ့သည်။





ကျွန်မက ကားဒပ်ရှ်ဘုတ်ပေါ်က ဆယ်လူလာကို လှမ်းယူပြီး ဆရာမဆီပေးသည်။ ထိုအခါမှ ဆရာမက သတိရသွားပုံနဲ့ လေးလေးအောင်ဆီ ဖုန်းဆက်ခေါ်သည်။

ဆရာမ စကားပြောပြီး ကျွန်မဆီ ဖုန်းလှမ်းပေးတော့ ကျွန်မ ဒယ်ဒီကုမ္ပဏီကို လှမ်းဆက်ပြီး နောက်ကျမယ့်အကြောင်းရယ်... လက်ရှိ ဖြစ်နေတာရယ်ကို ပြောပြသည်။ ဒက်ဒီ ကူညီရမလား မေးတော့ ရတယ်ဒက်ဒီဟု ပြန်ပြောပြီး နှုတ်ဆက်ကာ ဖုန်းပြန်ပိတ်လိုက်သည်။

ကျွန်မတို့ ဆေးရုံကြီး အရေးပေါ်ဌာနရှေ့ ကားရပ်ချိန်မှာ ခုနကလာတဲ့ လူကြီးတစ်ယောက်က ဆီးကြိုသည်။ ကျွန်မတို့ သူဦးဆောင်ရာ နောက်သို့ ခပ်သုတ်သုတ် လှမ်းဝင်လာခဲ့သ~~။ အခန်းထဲ ရောက်တော့...

ခုတင်ပေါ်မှာ အသက်ဝိညာဉ်မဲ့နေတဲ့ လူတစ်ယောက်။ ပါးစပ်အစွန်းမှာ သွေးစသွေးနပေကျံလျက်ရှိ၍ လူကောင်းပကာတိ အလား... အဝတ်ဖြူကို ရင်ဘတ်အထိ လွှမ်းထားပြီး ဒူးထောက်ထိုင်ကာ သေသူရဲ့လက်ဖဝါးကို ဆုပ်ကိုင်နေသောလူရွယ်...

အံကို တင်းတင်းကြိတ်ထားရင်း မျက်လုံးတွေနီရဲနေပြီး ကျိတ်ရှိုက်ကာ တွေဝေစွာ အလောင်းကို စိုက်ကြည့်နေ၏။ အန်တီ ဒေါက်တာခင်ထွေးရီက သူရဲ့ ပခုံးကို ပွေ့ဖက်ကာ နှစ်သိမ့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သား..."

ဆရာမရဲ့ ခေါ်သံကြောင့် ဒူးထောက်ကာ တွေဝေငေးကြည့်နေရာက သူ ဖြည်းဖြည်းလေး ခေါင်းမော့လာတယ်။ သူ ဆရာမကို မြင်တော့ ထ,လာပြီး ဆရာမ ရင်ခွင်ကြားမှာ ကလေးတစ်ယောက် လိုနိုလှုံရင်း တသိမ့်သိမ့် ရှိုက်ငိုပါတော့တယ်။ တကယ့်ကို ကျွန်မရင်ထဲမှာ စို့နင့်သွားစေခဲ့တယ်လေ။

"သားရယ်...မင်း အတော်ကံဆိုးတဲ့ ကလေးပဲ၊ ဘာမှ အားမငယ်နဲ့... ,ဆရာမတို့ရှိတယ်၊ ဆရာမ မင်းလေးလေးကို ဖုန်းဆက်ခေါ်ထားတယ်"

ဆရာမက သူ့ခေါင်းကို ကလေးလိုပွတ်သပ်ရင်း တတွတ်တွတ် နှစ်သိမ့်နေတယ်။ အန်တီ ခင်ထွေးရီလို အတွေ့အကြုံရင့်ကျက်တဲ့ ဆရာဝန်မမျိုးတောင် ဝမ်းနည်းခြင်းကို ဖွင့်ပိုက်ထားပုံရတယ်။

သွေးအေးတဲ့ ဂျပန်ဓားသမားတစ်ယောက်ရဲ့ မျက်လုံးတွေလို သူ့မျက်ဝန်းမှာရှိတတ်တဲ့ ရဲရင့်ခြင်းတွေအစား ဝမ်းနည်းကြေကွဲရိပ် ပြည့်လျှံမှုမျိုးကို ကျွန်မ မမြင်ချင်တာအမှန်ပင်။

အမှောင်ဆိုတာ အရုဏ်မလာခင်အထိပဲ ကောင်းပါတယ်ဟယ်...။

နင် အမြန်ဆုံး ကံကောင်းပါစေလို့ ငါ ဆုတောင်းနေပါ့မယ် သူငယ်ချင်း... ကျွန်မတို့ စိစဥ်စရာရှိတာတွေကို ဝိုင်းဝန်း





စိစဥ်ပေးတယ်... လိုအပ်တာ မှန်သမျှကို ဆရာမက ဒိုင်ခံဖြေရှင်းပြီး ကျွန်မတို့ပြန်ဖို့ ပြောကြတယ်။

ဒါတောင် ဆရာမကို ကိုကျော်ကြီးက အတင်းပြန်နိုင်းလို့ ဆရာမက နောက်ဆံတတင်းတင်းနဲ့ လှည့်ပြန်ခဲ့ရသည်။ ဖိုးခွားက ပြန်လိုက်၍ အိမ်ကို တစ်ခေါက်ပြန်ပြောပြီး သူတို့အိမ်ကနေ စိစဥ်စရာရှိတာ ဟိုမှာစီစဥ်နှင့်မယ် ပြောပါသည်။

ဆေးရုံရှေ့ ရောက်တော့ လေးလေးအောင် ကားနှင့်တွေ့တော့ ဆရာမက ပြန်နေခဲ့တယ်လေ။ ကျွန်မရယ်၊ ဖိုးခွားရယ်၊ ခင်နှင်းရယ် ကားစတင်ထွက်ခွာလာချိန်အထိ တစ်ယောက်နဲ့တစ်ယောက် စကားမပြောဖြစ်ကြ။ အတန်ကြာ တိတ်ဆိတ်နေရင်းမှ ခင်နှင်းက...

"သူရဇ္ဇ အဖြစ်က တော်တော် စိတ်မကောင်းစရာပဲ၊ ဆွေမျိုးရင်းချာဆိုလို့..."

ခင်နှင်း စကားကို ကျွန်မ ပြန်မပြောမိ။

"နဂိုတည်းကမှ သူရဇ္ဇက မာရေကျောရေ ရှိအောင် တမင်တကာနေတတ်တာ ငါတို့ အသိဆုံးပါ၊ ဒီကောင့်စိတ်ကို ဘယ်သူမှမသိတော့ ခက်ထန်မာကျောမယ်လို့ ထင်ရတာ... တကယ်တော့ သူက အရာရာအပေါ် သံယောဇဉ်ကြီးတယ်တာ... သူ့ရဲ့အားကိုးရာဆိုလို့ သူ့အဖေပဲ ရှိတာ၊ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



ဟာ...”

ကံနည်းသူကို အပြစ်ပုံချဖို့ လောက,က မျက်နှာလိုက်ပြီး တရားစီရင်ခဲ့သလားမသိ။ ဘ၀ဆိုတာ မျက်နှာသာပေးတတ်တဲ့ ချိန်ခွင်လျှာက အရာရာအပေါ် ညီမျှမှုမရှိပါလား...

သံယောဇဉ်ရှိသူမို့ သူ့ရင်ထဲကနေတစ်စင်းဟာ မျှဝေသူ အပေါ်လည်း ဝေမျှပူလောင်ခြင်းကို ကြည်ဖြူလက်ခံ ပေးလိုက်ရဲ့တဲ့သတ္တိ သူမရင်ထဲမှာ ရှိနေပြီ...

ဟန်ဆောင်ခြင်းကို ခေတ္တအကူအညီတောင်းပြီး မိန်းမတစ်ယောက်ရဲ့ သိက္ခာကိုတော့ လုံခြုံအောင် ငါ စောင့်ရှောက်ထားတယ် သူရဲ့... ချစ်သူလိုကို ချစ်တဲ့ မိန်းမတစ်ယောက်အတွက် နားလည်ဝေမျှခြင်းဟာ နင်ရှေ့က မြေမှုန်လိုပါပဲ။

တစ်နေ့တော့ နင်သိလာမှာပါလေ။

တိတ်ဆိတ်စွာ ငြိမ်သက်နေတဲ့ အမှောင်ယံ တစ်ခုမှာ ခြောက်သွေ့တဲ့ အေးမြတဲ့အငွေ့တစ်ခု ကပ်ငြိချင်လည်း ကပ်ငြိမှာပေါ့...။





ကျောင်းက သူငယ်ချင်းတွေနဲ့ ဆရာမ အပါအဝင် အားလုံး အသိစိတ်ဓာတ် ကိုယ်စီနဲ့ သူ့ကို နားလည်မှုပေးကာ ကိစ္စအားလုံးကို ဝေမျှ ကူညီပေးကြပါသည်။ သူ့လမ်းထဲက သူငယ်ချင်းတွေ အိမ်နီးနားချင်းတချို့နဲ့အတူ မနက်အတွက် ချက်ပြုတ်သူက ချက်ပြုတ်၊ ပန်းကန်စားပွဲနဲ့ တချို့ဝေယျာဝစ္စတွေကို ဘုန်းကြီးကျောင်းမှာ သွားငှားသူက သွားငှားနဲ့ အစောပိုင်းက တော်တော်အလုပ်ရှုပ်ခဲ့ကြသေးတယ်။ အခုတော့ နေသားကျခဲ့ပါပြီ။

ဆရာမနဲ့ ကိုကျော်ကြီးကတော့ အိမ်နီးနားချင်းတချို့နဲ့ ညှိခန်းမှာ စာရင်းတွေ ရှင်းနေကြ၏။ နောက်ဖေးခန်းမှာ အဖော်မိန်းကလေးတချို့နဲ့ စကားလက်ဆုံကြရင်း ခင်နှင်းတို့ အလုပ်တွေ ရှုပ်နေကြသည်။ တချို့ကတော့ မောပန်းနွမ်းနယ်ပြီး အိပ်မောကျနေခဲ့ကြပြီ။

သူပြောတဲ့ သူတို့ ရပ်ကွက်ကလေးရဲ့ နွေးထွေးမှုကို ကျွန်မ ခင်တွယ်သွားခဲ့တယ်။ ခြံဝန်းလေးထဲ ဆင်းဆင်းချင်း အေးမြမှုစွတ်စိုနေတဲ့ လေတစ်အုပ်ရဲ့ ငြိမ်းချမ်းတဲ့ ကြိုဆိုမှုကို ခံလိုက်ရသည်။ ပေငါးဆယ်သာသာ ရှိမယ့် မျက်နှာစာမှာ အနောက်ဘက်ခပ်ကျကျမှာ တစ်ထပ်ပျဉ်ထောင် အိမ်မည်းမည်းလေးရှိပြီး ရှေ့ဘက်အတော်များများကို မြေကွက်အဖြစ် သီးသန့်ချန်ထား၏။ ရသမျှမြေကွက်လေးမှာ အပင် တော်တော်များများကို



www.burmeseclassic.com

www.burmeseclassic.com



ပျိုးထားတာတွေ့ရပါတယ်။ ပုဏ္ဏရိပ် ခြံစည်းရိုးလေးရဲ့ထောင့် လမ်းမဘက်မျက်နှာမူထားတဲ့ အရှေ့ဘက်ထောင့် သရက်ပင် ပုလေးရဲ့အောက်မှာ ခုံတန်းကလေးတစ်ခုကို တွေ့ရသည်။

ညနေခင်းက ပြတင်းတံခါးတွေကျော်လွန်ပြီး ခပ်ကျဲကျဲ ဝင်ရောက်လာတဲ့ အလင်း ခပ်ပါးပါးဟာ သူ့အရိပ်ကိုတော့ ကောင်းစွာမြင်နိုင်ခဲ့ပါတယ်။

တိတ်ဆိတ်ခြင်းရဲ့အသံကို ကြားရလောက်အောင် သူ့ကို ကျွန်မ ငေးကြည့်နေမိတယ်။

နောက် ကျွန်မ သူ့အနားကိုလျှောက်လာပြီး သူ့အနား ရောက်တော့ ကျွန်မရဲ့ခြေလှမ်းသံကြောင့် သူလှည့်ကြည့်တယ်။ "ဪ..."ဆိုတဲ့ အာမေဋိတ်သံ တစ်ခုနောက် ခပ်ပါးပါး ညှို့ဝတ်ကျေ အပြုံးတစ်ခုနဲ့ ကျွန်မထိုင်သာအောင် တစ်ဖက်သို့ ရွှေ့ပေးသည်။

လမ်းကို ငေးကြည့်နေတဲ့ သူ့မျက်လုံးတွေကို ကျွန်မ မမြင်ခဲ့ချင်ပါ...။

အားငယ်စိတ်တွေ ရှိနေသေးလား သူငယ်ချင်းရယ်...။ ကျွန်မ သူ့အတွက် တစ်ခုခု ကူညီပေးချင်ခဲ့တယ်။ အခုလို သူ့ အပေါ်နားလည်လာတာ ဘာကြောင့်လဲ။

နှလုံးသားရဲ့ ယစ်မူးရာနောက်မှာ အကြင်နာ ဆိုတာ ပါလာခဲ့လို့လားဟင်...။





ကမ္ဘာဦးအစက သယ်လာခဲ့တဲ့ နှလုံးသားရဲ့ယဉ်ကျေးမှု ကျွန်မရင်မှာ ပေါ်လာခဲ့ပြီ။ အဲဒါ နင် သိရဲ့လား...။

"သူရဇ္ဇ..."

နူးညံ့တဲ့ ကျွန်မရဲ့ခေါ်သံ ဘစ်ကြိမ်တစ်ခါမှ သူ့အပေါ် ဒီလိုဖြစ်ခဲ့ဖူးခြင်းမရှိ။ သူ မရိပ်မိခဲ့ဘူးနဲ့ တူပါတယ်။ ကျွန်မကို လှမ်းကြည့်တဲ့ အကြည့်ဟာ မမြင်ဘူးတဲ့ လူတစ်ယောက်လို ဖဝေဖဝါတော့ ဆန်ခဲ့တာပေါ့။

"နင် ဘာမှအားမငယ်နဲ့နော်... အဲဒီစကားကြောင့် လည်း နင် ငါ့အပေါ် မာနမထားပါနဲ့"

သူ အပြုံးတစ်ချက်ကို အလင်းတစ်ခုလို လင်းပြတယ်။

"မိဆူး... ငါလည်း လူတစ်ယောက်ပဲလေ၊ ဒီအရွယ် မှာ ဘဝတွေ ခက်ခက်ခဲခဲ ဘယ်လောက်ပဲ ဖြတ်သန်းလာလာ ကြေကွဲစရာရှိတာ ခံစားစရာရှိတာ ခံစားလိုက်မှာပဲ၊ ဒါပေမယ့် နင် ငါ့အတွက် မစိုးရိမ်ပါနဲ့"

လေညင်းနုနုကြောင့် မျက်နှာပေါ် ငြိတွယ်နေတဲ့ ဆံနွယ် မျှင်တွေကို ကျွန်မ အသာဖယ်ရှားရင်း...

"နင် ခံနိုင်ရည် ရှိသင့်သလောက်ရှိတာတွေ့လို့ ငါဝမ်းသာ ပါတယ်ဟာ... ဆရာမတို့ လေးလေးအောင်တို့က နင့်ကို အတော်စိတ်ပူနေကြတာဟ"

"ငါ့အတွက် အရေးအကြီးဆုံး ဖခင်တစ်ယောက် ဆုံးရှုံး လိုက်ရပေမယ့် ဆရာမတို့... ပြီးတော့ နင်..."



www.burmeseclassic.com

www.burmeseclassic.com



တုံ့ဆိုင်းသွားသော စကားကြောင့် ကျွန်မ ပြုံးမိပါသေးတယ်။ ပြီးတော့ အသာထမိသည်။

"ငါတို့ သူငယ်ချင်းတွေ ဖြစ်သွားကြပြီနော်... အဲဒီအတွက် ပြီးခဲ့တာတွေ ငါတို့ မေ့လိုက်ကြရအောင်၊ ကဲ... ငါလည်း အထဲဝင်တော့မယ်၊ နင် မဝင်သေးဘူးလား"

သူက ငါနေခဲ့မယ်ပြောတော့ သူ့ကို အနှောင့်အယှက် မပေးချင်တာကြောင့် ကျွန်မ ကျောခိုင်းလိုက်ပါတယ်။ ဒါပေမယ့် ခြေလှမ်း သုံးလေးလှမ်း အရောက်မှာ...

"မိဆူး"

သူ့ခေါ်သံကြောင့် ကျွန်မ လှည့်မကြည့်ဘဲ ရပ်နေမိတယ်။

"ဒီလိုအခြေအနေမျိုးမှာ ငါ့အပေါ် နားလည်နိုင်တဲ့အတွက် နင့်ကို ကျေးဇူးတင်ပါတယ်"

အမှောင်ထဲမှာ ကျွန်မ ပြုံးမိသလားမသိ။ ဒီတစ်ခါအပြုံးဟာ မာနတွေ လှောင်ပြောင်မှုတွေမပါတာ သိပ်သေချာတယ် သူရေ့...။

ငါ ယုံတယ်လေ...

အဲဒီလိုနဲ့ပဲ သူနဲ့ ကျွန်မ ရင်းနှီးခင်မင်ခြင်း ရက်စွဲတွေမှာ တစ်ယောက်ရင်ထဲက တစ်ယောက် ခံစားမှုကို သိတဲ့ ကြင်နာခြင်း မိုးတိမ်တွေအဖြစ် သူ့ရင် ကိုယ့်ရင် အုံ့မှိုင်းနေခဲ့ကြတယ်။





ကျောင်းသွားမယ့်လမ်းမှာ... ဒါမှမဟုတ် ကျောင်းတံခါးဝမှာ မျှော်လင့်ချက်ရဲ့တန်ဖိုးကို စောင့်မျှော်ရင်း အဓိပ္ပာယ်ရှိရှိ သိလာတယ်။

ကျောင်းနောက်ကျောဗေ့ာလားတဲ့ စံပယ်ခြံက စံပယ်ဖြူတွေ ခူးဆွတ်ရင်း...

ပါးကွက်ကျားလေးနဲ့ ရိုးစင်းတဲ့ကောင်မလေး တစ်ယောက်ကို နှင်းမကွဲခင် ကျောင်းသွားရာလမ်းမှာ လက်ဆောင်ပေးဖူးတယ်။

၁၀–တန်းဆောင် အင်္ဂလိပ်အက္ခရာ (H) တံဆိပ်ကပ်ထားတဲ့ အစွန်ဆုံးကျောင်းဆောင်ရဲ့ ကော်ရစ်ဒါကနေ စံပယ်ခြံရဲ့ တစ်ဖက်မှာတည်ရှိတဲ့ အားကစားသိပ္ပံမြက်ခင်းစိမ်းကို ငေးကြည့် စကားတွေပြောကြရင်း ကျောင်းသွားဖော်ဆိုတဲ့ ကဗျာလေးကို ပေးခဲ့ဖူးတယ်။

အကြင်နာပေးသူနဲ့ အကြင်နာရသူရဲ့ တုံ့ပြန်ထင်ဟပ်တဲ့ ငယ်ရွယ်သူတွေရဲ့ ပန်းချီကားဟာ အတိတ်တစ်ခုအတွက် မမေ့နိုင်တဲ့ ပန်းချီကားပါ။

တစ်ယောက်က ကြည်နူးခြင်းရဲ့ ထင်ဟပ်တဲ့အပြုံးတစ်စနဲ့ တောင်းဆိုတဲ့ ကတိစကား...

နောက်တစ်ယောက်ရဲ့ မျှော်လင့်ချက်နဲ့ သိမ်းထုပ်ထားတဲ့ နှုတ်ပြုံးဝေဝေနဲ့ ခေါင်းညိတ်ခဲ့မှု...



www.burmeseclassic.com

www.burmeseclassic.com



"မိဆူး... စာမေးပွဲနောက်ဆုံးနေ့ အစဉ်အလာ မလေ့ ထုံးစံနဲ့ညီတဲ့ စကားတစ်ခွန်းကို ပြောရတော့မယ်"

"သူရွှေ... အဲဒီနေ့ကျရင် မိန်းမတစ်ယောက်ရဲ့ ကျင့်ဝတ်နဲ့ အညီ ငါကလည်း ပြန်ဖြေရတော့မယ်"

တစ်ဦးကိုတစ်ဦး စိုက်ကြည့်တယ်။ နောက် ရယ်မောသံ တွေ ကြားတယ်...

ဒါဟာ တကယ်ပဲလား...

အခုတော့နော်...

ရှုပ်ယှက်ခတ်နေတဲ့ လူအုပ်ကြားမှာ အမြဲစိမ်းပန်းကလေး တစ်ပွင့် လွင့်လာတယ်။

အဖြူနဲ့ အစိမ်းတွေရဲ့ ယှိမ်းနွဲ့တဲ့ သက်ဝင်ပန်းချီကား တစ်ချပ်မှာ မျှော်လင့်ချက်နဲ့ တောက်ပရတဲ့ စောင့်နေရသူအဖို့ ဒီတစ်နေ့ဟာ ကမ္ဘာကြီးရဲ့ အလှပဆုံး အလင်းလိုပဲ။

စောင့်မျှော် ရပ်ကြည့်သူထံ မပြေးရုံတစ်မယ် ကောင်မ လေးက လှမ်းလာတယ်။

အနီးဆုံးရောက်တော့ နှစ်ဦးသား ကိုယ်ရှိန်သတ်ကြရင်း တစ်ဦးကိုတစ်ဦး ကြည်နူးစွာ ကြည့်ကြတယ်။

နောက် ရယ်မောကြတယ်... သူတို့နဲ့ မလှမ်းမကမ်းက ကောင်မလေးရဲ့ ကားဒရိုင်ဘာကြီးကတော့ သူတို့ကိုကြည့်ပြီး ကြည်နူး ငြိမ်းချမ်းတဲ့ မျက်နှာနဲ့ ခေါင်းတညိတ်ညိတ်။

ရွှေသမင်စာပေ



"မိဆူး... ဒီနေ့ စာမေးပွဲလည်း ပြီးသွားပြီနော်"

"အင်း..."

"ငါ ပြောထားတဲ့စကားကို နင် သတိရရဲ့လား... အဲဒီ တော့ အခု ငါ ပြောတော့မယ်"

"နေဦး..."

"ဘာဖြစ်လို့လဲ"

"ဒီကျောင်းဝတ်စုံနဲ့ နင်ပြောမယ့်စကားကို ငါနားမထောင် သင့်ဘူး"

"ငါ သဘောပေါက်ပြီ... ဘယ်ကို နင်လာခဲ့မလဲ"

"အဝတ်အစားလဲပြီးရင် စံပယ်ခြံက နင်စောင့်နေ"

"အေး... ပြီးရော"

စကားတွေပြောနေကြတဲ့အချိန်မှာ သူတို့ရဲ့သူငယ်ချင်း တွေ ရောက်လာကြတယ်။

တစ်ဦးကိုတစ်ဦး နောက်ပြောင် ကျီစယ်ကြရင်း...

"ဟော့... ခုန မင်းတို့ ဘာတွေပြောနေကြတာလဲ"

"ငါတို့သိတယ်နော်"

မိဆူး ဆိုတဲ့ကောင်မလေး ကားဆီကို ထွက်ပြေးသွား တယ်။

ရယ်သံတွေ... ကျီစယ်သံတွေ ကျန်ခဲ့တယ်။ ဒါဟာ လေပြည်လေညင်းတွေပဲလားကွယ်...

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အခုတော့ အရာရာဟာ...

စံပယ်ခြံရဲ့ ခပ်လှမ်းလှမ်းက အဆောက်အအုံဟောင်းကြီးရဲ့ အပေါ်မှာ တိတ်ဆိတ်ငြိမ်သက်တဲ့ လူနှစ်ယောက်...။

ဒဏ်ရာတွေ ကိုယ်စီနဲ့ တစ်ဦးကိုတစ်ဦး ခပ်သာသာ အကွာအဝေးမှာ ကျောခိုင်းထားကြတယ်...။

သူတို့ရပ်နေတဲ့ နေရာဟာ ကမ်းချိန်က အခမ်းအနားပွဲတော်တွေကျင်းပရာ စင်မြင့်တစ်ခု။ အခုတော့ စွန့်ပယ်ထားခဲ့ပြီ။ ရှေ့မှာ စိမ်းစိုမှုကင်းမဲ့တဲ့ ညို့နွမ်းနွမ်း ကွင်းပြင်ကြီးက နှစ်ဦးသားအတွက် နိမိတ်ပုံတစ်ခုလို... လေတွေက တဟူးဟူးတိုက်နေတယ်။ ဆံပင်တွေလွင့်ရင်း ရင်ထဲက ဝန်ထုပ်ဝန်ပိုးတွေပါ အဝေးကို လွင့်ချင်နေကြမှာပါ။ မာကျော တင်းမာနေကြတဲ့ မျက်နှာပေါ်က ဒေါသနဲ့တပ်ဆင်ထားတဲ့ အစိုင်အခဲတွေ အနီရောင်ရင့်ရင့်တွေ... အံကြိတ်တင်းမာမှု နှုတ်ခမ်းပါးကလေးရဲ့ တင်းတင်းဖိထားတဲ့ အရာဟာ မာနများလား... ဒါမှမဟုတ် အငြိုးအာဃာတတွေလား...။

တစ်ဦးက ပြောတယ်...

"နင် ဘာဖြေရှင်းချက်ပေးမလဲ၊ ပြော..."

"ဖြေရှင်းချက်... ဟုတ်လား... ဖြေရှင်းချက်ဆိုတာ အများလုပ်မိတဲ့သူတွေ၊ အလုပ်ရှင်နဲ့အလုပ်သမား လက်အောက်ငယ်သားတွေရဲ့ အတွဲဆန်တဲ့စကားစုတစ်စုပဲ... အမှန်တရားလို့





လက်ခံထားတဲ့ အရာအပေါ် စကားလုံးတစ်စုနဲ့ အရောင်မဆိုးချင်ဘူး"

"နင်... စကားလုံး အကြီးကြီးတွေကို လျှာသေးသေးလေးနဲ့ မချိမဆံ့ ကြိုးစားပြီးမပြောနဲ့ သူရဲ့... နင် ငါ့အပေါ် နားလည်ပါတယ်ဆို... အခုလို လုပ်ပြလိုက်တာဟာ နင့်ရဲ့ နားလည်ခြင်းလား...

ငါ့အဖေမှန်း သိရက်နဲ့ ရိုင်းရိုင်းပျပျ လူမိုက်ဆန်ဆန် စော်ကားလိုက်တာက နင်နဲ့ ငါ့ကြားက နားလည်ခြင်းလား"

"နင်ကိုယ်တိုင် မတွေ့ဘဲနဲ့ နင့်အဖေဘက်က မှန်ပါတယ်လို့ ဖြစ်သမျှအားလုံးကို နင် ဘယ်ဦးနှောက်နဲ့ ရွေးချယ်ရတာလဲ"

"ဒီကိုလာဖို့ စာမေးပွဲအပြီး အိမ်ကိုအပြန် လမ်းမှာ နင့်အဖေ မောင်းလာတဲ့ကားက လက်ပွေ့ဈေးသည်ကောင်လေးတစ်ယောက်ကို ပွတ်ဆွဲသွားတယ်၊ မထနိုင်အောင် ဖြစ်နေတဲ့ ဒီကောင်လေးကို ခဏတစ်ဖြုတ်ကြည့်ပြီး ငွေစက္ကူ တစ်ထပ်ပေးတယ်၊ အနီးအနားကလူတွေနဲ့ ဆေးရုံပို့ဖို့ ပြောတယ်။

သူက အရေးတကြီးရှိလို့ သွားစရာရှိတယ်တဲ့။ ဟားဟား... ဟားဟား... အဲလို လုပ်လို့ရသလား။ စဉ်းစားကြည့်ဦး... ဒါ လူမဆန်တဲ့ အပြုအမူပဲလေ၊ အဲဒီလို အမြင်ဆောက်တော့ ငါ ကောင်လေးကိုပွေ့ပြီး မင်းအဖေ ကားပေါ်



www.burmeseclassic.com

www.burmeseclassic.com



တင်တယ်၊ ဒါ...အပြစ်လား... ဒါရိုင်းတာလား... မင်းပြောစမ်း... စဉ်းစားကြည့်စမ်း"

"ဒါ ငါ့အဖေမှာ အရေးပေါ် နိုင်ငံခြားဧည့်သည်တွေကို လေဆိပ်မှာ သွားကြိုရမယ်လို့ ပြောထားတာပဲ၊ ငါ့အဖေမှန်း သိရက်နဲ့ ဒီလို မောက်မောက်မာမာ စကားအကြမ်းတွေနဲ့ လူကြီးတစ်ယောက်ကို စော်ကားတာ ငါ့ကို စော်ကားတာနဲ့ အတူတူပဲ သူရဲ့..."

"ဒါ စော်ကားတာ... ဟုတ်လား၊ အဲဒါဆို မင်းအဖေက လမ်းပေါ်မှာလဲနေတဲ့ လူတစ်ယောက်ကို ဥပေက္ခာပြုပြီး ကျော်ခိုင်းဖို့ဆိုတာ ယဉ်ကျေးတာလား... နင် ပြောစမ်း..."

"နင်... အရိုင်းအစိုင်း ဂျစ်ပစီကောင်ပဲ၊ အခွင့်အရေးဆိုတာကို သိရက်နဲ့ မယူချင်တာဟာ နင် ကန်းနေလို့လား... ဒါမှမဟုတ် လူနုံလူအမို့လို့လား..."

ကောင်လေးက ကောင်မလေးကို အံ့သြစွာ ငေးကြည့်တယ်။ မာနနဲ့ ယှဉ်ပြိုင်နေတဲ့ မျက်ဝန်းနှစ်ခုမှာ မီးတောက်တွေ ဖွာခနဲ...

"အခွင့်အရေးဆိုတာ နင်နဲ့ ငါနဲ့ ရင်ထဲက တစ်ဦးတစ်ယောက်ချင်းနဲ့ သက်ဆိုင်တဲ့ နှစ်ဦးသားသိတဲ့ ပြဿနာချက်လေ၊ အဲဒီပြဿနာချက်ကို ကိုးကားပြီး ဘေးကဖြစ်နေ တွေ့နေတာတွေကို လျစ်လျူရှုဖို့ ငါ့နှလုံးသားက ပျော့ညံ့ညံ့ မဖြစ်ခဲ့တာ ငါ့ကို ခွင့်လွှတ်ပါ"





တွန့်ကွေးသွားတဲ့ ကောင်မလေးရဲ့ နှုတ်ခမ်းတစ်ဖက်နဲ့ အတူ...

"ခွင့်လွှတ်ပါ... ခွင့်လွှတ်ရမယ် ဟုတ်လား... ငါနဲ့ ပတ်သက်တဲ့ ငါ့အဖေအပေါ်မှာတောင် နင် အဲလောက်စော်ကားခဲ့ရင် နင်ပြောတဲ့ နားလည်မှုဆိုတာ ငါ့ကို အဆိပ်ဖြစ်စေမယ့် ဆိုးကျိုးတွေပဲလို့ ငါထင်တယ်၊ အဲဒီတော့..."

တစ်ဦးနဲ့တစ်ဦး ရင်ဆိုင်ကြည့်တယ်... မျက်လုံးတွေထဲက တစ်ခုခုကို နှစ်ယောက်သား ရှာဖွေကြသေးတယ်။

"အဲဒီတော့... ဒီစကားဟာ နိမိတ်မကောင်းတဲ့ အကျိုးဆက်တွေပဲပေါ့"

ကောင်လေးရဲ့ စကားသံအဆုံးမှာ...

လေတွေ ခပ်သည်းသည်း စီးလာတယ်။ အဝေးက လေပွေသေးသေး ဝေ့လာတဲ့ လေစီးကြောင်းဟာ သူတို့ နှစ်ယောက်ကြား ဖြတ်သန်းသွားတယ်။ ကော့ပျံတက်နေတဲ့ သစ်ရွက်ခြောက်တွေဟာ လေရဲ့အလောင်းအကျွမ်းကို ခံလိုက်ရသလိုပဲ။

မြင်ရသမျှဟာ မှုန်ကုပ်မှု ဆန်တယ်၊ အရာရာဟာ ခြောက်သွေ့လာတယ်။ (Good Bye) လို့ နှုတ်မဆက်ဘဲ လမ်းခွဲရမယ့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုသာ အချိန်မီမပြောခင် အမုန်းတွေ လက်ကုန်ကြသွားတဲ့တိုက်ပွဲထဲ မာနကို သရဖူလို ဆောင်းလာတဲ့ သူတို့နှစ်ယောက်. . .။

အချိန်ကာလများစွာ ရင်းနှီးခဲ့ရတဲ့ သံယောဇဉ်ကို မေ့ဖျောက်တဲ့ တစ်ရက်တာ မာနအတွက် အချစ် ဆိုတာကို မေ့ခဲ့ကြသူနှစ်ဦး. . .။





- *(ဥပေက္ခာတံခါးကို ပိတ်ရှိ)*
  *မင်းရင်ထဲက တိတ်တခိတ်လာတဲ့ ဓားသွားမှာ*
  *အမုန်းပေါ် ပါစေ. . .*

- *အိပ်မက်တွေကြွေပျက်*
  *နွေသစ်ရွက်လိုကြေသွဲ့*
  *စိတ်ပျက်စရာ အမုန်းရှိနေပါစေ. . .*

- *မင်း အနာဂတ်ရဲ့ ကောင်းကင်ယံမှာ*
  *တောင်ပံတွေညှောင်းလို့*
  *စိတ်ထောင်းကိုယ်ကြေ ငါ့အရိပ်မှာလာနားသ*
  *သင်းပျံ့သွားတဲ့အခါ*
  *ကျန်ရစ်ခဲ့တဲ့ဒဏ်ရာ*
  *ငါ့ လွမ်းဆွတ်ခြင်းဖိတ်စာ. . .။*

(...Z...)





www.burmeseclassic.com

www.burmeseclassic.com



# အခန်း - ၄

ညရေးရေးမှာ လမင်းကတော့ ကွေးကွေးလေး နစ်မြှုပ်နေဆဲ…

အုတ်လှေကားဖြူဖြူ သုံးထစ်အစပ်ဝရဲတာ လျှာထိုးခင်းပေါ်မှာခင်းထားတဲ့ ပလတ်စတစ်ကော်ဇောပေါ် ကိုအောင်နိုင်က လှဲချရင်း ကောင်းကင်ကိုကြည့်ကာ…

"သူတို့ ပြန်မတွေ့ကြတော့ဘူးလား…"

သက်ပြင်းချသံကြားရတယ်။ စကားသံ ရုတ်တရက်ထွက်မလာခဲ့ပေ။ ဝီစကီနစ်ပက်ရဲ့ အာနိသင်ဟာ သူ့အတွက်တော့ ခပ်တွေတွေ… မျက်ဝန်းကိုမှိတ်ရင်တော့ ပုံရိပ်တချို့ ပြန်မြင်ရမှာကျိန်းသေတယ်။

"စာမေးပွဲပြီးတော့ ဒီကောင် ထိုင်းမှာ အလုပ်သွားလုပ်ရင်း သင်တန်းတက်တယ်၊ ကင်မရာ ဒစ်ဂျစ်တယ်နည်းပညာနဲ့





ပတ်သက်တဲ့ သင်တန်းတွေ… အဲဒီအတွက် အဆက်အသွယ်ကို သူ့အဖေနဲ့အရမ်းရင်းနှီးတဲ့ ထုတ်လုပ်ရေးက ဦးစောမိုးဝေက သက်သက် ကူညီတာ… ထိုင်းမှာ နှစ်နှစ်ကြာတယ်၊ ကင်မရာကော ပန်းချီနဲ့ပတ်သက်တဲ့ သင်တန်းတွေ တက်ဖြစ်တယ်၊ ပြန်ကာနီး လေးလေးအောင်ရဲ့ အဆက်အသွယ်နဲ့ ဂျပန်ကို လှည့်ဝင်တယ်၊ အဲဒီမှာ နှစ်နှစ်လောက်ကြာတယ်။ အလုပ် လုပ်တယ်၊ သင်တန်းတွေတက်တယ်။ ပြန်လာတော့ သူ့ပထမအိမ် ရောင်းရတဲ့ ပိုက်ဆံနဲ့ပေါင်းပြီး ဒီခြံလေးကို ဝယ်လိုက်တယ်၊ ရောက်ရောက်ချင်း ဓာတ်ပုံစတူဒီယို ဆောက်လိုက်တယ်၊ အများဆုံးနေတာက ဆရာမ အိမ်မှာပဲ၊ တစ်ခါတလေ ဒီမှာနေတယ်၊ သူ စတေဓာတ်ပုံတွေတော့ မရိုက်တော့ဘူး။ ဦးစောမိုးဝေက တစ်ခါတလေ အကူအညီတောင်းရင်တော့ ပိုက်ဆံမယူဘူး၊ သူ သွား,သွားကူတယ်"

ရေခဲထည့်ထားတဲ့ခွက်ကို အသာလှည့်ရင်း ခပ်မျှင်းမျှင်း စုပ်ယူလိုက်တယ်။

လည်ချောင်းတစ်လျှောက် ပူဆင်းသွားတဲ့ အထိအတွေ့ကို ရေနဲ့ဖျော့ယူ၏။ သို့ပေမယ့် ပူလောင်မှုအထိ အတွေ့က ကျန်ရှိနေဆဲ…။

"သူ အချိန်တိုတိုအတွင်းမှာ အောင်မြင်လာတာ သူ့စန်းက ကြောက်ဖို့ကောင်းတယ်နော် ကျော်ဇေ…"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် သိပ်မအံ့ဩဘူး ကိုနိုင်... ယေယေလေး ထဲက အနီးကပ် ပေါင်းလာလို့လားတော့မသိဘူး။ သူ့အနုပညာ ဗီဇကိုသိတယ်၊ ဓာတ်ပုံပညာတစ်ခုတည်း မဟုတ်ဘူး။ ကျွန်တဲ့ အနုပညာကိစ္စမှာပါ ကိုယ်တိုင် ဖန်တီးနိုင်တယ်၊ သူ့ကိုယ်တိုင် ကိုယ်က အနုပညာအပေါ် သိပ် (Crazy) ဖြစ်တယ်လေ"

ကျောမှီထားတဲ့ ဦးခေါင်းနဲ့အညီ ဝရံတာအဝင် နှုတ်ခမ်း စပ် တိုင်တွေသည် သက်သောင့်သက်သာ ရှိလှသည်။ မြက်ခင်း သဲမှာ ပြုပ်ထားတဲ့ အပြာရောင် ခပ်ဝါးဝါး အလင်းတွေမှအပ လရောင်ရဲ့ အေးမြခြင်းကို ခံယူထားတဲ့ခြံကလေး... သူရဇ္ဇကို စောင့်ရင်း ဒီလိုပိုင်းမျိုး ဖြစ်တတ်တာမဆန်းတော့။ တစ်ပတ် တစ်ရက်လောက်တော့ ကျွန်တော်ရယ်... ရုပ်ရှင်ဒါရိုက်တာ ကိုအောင်နိုင်ရယ် သုံးယောက်သား ဝိုင်းဖွဲ့ဖြစ်ကြသည်။

ပုလင်းတစ်ဝက်ကျိုးချိန်မှာ ခြံဝင်းထဲသို့ ချိုးဝင်လာသော ကားတစ်စီးရဲ့မီးရောင်ကြောင့် ကျွန်တော်တို့အာရုံတွေ ပြန်မတ် လာတယ်။ လှေကားရင်းမှာ ဆင်းထိုင်နေတဲ့ ကိုအောင်နိုင်နဲ့ ကျွန်တော့်ရှေ့သို့ သူ့ကားလေးထိုး စိုက်လာတယ်။ ကားတံခါး ကိုဆွဲဖွင့်ရင်း သူရဇ္ဇ ဆင်းလာတယ်။ ဂျစ်တေတေနဲ့ မသေ မသပ်ပုံစံကတော့ လွန်ခဲ့တဲ့ နှစ်အပိုင်းအခြားက သူရဇ္ဇပါပဲ။ အညိုရောင်သန်းနေတဲ့ ပခုံးအထိထောက်နေတဲ့ ဆံပင်။ ဆံပင် တွေကြားက စူးရှရှမျက်ဝန်းနဲ့ အရောင်မှိန်မှိန် ဂျင်းဘောင်းဘီ





ကို အောက်က စွပ်ကျယ်တစ်ထည်ကိုခံကာ အပေါ်က ရှပ်အင်္ကျီ အကွက်ကြီးကြီး ဖလံထည်တစ်ထည်ကို ဗိုသီဖတ်သီ ဝတ်ထား သည်။ သုံးချောင်းထောက်ကို တစ်ဖက်ကကိုင်ကာ တစ်ဖက်က ကင်မရာအိတ်ကို သယ်ယူလာသည်။

သူနဲ့အတူပါလာတဲ့ အဖော်ချာတိတ်က ကင်မရာအိတ် တွေ ကြီးခွေတွေပါတဲ့ ဆန်းဂမ်းအိတ်တွေကို ကိုင်ကာ ကျွန်တော် တို့ကို ကျော်ဖြတ်၍ အထဲဝင်သွားသည်။ ကျွန်တော်က သူ့လက်ထဲက သုံးချောင်းထောက်ကို လှမ်းယူကာ ဝရံတာ ဘေးမှာ အသာချထားပေးလိုက်သည်။

သူရဇ္ဇက ကျွန်တော့်ကို ကျော်တက်ကာ ကြမ်းပြင်ပေါ် ခင်းထားတဲ့ ကော်ဇောပေါ် လှဲအိပ်ပြီး...

"ဘာတွေ ပြောနေကြတာလဲ"

ကိုအောင်နိုင်က ကျွန်တော့်ကို ပြုံးကြည့်သည်။ ပြီးတော့ မျက်စိတစ်ဖက်မှိတ်ပြ၏။

"သူရဇ္ဇနဲ့ နှင်းဆီအောင်ရဲ့ ပုံပြင်"

သူငယ်ချင်း နှုတ်ဆိတ်သွားပါတယ်။ ကောင်းကင်ရဲ့ ညကို ငေးကြည့်နေတဲ့ မျက်ဝန်းဟာ ကြယ်ကလေးတွေလိုပဲ အရောင် မှိန်သွားခဲ့တယ်။

နှုတ်ခမ်းမှာ ပြာတောင့်မခြွေဘဲ ထားတဲ့ စီးကရက်ဟာ တစ်ချက် တစ်ချက် ရဲခနဲ...။



www.burmeseclassic.com

www.burmeseclassic.com



"ပုံပြင်... ဟုတ်လား"

သူ့နှုတ်က တစ်ယောက်တည်း ညည်းညူသလို တိုးတိုးလေး ရေရွတ်လာတယ်။

အထိနာခံရတဲ့ လေသံလို တစ်ခုခု လိုက်မောစေတဲ့ တမ်းတသံလိုလို...

"ဒဏ်ရာဆိုတာ ပြန်ပြောလို့မကောင်းတဲ့ နာကျင်စရာပဲလေ၊ ဘာလို့ အသစ်ပြန်ဖော်ချင်ရတာလဲ"

"အသစ်ဆိုတာ ကြာရင် ဟောင်းသွားမှာပဲ သူရဲ့ရှ... ဖြစ်ပြီးသမျှဟာ လွယ်လွယ်မေ့ပစ်ဖို့ မင်းတို့ ပြဿနာက ထင်သလောက်လဲ မဟုတ်သေးပါဘူးကွာ"

ကျွန်တော်က ကြားထဲက သူတို့နှစ်ယောက်ရဲ့ အပြန်အလှန် ပြောဆိုမှုတွေကို နားထောင်မိတယ်။ သူရဲ့ရှအတွက် ဝီစကီ အနည်းငယ်ကို စပ်ပေးရင်း သူ့ရှေ့သို့ ရွှေ့ပေးသည်။ သူက လှဲနေရာမှ ပြန်ထရင်း ဖန်ခွက်ကို ကိုင်ကာ ဝရံတာလက်တန်းပေါ် တင်ပါးလွှဲ ထိုင်သည်။

ဂျပန်စတိုင် အဖြူရောင်ဆွဲတံခါးကို တွန်းဖွင့်သံကြောင့် လှည့်ကြည့်တော့ သူရဲ့ရှရဲ့ ချာတိတ်က အပြုံးနဲ့ဝင်လာသည်။ လက်ထဲက (ချိစ်)ပန်းကန်ကိုချပေးပြီး ပုံထားတဲ့ သုံးချောင်းထောက်စတမ်းနဲ့ အိတ်တွေကိုသယ်သွားသည်။ ကိုအောင်နိုင်က ချာတိတ်ကို လှမ်းစသည်။

ရွှေသမင်စာပေ



"မင်း အကွက်မြင်တယ်၊ မင်း... ဒီထက်ပိုပြီး တိုးတက်လာမယ်ကွ"

ကောင်လေးက ခိုင်းကောင်းလို့လားလို့ အပြုံးဖြင့် တံခါးပြန်ရင်း အထဲဝင်သွားတယ်။ ကျွန်တော် သူရဲ့ရှကို ငေးကြည့်မိတယ်။

ဝရံတာတန်းပေါ် အလျားလိုက် ခပ်လျော့လျော့ထိုင်ပြီး တိုင်ကိုမှီထားတဲ့ လျော့ရဲရဲခန္ဓာကိုယ်မှာ အတွေးတွေ စွန်းထင်းချင်နေသည်။

ရည်ရွယ်ရာမဲ့တဲ့ မျက်လုံးတွေက ဟိုးအဝေးဆီကို...

တစ်ယောက်နဲ့ တစ်ယောက် စကားမပြောဖြစ်ကြ... ကျွန်တော့်အတွေးနဲ့ အကြည့်တွေ ဦးတည်ရာမဲ့ ပြေးလွှားနေ၏။

မြက်ခင်းစိမ်းစိမ်းတွေအပေါ်... နောက်... မြက်ခင်းတွေအလယ်က ပန်းချီစတမ်းပေါ် တင်ထားတဲ့ ကျောက်ဖြူသားဆိုင်းဘုတ်အပေါ်...

မြက်ခင်းထဲမှာ မြှုပ်ထားသည့် ဆိုင်းဘုတ်ကို လိုက်တင်ပေးထားတဲ့ ဆလိုက်အသေးကလေးတွေဆီ...

လရောင်ဟာ ခပ်ပါးပါးကလေး လင်းနေတယ်။ ခြံစည်းရိုးအစပ်က ပန်းမညူလီတွေ အစွန်အဖျားက လမင်းဟာ ညတစ်ညရဲ့ ပန်းချီကားတစ်ချပ်လို လုပနေတာတော့အမှန်ပင်။

ဒီပန်းချီကားထဲမှာ လွမ်းဆွတ်မှုတွေပါမယ်... သူနဲ့ သူချစ်တဲ့ ကောင်မလေးပါမယ်...

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မှုဝေခံစားမိဟဲ့ ကျွန်တော်လည်းပါမယ်… ကိုအောင်နိုင်က ကျွန်တော့်ထက် အရင်ထွက်သွားပြီမို့ ကျွန်တော်လည်း ထရပ်မိသည်။ သူ့အတွေးနဲ့ အခုအချိန်ကို အနှောင့်အယှက်မပေးချင်တော့… တိုးတိုးတိတ်တိတ် သူ့အနားက ထွက်ခွာလာခဲ့တယ်၊ အဖြူရောင်အလင်းနဲ့ တပ်ဆင်ထားတဲ့ ဆွဲတံခါးကို တွန်းအဖွင့်မှာ…

"ကျော်ဇေ…"

ကျွန်တော် လှည့်မကြည့်ဖြစ်ပေမယ့် ကျွန်တော် ရပ်နေမိရင်း သူပြောမယ့် စကားသံကို နားစွင့်မိသည်။

"တစ်ယောက်ယောက်ကို ပြင်းပြင်းပြပြ သတိရတတ်တဲ့အခါ ပန်းချီကားတစ်ချပ် ကဗျာတစ်ပုဒ် ဖန်တီးမယ်ကွာ… မင်းဆိုရင် ဘယ်လိုခေါင်းစဉ်တပ်မလဲ"

သူ မြူးမိတယ်။ ထိုသူငယ်ကို ဒီနေရာက မထွက်ခွာမီ စချင်ချင် ဖြစ်လာတာကြောင့်…

"အချစ်ရှာပန"

"ဘာဖြစ်လို့လဲ"

(ဒီကောင် နပ္ပုးကြောရှုံ့သွားအောင် မျက်မှောင်တွန့်သွားမှာ သေချာတယ်။)

ကျွန်တော် အဖြေစကားတစ်ခွန်း ထပ်ပြောပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်ဖို့ အထဲဝင်သွားတယ်။





ကျွန်တော့် သူငယ်ချင်းကတော့ တစ်ညလုံး စဉ်းစားနေမှာတော့ သေချာနေပြီ။

"အချစ်သေဆုံးရတာ အမုန်းနဲ့ ဥပေက္ခာပြုမှုကြောင့်ပဲ သူရှဖွ… အကြောင်းကြောင်းကြောင့် အချစ် မရှိတော့ဘူးပြောနေပေမယ့် အလွမ်းတွေက ဆက်တိုက် ထိုးနှက်တော့မှာ သေချာတယ်လေ… ဒါတွေကို မင်းအသိဆုံးဖြစ်မှာပါ"

သစ်ပင်တွေရဲ့ ရယ်သံ ယိမ်းထိုးလှုပ်ခတ်နေတယ်…

ပျော့ခွေနေတဲ့ ဆံပင်ကို သုံးလေးချက် အလိုက်သင့်ဖြီးပေးရင်း မှန်ထဲက သူငယ်ချင်းမလေးရဲ့ ပုံရိပ်ကို ကြည့်မိသည်။ ပန်းပုရုပ်တုလို အသက်ဝင်လှပလွန်းသူလေးရဲ့ မျက်ဝန်းတာ အလွမ်းနဲ့ စွတ်စိုနေတယ်။

"သူ ပြန်ရောက်လာပြီဆို…"

မှန်ထဲကတစ်ဆင့် သူမကို ကြည့်မိတော့ သူမ မျက်ဝန်းက တစ်စုံတစ်ခုကို အမြန်ဖုံးကွယ်ထားလိုက်တာ တွေ့ရတော့ ကျွန်မ ပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ရောက်တာ သုံးလကျော်ကျော်လောက်ရှိပြီ နှင်းဆီရဲ့၊ သူ... စတူဒီယိုတစ်ခု ဖွင့်ထားတယ်လေ... (APRIL-29) တဲ့၊ နှင်းဆီ... နင်နဲ့သူ တစ်ခါမှ မဆုံသေးဘူးနော်.... ဒီအသိုက်အဝန်းမှာ ကျင်လည်ကြသူ အချင်းချင်း ပြန်မဆုံသေးတာ အံ့ဩစရာပဲ"

ကျွန်မ ဘီးဖြီးခြင်း အလုပ်ကို ရပ်လိုက်တော့ သူမ ဖြည်းညင်းစွာ ထရပ်တယ်။ ပြီးတော့ လေသာဆောင်ဘက် သူမ လျှောက်သွားတယ်။

ကျွန်မကတော့ သူမ ထိုင်ခဲ့တဲ့ ထိုင်ခုံမှာ ဝင်ထိုင်ရင်း သူမကို ကြည့်မိသည်။

ရုပ်မော်ဒယ်တစ်ယောက်အဖြစ် နာမည်ကြီး အောင်မြင်ခဲ့တဲ့ သူမရဲ့ ဆွဲဆောင်အားကို မိန်းမသား အချင်းချင်းတောင် ငေးယူ ပိုင်ဆိုင်ချင်စရာ...။

"သူကိုယ်တိုင်က ငါ့ကို ရှောင်နေတာဖြစ်မှာပါ ခင်နှင်းရယ်..."

နှမ်းမောတိုးတိတ် ထွက်ကျလာတဲ့ သူမ သူငယ်ချင်းလေးရဲ့ စကားသံမှာ မျှော်လင့်ချက် ရောင်စဉ်တန်းကို သူမ တွေ့မြင်ခဲ့၏။

"နင် ထင်နေလို့ပါ..."

"ဘယ်လို..."





သူမစကားကြောင့် နှင်းဆီ ဆတ်ခနဲလှည့်ကြည့်သည်။ အရှိန်ကြောင့် ပခုံးပေါ် လွင့်ကျနေတဲ့ ဆံပင်တစ်ထွေးက ဖြာခနဲ လိမ့်ဆင်းသွားသည်။ လှပလှတဲ့ အမူအရာလေး... ကြည့်စမ်း... (ဒါကြောင့်လည်း အောင်မြင်ခဲ့တာဖြစ်မည်။)

"ဟုတ်တယ် နှင်းဆီ... သူ နင့်အပေါ် သံယောဇဉ် မကုန်ဘူး၊ ခဏ... ငါ ဆက်ပြောမယ်"

သူမပြောမယ့်စကားကို လက်ကာပြပြီး ကျွန်မ တားလိုက်တယ်။

"ငါ့စကားအတွက် အကောင်းဆုံး သက်သေ ရှိတယ်၊ ဘယ်သူလဲ... သိလား... 'ကျော်ဇေ'လေ၊ ကျော်ဇေနဲ့ငါက အမြဲတွေ့နေရတာပဲ၊ သူလည်း သူ့သူငယ်ချင်းအကြောင်းကို သိတာပဲ"

"နင်တို့ဟာက ဘာမဟုတ်တဲ့ ပြဿနာသေးသေးလေးကို ပုံကြီးချဲ့နေတာပါဟာ... နင့်အဖေလည်း သူရဲ့နဲ့ ပြဿနာဖြစ်တာ အခုလောက်ဆို မေ့တောင် မေ့နေလောက်ပြီ... မမေ့နိုင်တာက မာနတွေနဲ့တင်းခံနေတဲ့ နင်တို့နှစ်ယောက်ပဲ အချစ်မှာ ဒီလိုကြားခံနယ်တွေရှိနေသရွေ့ နင်တို့ ဝေးနေရဦးမှာပဲ နှင်းဆီ..."

သူမက နာနာကျင်ကျင် ပြုံးပါတယ်။ ခဲညိုရောင်ဆိုးထားတဲ့ နှုတ်ခမ်းပါးကလေးက ထွက်ကျလာတဲ့ စကားသံတွေ။



www.burmeseclassic.com

www.burmeseclassic.com



"ငါက မိန်းမသားပါ ခင်နှင်းရာ... မိန်းမတစ်ယောက်ရဲ့ သိက္ခာကိုရင်းပြီး ရေစီးကောင်းအောင် မြောင်းဖောက်ပေးရဦးမှာလား... သူ စဉ်းစားသင့်တာပေါ့"

သူငယ်ချင်းလေးရင်ထဲက ပွင့်ထွက်လာတဲ့ စကားကြောင့် ကျွန်မ ပြုံးပြီး ကြည့်မိတော့ သူမ ရှက်သွားဟန်တူပါတယ်။

"အေးလေ... အဲဒါတော့ဟုတ်တာပေါ့။ ငါတို့ဇာတ်လိုက်ကလည်း ဒါကျတော့ တုံးတယ်နော် နှင်းဆီ"

သူမက ရှက်ရယ်ရယ်ရင်း ကျွန်မကို မျက်စောင်းထိုးတယ်။ ပြီးတော့...

"အလကားပါဟာ.... ငကြောက်"

"အဲလို တရားသေတော့ ပြောလို့မရဘူး နှင်းဆီရယ်... သူလည်း ယောက်ျားပဲလေ၊ ယောက်ျားစိတ်ဓာတ်တော့ ရှိမှာပေါ့"

"ယောက်ျား စိတ်ဓာတ်..."

ကျွန်မ ခေါင်းညိတ်ပြမိတယ်။

"ဟုတ်တယ်လေ... နင် သူ့ဘက်ကို ပြန်စဉ်းစားကြည့်ပေးပါ... GNR ကျောက်မျက်ရတနာကုမ္ပဏီပိုင်ရှင်ရဲ့ တစ်ဦးတည်းသောသမီး။ ပြီးတော့ နာမည်ကြီးရုပ်ရှင်မော်ဒယ်... အဲဒီလို ဂုဏ်ထူး ဝိသေသတွေ များနေတဲ့ မိန်းကလေး တစ်ယောက်ကို သူ ဘယ်လိုအင်အားနဲ့ ချဉ်းကပ်ရမလဲ၊ နောက်ပြီး နင် ငြင်းလိုက်မှာလဲ သူ ကြောက်နေမှာပေါ့"





"မဆိုင်ပါဘူး... ခင်နှင်းရယ်၊ ငါ အဲဒီလို လူစားလားနင်အသိဆုံး... ငါ...ငါ... ဆက်မပြောချင်တော့ဘူးဟာ"

သူငယ်ချင်းလေးရဲ့ စကား...ကြောင့် ကျွန်မ ပိုအားတက်မိတယ်၊ သူတို့နှစ်ယောက် အဆင်ပြေချင်တာ ကျွန်မတို့တစ်အုပ်လုံးရဲ့ အမှန်တကယ် ဆန္ဒပါ။

သိပ်ချစ်နေမှန်းသိရက်နဲ့ ဝေးနေရတဲ့ ချစ်သူနှစ်ဦးကို ပြန်လည်ဆုံတွေ့ပေးဖို့ ကျွန်မတို့ သိပ်ကြာရှည်အောင် စောင့်ရတော့မှာ မဟုတ်တော့ပါဘူး...။

ကျွန်တော် မဂ္ဂဇင်းတိုက်ထဲ ဝင်လိုက်တော့ အယ်ဒီတာစားပွဲမှာ ကျော်ဇေယျက တစ်ဂုပ်ကုပ်နဲ့ အလုပ်ရှုပ်နေသည်။ သတင်းစာမူတွေကို နောက်ကျော တရုတ်ကပ်မှန်မှတစ်ဆင့် ကွန်ပျူတာခန်းကို လွှဲပြောင်းပေးနေသည်။ သူ့ရဲ့ချစ်လှစွာသော သွမန်ရိုး ခင်နှင်းက သတင်းထောက် ကိုစိုးဝင်းနိုင်နဲ့ စကားသက်ဆုံကြနေပါတယ်။

"အယ်ဒီတာစုံတွဲကတော့ လိုက်လည်း လိုက်ပါရဲ့ကွာ



www.burmeseclassic.com

www.burmeseclassic.com



"ဟာ...ရောက်လာသေးတယ်နော်၊ မင်းကို စောင့်ရတာ တမျှော်မျှော်နဲ့"

ကျွန်တော် နီးရာခုံကို ဝင်ဆွဲပြီးထိုင်လိုက်တော့ ကိုစိုးဝင်းနိုင်က ထရပ်ရင်း...

"နာမည်ကြီး ဓာတ်ပုံဆရာဆိုတော့လဲ ဒီကောင်လေးကို ကိုယ်တို့က ပြန်စောင့်ရတော့မှာပေါ့ ကျော်ဇေယျရာ"

"မဟုတ်ပါဘူး အစ်ကိုရာ... ကျွန်တော်... အသိတစ်ယောက်နဲ့ ဘားလမ်းထဲမှာတွေ့ပြီး စကားပြောနေကြလို့ပါ"

တစ်ယောက်ကို တစ်ယောက် စနောက်မိရင်း ကိုစိုးဝင်းနိုင်က နှုတ်ဆက်သည်။ လက်ဖက်ရည် သောက်သွားဦးပြောတော့ နောက်မှလို့ အော်ပြောရင်း ထွက်သွားသည်။

ကျော်ဇေယျက စကားလှည့်ပြောလိုက် သူ့အလုပ်သူလုပ်လိုက်နဲ့ တစ်ယောက်တည်း အလုပ်ရှုပ်နေ၏။

ခင်နှင်းက ပလတ်စတစ်ခြင်းလေးထဲက စာမူတွေကို ပရူ(ဖ်) ဖတ်နေရင်း...

"ဘာသတင်းတွေရလို့လဲ သူရဇ္ဇ..."

ကျောပိုးအိတ်ထဲက ဓာတ်ပုံတွေထုတ်ရင်း ကျွန်တော် ပြုံးမိသည်။

"ကျော်ဇေ... မင်းဖနီးလောင်းကတော့ လိုက်ပါ့ကွာ၊ လူမတွေ့နဲ့ သတင်းမေးဖို့ပဲ ချောင်းနေတယ်"





"အံမယ်... ငါက သိချင်စိတ်သက်သက်နဲ့ မေးတာပါနော်..."

"အေးပါ... ငါ ဘာပြောလို့လဲ၊ ရော့..."

အပေါ်အိတ်နက်ထဲက ဓာတ်ပုံတွေက အချိုရည်ကြော်ငြာအတွက် မော်ဒယ်သုံးယောက် ပေါင်းပြီး ရိုက်ထားတာတွေ၊ ပြက္ခဒိန်တို့ ဝေါရှိုတို့အတွက် နှစ်ပုံစီ ပိုကူးထားပါတယ်။ နှင့်ပုဂ္ဂိုလ် လိုတာယူထားလိုက်။ အိတ်အကြည်ထဲက တီဗွီကြော်ငြာအတွက် ရိုက်ထားတာ...

အဲဒါက စီးရီးခွေကြော်ငြာ မော်ဒယ်မပါဘူး၊ အဆိုတော်ကိုယ်တိုင်ပဲ၊ ကဲ... ဘာသိချင်သေးလဲ၊ ဘာတွေလိုချင်လဲ... ကိုယ့်ဘာသာ ရွေးပေတော့"

စားပွဲပေါ်မှာတွေ့ရတဲ့ နီးစပ်ရာဂျာနယ်တစ်ခုကို ကောက်ဖတ်လိုက်သည်။

ဘယ်နေရာသွားသွား မလွှတ်နိုင်တဲ့ သူမရဲ့ ပုံတွေ အံ့ဩပါရဲ့...သူမ အဲဒီလောက် အောင်မြင်လိမ့်မယ်လို့ မထင်ခဲ့၊ ကျွန်တော် ငိုင်တွေသွားမှုကို ခင်နှင်းက ပြုံးကြည့်နေတယ်။

"နင့်ရင်ထဲမှာ အနာမကျက်သေးဘူးနဲ့တူတယ် သူရဇ္ဇ"

ကျွန်တော့်နှုတ်ခမ်းက မထင်မရှားအပြုံးတစ်ခု တောက်ပသွားမယ်တူတယ်။ ပြီးတော့ သက်ပြင်းအမောကို လူမသိအောင် ချမိခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ လိမ်ညာချင်ရတာလဲ သူရဇ္ဇရယ်... နင်နဲ့ ငါတို့က တစ်ယောက်ကိုတစ်ယောက် ဟန်ဆောင်ရမယ့်လူတွေ မဟုတ်တာ"

"ဟုတ်တယ်... ခင်နှင်းပြောတာမှန်တယ်၊ မင်းရင်ထဲမှာ ဘာတွေရှိသလဲဆိုတာ ငါ မင်းနဲ့ လည်ပင်းဖက်ပေါင်းလာတဲ့ ကောင်ပဲကွာ... မင်း ဘယ်လို ဟန်ဆောင်ဟန်ဆောင် မင်းမျက်နှာကို တစ်ချက်ကြည့်လိုက်တာနဲ့ ငါ သိတယ်"

ကျွန်တော် ခေါင်းခါမိသည်။

"မဟုတ်သေးဘူး ကျော်ဇေ... ငါနဲ့ သူက မဆုံစည်းနိုင်တဲ့ မျဉ်းပြိုင်ပေါ်က လူတွေ၊ အစွန်းတစ်ဖက်ဆီမှာ မာနတစ်ခုစီနဲ့ နေသားကျနေပြီလေ၊ နီးကပ်ဖို့ဆိုတာ သူရော ငါရော ခြေလှမ်းရွှေ့ဖို့ ခက်နေတယ်"

"နင်က ယောက်ျားလေးပဲ သူရဇ္ဇရယ်... ပြဌာန်းထားတဲ့ လောကရဲ့ စည်းကမ်းချက်အတိုင်း နင်က အရင်အလျှော့ပေးသင့်တာ... စ,သင့်တာ... နင်က ကြိုးစားရမှာပေါ့"

"နင်က နင့်သူငယ်ချင်းဘက်က အခြေအနေကို ကြိုတင်လေ့လာသင့်တယ် ခင်နှင်း"

"နင် ကိုယ့်ကိုယ်ကို ယုံကြည်မှု မရှိဘူးလား သူရဇ္ဇ... ရပ်နေရာက ရှေ့တိုးကြည့်လိုက်ဖို့ ကြိုးစားရမှာက နင့်တာဝန်လေ..."

**ရွှေသမင်စာပေ**



"ဟာ... အယ်ဒီတာ ဇနီးလောင်းက တယ်စွာပါလား ကျော်ဇေ..."

ကျော်ဇေက မချိုမချဉ်မျက်နှာနဲ့ တဟဲဟဲ ရယ်မောရင်းက ရပ်တန့်ပြီး စကားအတည်ပြောတယ်။

"ငါတို့ မင်းတို့နှစ်ယောက်ကို အရမ်းနီးစပ်စေချင်တာ သူငယ်ချင်း"

သူ့ကို စိုက်ကြည့်နေမှန်း သိတယ်၊ သူ့စကားကို ငံ့လင့်နေမှန်းလည်း သိတယ်၊ ဘူးထဲက စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး မီးညှိလိုက်တယ်။ တစ်ချက်ရှိုက်ဖွာကာ မှုတ်ထုတ်လိုက်၏။ ပြီးတော့... ထိုင်နေရာမှထကာ သူ့ကျောပိုးအိတ်ကို ဆွဲယူတော့...

"ဟာ... ဒါက ဘယ်လဲ"

"ငါ... အလုပ်ရှိသေးတယ်လေ"

သူ လှည့်ထွက်မယ်လုပ်တော့...

"နင် တစ်ခုခုပြောခဲ့ဦးလေ"

သူ ရပ်နေရာမှ သူတို့နှစ်ယောက်ဘက် မျက်နှာမူလိုက်တယ်။ သူပြုံးလိုက်တဲ့ အပြုံးဟာ ကြည်လင် သန့်စင်နေမှာသေချာ၏။

"နင်တို့... စိတ်ချမ်းသာစေရမှာပါ"

သူ လှည့်ထွက်ခဲ့သည်။

**ရွှေသမင်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



အပြင်က နေပူလောင်နေမှန်းသိပေမယ့် ဖွတ်တိုးထွက်တော့ ရင်ထဲကအေးမြခြင်းက ပျောက်ကွယ်မသွား။

ဒီအချိန် အရိုးသားဆုံး စကားတစ်ခွန်း မင်းအတွက် ပြောရရင် တစ်နေ့မှ မေ့မရဘူး ဆိုတာတော့ တိုင်တည်ရဲပါတယ် ချစ်သူ. . .။

ကားကို ခြံဝန်းလေးထဲ ထိုးရပ်လိုက်သည်။ ဒီဆိုင်လေးက အောင်မြင် ကျော်ကြားပေမယ့် ဆိုင်းဘုတ်နာမည်မရှိ။ ခြံဝန်း နံပါတ်ကို ဆိုင်းဘုတ်အဖြစ် တချို့ကသိသည်။ တချို့ကတော့ ပိုင်ရှင် ထိုင်းအမျိုးသမီး မစွမန်၏ နောက် နာမည်တစ်မျိုး ဖြစ်သော ပေရယ်လို့ ခေါ်ကြတယ်။ ဘာပဲဖြစ်ဖြစ် အောင်မြင် တာက အောင်မြင်တာပဲလေ။

သံရုံးမိသားစုတွေ၊ သံအမတ်ကတော်တွေ၊ မြန်မာပြည်ကို အလည်လာသော အနောက်တိုင်းသူတချို့နဲ့ သူ့ချိတ်ဆက်နဲ့ သူ့အသိုက်အဝန်းနဲ့သူ ဟုတ်နေ၏။ မျက်နှာပေါ်ရှိ ပါးအိုးရဲရဲ လေးတွေဖြစ်အောင် ဆေးထိုးပေးတာ၊ ခွဲစိတ်ပြုပြင်တာ၊





နိုင်ငံခြားမှာ ခန္ဓာကိုယ်တစ်ခုလုံး သွားရောက် ပြုပြင်တာအထိ တာဝန်ယူ၏။

ဆံပင်ညှပ်တာကအစ အဖိုးအခအားလုံးသည် နိုင်ငံခြား ငွေနဲ့ယူသည်။

ဝန်ဆောင်မှုစရိတ်ကြီးမားသော ဒီလိုနေရာမျိုးကို တော်ရုံ တန်ရုံ လာသူတော့ နည်းသွား၏။

ပိုင်ရှင်ဖြစ်သူ မစွမန် (ခေါ်) မပေရယ်နဲ့လဲ သူတော်တော် ခင်သည်။ မပေရယ်ကလည်း သူမကို ဘာကြောင့်မှန်းမသိ အရေးပေးပါသည်။

အရွယ်ကလည်း သူမတို့နဲ့ မတိမ်းမယိမ်း။ ယုံကြည်ချက်နဲ့ တောက်ပတဲ့အလှကို ပိုင်ဆိုင်သူ မပေရယ်သည် လူချစ်လူခင် ပေါများ၍ မြန်မာစကားကို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်သည်။

သူ မှန်တံခါးကို တွန်းဖွင့် ဝင်ရောက်လာတော့ စားပွဲပေါ်မှာ အလုပ်ရှုပ်နေတဲ့ မပေရယ်က ထလာသည်။

"ရို့(စ်). . . မင်း မတွေ့ရတာ နှစ်ပတ်ရှိပြီနော်"

သူမက မပေရယ်ရဲ့လက်အစုံကို ကိုင်လိုက်ပြီး နွေးနွေး ထွေးထွေး ပြုံးလိုက်ရင်းက. . .

"ကျွန်မ နယ်ရိုက်ကွင်းတွေ သွားနေရတာ တစ်နေ့ကမှ ပြန်လာတာလေ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ... ဘာလုပ်ချင်လဲ၊ ပြော..."

"ဆံပင်ညှပ်ရုံတင်ပါ"

"လာ... ကိုယ်ကိုယ်တိုင် လုပ်ပေးပါ့မယ်"

မပေရယ်က လွတ်နေတဲ့ထိုင်ခုံကိုခေါ်သွားတယ်။ ရင်းနှီးနေပြီဖြစ်တဲ့ ဝန်ထမ်း အမျိုးသမီးတချို့နဲ့ မျက်မှန်းတမ်းမိသူ လာရောက်ညှပ်သူအချို့ကို ပြုံးပြနှုတ်ဆက်ပြီး ထိုင်ခုံမှာထိုင်လိုက်တယ်။

ညှပ်နေရင်း မပေရယ်နဲ့ စကားတွေ ပြောဖြစ်ကြတယ်။ တံခါးဖွင့် ဆွဲဝင်လာတာ သိပေမယ့် ခေါင်းငုံ့နေ၍ မှန်ထဲက အရိပ်ကိုမမြင်။ မပေရယ် ဆံပင်ကို ညှပ်ရန် ကလစ်တွေ တပ်ဆင်ရင်း...

"ဟော... The Sun ရောက်လာသေးတယ်နော်၊ မျှော်တဲ့သူက မျှော်လိုက်ရတာ၊ ခဏစောင့်နေဦး"

"ရတယ်... ပေရယ်... လုပ်လုပ်"

စွဲလမ်းဖူးတဲ့အရာဝတ္ထု၊ ဒါမှမဟုတ် အနံ့၊ အသံတို့ကို နှစ်ရှည်လများ ကြာသွားလည်း ပြန်မြင်ရ ကြားရတဲ့အခါ ဇဝေဇဝါတော့ ရှိလှသည်။ သို့ပေမယ့် ဒီအသံကိုတော့ သူမ ကောင်းကောင်းသိသည်။

ကပ်ကြေးတစ်လက် ဘီးတစ်ချောင်းနဲ့ ပညာသားပါပါ လက်စွမ်းပြနေတဲ့ မပေရယ်က...





"ဆာနေပြီလား... ခဏစောင့်နေဦး။ ဒါပြီးရင် တို့ အတူသွားစားတာပေါ့"

မှန်ထဲကကြည့်ရင်း ဆိုဖာပေါ်မှာ ထိုင်နေသူကို ပြောတယ်။

"ငါ့ကို နောက်ဆံမတင်းပါနဲ့ ပေရယ်... နင့်ကိစ္စ နင်ပြီးအောင်လုပ်"

"ပြပွဲတစ်ခုလုပ်မလို့ဆို... ဘယ်တော့လဲ"

"ပေရယ်..."

"ဘာလဲ..."

"မဟုတ်ဘူး... ပေရယ်လထဲမှာ လုပ်မလို့လေ၊ နင်သိပါတယ်"

မပေရယ်ရဲ့ မျက်လုံးတွေဟာ ကြည်နူးမှုနဲ့ ရီဝေဝေဖြစ်နေတယ်၊ ဒါ အချစ်ကို ယုံကြည်ပျော်ဝင်နေသူရဲ့ မျက်ဝန်းတွေပါ... ကျွန်မသိတာပေါ့။

ဝတ်ရုံစကို ဖယ်ရှားလိုက်ရင်း ကျွန်မ နောက်ကျောကို သိုင်းဖက်ရင်း ကျွန်မနားကို တိုးတိုးကပ်ပြောတယ်။

"ရှိ(စ်)"

ကျွန်မတို့နှစ်ဦးရဲ့ မျက်ဝန်းဆုံမှတ် နေရာဟာ မှန်နံရံထဲမှာ အပြုံးချင်းတူပေမယ့် အဓိပ္ပာယ်သက်ရောက်မှု ဝေးကွာမယ့်အပြုံးတွေ...



www.burmeseclassic.com

www.burmeseclassic.com



သူ့ရဲ့အပြုံးလို သူမက မပြုံးနိုင်ခဲ့ပြီလား… သူရှုံးခဲ့ပြီ… အပြီးအပိုင် ချစ်ခြင်းမေတ္တာ ပိုင်နက်ထဲက ထွက်ခွာခဲ့ရသူ… သူမအပြုံးက မပေရယ်လို မလန်းဆန်းနိုင်။ မပေရယ် လက်တွဲ ခေါ်ရာနောက်ကို အလိုက်သင့် သူမ ပါသွားခဲ့သည်။

ကျွန်မ သူ့ရှေ့ကဆိုဖာပေါ်သို့ မပေရယ်နဲ့ ဝင်ထိုင်တော့ သူ့မျက်နှာကို စေ့စေ့မကြည့်ရဲသေး။

ဟန်ဆောင်ကောင်းတယ်။ မာယာတွေ တတ်မြောက်ထားတဲ့ ကျွန်မအရည်အချင်းတွေ သွေးဆုတ်ကုန်ပြီ ထင်ပါရဲ့။ ကျွန်မ လက်ဖဝါးကို နွေးနွေးထွေးထွေး အသာအယာ ဆုပ်ကိုင်ရင်း မပေရယ်က…

"ရို့(စ်)… သူ့ကို မင်းသိချင်သိမှာပါ၊ နာမည်ကျော် ဓာတ်ပုံဆရာ တစ်ယောက်လေ… သူရှထွဲ"

ကျွန်မ သူ့ကို ဖျပ်ခနဲ လှမ်းကြည့်တော့ မပြုံးမရယ်နဲ့ သူ စိုက်ကြည့်နေတယ်။

"Sun… သူ့ကို မင်းသိမှာပါ၊ နာမည်ကြီးမော်ဒယ် နှင်းဆီအော်ငလေ"

ကျွန်မတို့နှစ်ဦးရဲ့ အကြည့်မျဉ်းပြိုင်တွေမှာ ဘာသာပြန်ခက်တဲ့ နားလည်ခြင်းတွေနဲ့ စက္ကန့်သံ အတော်များများကို ကျော်ဖြတ်ခဲ့ပါတယ်။ မပေရယ်က ကျွန်မတို့နှစ်ဦးကို ဇဝေဇဝါနဲ့ ကြည့်နေ သေးတာပေါ့။ ကျွန်မ အရင် မျက်လွှာချလိုက်တော့





သူ့ရဲ့ သက်ပြင်းချသံကို မျက်ဝန်းထောင့်မှာ ရိပ်ခနဲ လှမ်းမြင်ခွင့်ရလိုက်တယ်။ သူ ပြောင်းလဲသွားခဲ့ပြီ ထင်တယ်။

တစ်ခါက ကျောင်းသွားဖော်ကဗျာလေးကို ပေးခဲ့ဖူးတဲ့…

စံပယ်ခြိုကစံပယ်တွေကို နှင်းမကွဲခင် ကျောင်းတံခါးဝမှာ ပေးတတ်ဖူးတဲ့…

ကျွန်မရဲ့နတ်ဆိုးလေးဟာ သူ မဟုတ်တော့ဘူး ထင်ပါရဲ့ ကွယ်…

မပေရယ်၏ စကားသံဟာ ကျွန်မရဲ့တဒင်္ဂကို ရပ်တန့်စေတယ်…

"Sun ပြိုင်ပွဲအတွက် မပြင်ဆင်သေးဘူးလား"

သူက ဆိုဖာနောက်ကျောပေါ်ကို လက်နှစ်ဖက် ဖြန့်တင်ရင်း…

"စိတ်ကူးမရသေးဘူး…. ပေရယ်"

"ကိုယ် ဘာကူညီရမလဲ"

"ဟင့်အင်း…"

သူနဲ့ မပေရယ် စကားတွေ ပြောဆိုကြတယ်။ သူက မသိချင်ယောင် ဆောင်နေတာလား၊ ဒါမှမဟုတ် မပေရယ်ကပဲ ကိုယ့်ကို မေ့လျော့ကာ သူနဲ့ ကြည်နူးပျော်ရွှင်စေတာလားမသိ။ ခက်ခက်ခဲခဲ ဖြတ်သန်းခဲ့ရတယ်။ အဲဒီအချိန်ကာလဟာ ကျွန်မ ရင်မှာ ဝမ်းနည်း ကြေကွဲစေခဲ့တယ်… ကျွန်မက စတင်ရှဲ…



www.burmeseclassic.com

www.burmeseclassic.com



"မပေရယ်... ကျွန်မ ပြန်တော့မယ်"

"ဟာကွာ..., ကိုယ်မေ့သွားတယ်... So Long [ဆိုးလောင်း(လ်)] ရှိစ်..."

ကျွန်မက ပြန်လည်နှုတ်ဆက်ရင်း သူ့ကို နှုတ်ဆက်သလို တစ်ချက်ကြည့်မိသည်။ သူ့မျက်ဝန်းမှာ အပြုံးငွေ့ငွေ့တွေ့လိုက်ရသလိုပါပဲ။ ဒါ... ကျွန်မအထင်လည်း ဖြစ်မှာပေါ့နော်...။

ညရောက်တော့ ခင်နှင်းကို ဖုန်းဆက်လှမ်းခေါ်ပြီး သူ့အကြောင်း ပြောဖြစ်ကြတယ်။

ဝေဝေဇင်ကတော့ ကားပေါ်မှာ သူ့ထုံးစံအတိုင်း ရေပက်မဝင်ဆိုတဲ့ စကားနဲ့အညီ တစ်လမ်းလုံး ပြောလာတာပေါ့။ တစ်ခါတစ်ရံမှသာ နွယ်နွယ်နဲ့ သီတာတွေးရဲ့ ပြောသံသာကြားရသည်။

ကျွန်မနဲ့ ခင်နှင်း နောက်ကြည့်မှန်မှတစ်ဆင့် မျက်ဝန်းချင်းဆုံရင်း ကျိတ်ပြုံးမိတယ်။ ခင်နှင်းကတော့ နောက်ခန်းမှာမို့ လမ်းတစ်လျှောက်လုံး နားပူနေအောင် ခံရမှာမလွဲ။





"သိလား... နှင်းဆီ၊ အရပ်ရှည်ရှည်နဲ့ ဒီခန်းက လန်ဘား ဝင်းဇော်လေ၊ အံမယ်... သူက ......... ဌာနမှာ အရာရှိတဲ့၊ ငါက အိမ်က အလုပ်ကိစ္စနဲ့သွားတာ သူ့ရုံးခန်းထဲရောက်တော့ ဟိုလူ့ဟောက် ဒီလူဟောက်နဲ့ အခန်းထဲမှာ ဘယ်သူမှ မရှိတော့မှ ကျောင်းက ပုံစံအတိုင်း မျက်နှာကပြောင်တော့တာပဲ"

"ဒါက... ငါတို့သူငယ်ချင်း အချင်းချင်းတွေမို့ နေမှာပေါ့"

"အေးဟဲ့... ငါလည်း မြင့်ဆွေဦးကို တွေ့တယ်"

"ဟဲ့... ဘယ်မြင့်ဆွေဦးလဲ"

"အံမယ်..., ဘယ်မြင့်ဆွေဦးရမှာလဲ၊ နင့်အဆက်ဟောင်း မြင့်ဆွေဦးလေ"

ရယ်သံတွေ ဆူညံသွားရင်း ကျွန်မအတွေးတွေ, အဖြူနဲ့ အစိမ်းသာ လွှမ်းမိုးနေခဲ့တယ်။

နှင်းဖြူဖြူတွေ၊ ကျောင်းတံခါးဝ... နောက်ပြီး သံယောဇဉ်ကို ရေလောင်းပေါင်းသင်ခဲ့ရသလို အကြင်နာမြစ်တစ်စင်းမှာ သူနဲ့အတူ စီးဆင်းခဲ့ရတဲ့ ဖြစ်ရပ်တွေ... ပြီးတော့ ရန်ဖြစ်ကြငြင်းခုံကြ... အို... သိပ်ကို ပျော်ဖို့ကောင်းတာပဲနော်၊ (နင်သိရဲ့လား... နင်ကော ငါ့လိုတွေးမိပါ့မလား သူရစ္စရယ်...)

"ဟဲ့... နှင်းဆီ"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေ အတွေးလွန်နေတာလဲ... ငါမေးတာ နှစ်ခါရှိနေပြီ"

"နင် ဘာမေးတာလဲ"

"ဟော့တော်... ကားမောင်းရင်း အတွေးလွန်နေပြန်ပြီ၊ နင်နဲ့ သူရဇ္ဇ ပြန်ဆုံသေးလားလို့"

ကျွန်မ သက်ပြင်း ကျိတ်ရှိုက်မိတယ်၊ ခင်နှင်းနဲ့ ကျွန်မ မှန်ထဲကတစ်ဆင့် အကြည့်ချင်း ဆုံမိပြန်တယ်။

"ဟင့်အင်း"

ကျွန်မရဲ့ ငြင်းပယ်မှုမှာ စိတ်ပျက် အားလျှော့မှုတွေ ပါသွားမှာမလွဲပါဘူး။

အနည်းငယ် တိတ်ဆိတ်နေမယ့် ကျွန်မရဲ့ အမူအရာကို ခင်နှင်းကတော့ သိမှာ ကျိန်းသေတယ်လေ။

"ခင်နှင်း... သူရဇ္ဇသတင်းက ဟုတ်လား"

"ဘာကိုလဲ"

"ဟို... ထိုင်းအမျိုးသမီးနဲ့ ဘာလိုလို ဇာတ်လမ်းလေ"

"နင် ဘယ်ကကြားရပြန်ပြီလဲ ဝေဇင်"

"ဟဲ့... သူက နာမည်ကြီးတစ်ယောက်ပဲ၊ သတင်းဂျာနယ်တွေမှာ တွေ့တွေ့နေရတာ"

"မပေရယ်က ရှမ်းစပ်တဲ့လေ၊ အမေက ထိုင်းအမျိုးသမီး၊ အဖေက ရှမ်းအစစ်ဟ... သူရဇ္ဇနဲ့ မဟုတ်နိုင်ပါဘူးဟယ်"





ငြင်းနေပေမယ့် အားလျှော့သံပါတဲ့ ခင်နှင်းရဲ့ စကားကို ကျွန်မ သတိပြုမိတယ်။

ကျွန်မရဲ့ကားလေး ဆရာမတို့ခြံထဲ ကွေ့ဝင်လာတော့ ဂျူးဂျူးက ပြေးထွက်လာတယ်။

ဆံပင်ကို နှစ်ဖက်ခွဲစည်းထားရင်း ကျောင်းဝတ်စုံ အဖြူအစိမ်း... ဂါဝန်ဖားဖားလေးနဲ့ ကလေးမလေးဟာ ဝမ်းသာအားရနဲ့...

"မေမေရေ... မမနှင်းဆီတို့လာတယ်"လို့ အိမ်အတွင်းဘက်ကို ကျူးအော်ရင်း လက်ခုပ် တီးနေတယ်။ ကျွန်မက ပြုံးမိရင်း ဒီကိုလာတိုင်း သူ့အတွက် မုန့်အမြဲဝယ်လာတတ်လို့ ဖြစ်မယ်လို့တွေးမိရင်း သူ့အတွက် မုန့်ဘူးကို ကားထဲက ထုတ်ယူလှမ်းပြတော့ ကလေးမလေးက ကျွန်မဆီ လက်ဆန့်ကာ ပြေးဝင်လာသည်။ ဂျူးဂျူးကို ကျွန်မ ချီပိုးရင်း...

"သမီး ကျောင်းမသွားသေးဘူးလား"

"ကိုကိုကြီးကို စောင့်နေတာ"

"ဘယ်လို..."

"ဟုတ်တယ် နှင်းဆီရေ... သူရဇ္ဇ ရောက်ကတည်းက သူ့ကျောင်းပို့ ကျောင်းကြိုကိစ္စ လုပ်နေတာပဲ၊ ဂျူးဂျူး အောက်ကို ဆင်းလေ... မမ သမီးကိုချီထားတာ လေးမှာပေါ့"

ဆရာမက ခန်းဆီးနောက်မှ ထွက်လာရင်း ပြောတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ရမါတယ်လို့ပြောရင်း ဂျူးဂျူးကို နွေးနွေးထွေးထွေး ချိုပိုးထားရင်း ဝင်ထိုင်လိုက်တယ်။ ဆရာမနဲ့ ခင်နှင်းတို့ စကားလက်ဆုံကြရင်း ဆရာမက...

"သမီးတို့ ဘယ်က လှည့်ဝင်လာတာလဲ"

"ဆရာမဆီ တမင်သက်သက် လာတာပါ၊ နှင်းဆီတို့ ခင်နှင်းတို့က ဆရာမဆီရောက်ပေမယ့် သမီးတို့က ဆရာမဆီ မရောက်တာလည်း ကြာလို့လေ... ပြီးတော့ သမီးတို့နှစ်က ကျောင်းသားဟောင်းတွေစုပြီး ကျောင်းမှာ မိတ်ဆုံစားပွဲနဲ့ ဆရာ ဆရာမတွေကန်တော့ဖို့ အစီအစဉ်လေးရှိတာနဲ့ ဆရာမကို လာပြောတာ"

"အင်း... တပည့်ဟောင်းတွေနဲ့ ပြန်တွေ့ရဦးမှာဆိုတော့ ဝမ်းသာစရာပဲ၊ ဘယ်တော့လောက်လဲ သမီးတို့"

"လာမယ့် တနင်္ဂနွေ ကျောင်းပိတ်ရက်ကို သတ်မှတ်ထားတယ် ဆရာမ၊ အကျွေးအမွေးကတော့ ရယ်ဒီမိတ် အစားအစာပဲ စီစဉ်ထားတယ်လေ... စနေညထဲက ကျောင်းမှာဆုံပြီး စကားတွေပြော... အားလုံးစုဖို့ သမီးတို့နိုးစပ်ရာချင်း တစ်ဆင့်ပြီး တစ်ဆင့် ပြောခိုင်းထားတယ်"

"သမီးတို့ သူရဇ္ဇကို ပြောထားပြီးပြီလား"

ဆရာမက ခင်နှင်းကိုကြည့်ပြီး ဦးတည်မေးတာကြောင့် ခင်နှင်းက ဆရာမကို ပြုံးပြီး...





"ကျော်ဇေတောင် မသိသေးဘူး ဆရာမ၊ သူရဇ္ဇအတွက် ဖိတ်စာပေးထားခဲ့လိုက်မယ်"

ဆရာမက ခေါင်းညိတ်ပြပြီး ကျန်တဲ့သူနဲ့ စကားတွေ ဆက်ပြောနေပါတယ်။ ကျွန်မရယ် ခင်နှင်းရယ်က ဂျူးဂျူးကို စကားတွေ ပြောနေမိသည်။ ခင်နှင်းက ကလေးရဲ့ ဆံပင်ညို ပျော့ပျော့တွေကို တို့ထိကစားရင်း...

"သမီးကိုကိုကြီး ဘယ်ရောက်နေလို့လဲ ဂျူးဂျူး..."

ကလေးက ကျွန်မလက်နှစ်ဖက်ကို အုပ်မိုး ဆော့ကစားရင်းက ခင်နှင်းကို မျက်ဝန်း လှန်ကြည့်ပြီး...

"ကိုကိုကြီးက ဓာတ်ပုံသွားရိုက်တယ် မမရဲ့"

"သမီး ကိုကိုကြီးက မမ လှလှတွေနဲ့ သွားရိုက်တာဆိုတော့ သူ့ရည်းစားတွေလား"

ကလေးက နှုတ်ခမ်းကို ဟန်ပါပါ မဲ့ပြရင်းက ကျွန်မဆီ မော့ကြည့်တယ်လေ...

"မဟုတ်ရပါဘူး... ဂျူးဂျူးက မမအောင်နဲ့ပဲ သဘောတူတာ၊ နော်... မမအောင် နော်..."

ဂျူးဂျူးစကားကြောင့် ကျွန်မ ရှက်သွားမိသည်။ နွေးထွေးသော ရင်ခုန်သံကြောင့် ကျွန်မ ဂျူးဂျူးရဲ့ ဆံပင်တွေအကြား မျက်နှာကို အပ်မိတော့ ခင်နှင်းက ကျွန်မကိုကြည့်ပြီး ရယ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မမအောင်က ကိုကိုကြီးနဲ့ မရိုက်ဘူးဆို၊ ဟုတ်လား မမနှင်း"

"သမီးကို သူက အဲလိုပြောလို့လား"

"ဟုတ်ကဲ့... မမအောင်က မာနကြီးတယ်တဲ့၊ သူ့လို ဓာတ်ပုံဆရာမျိုးနဲ့ ရိုက်မှာမဟုတ်ဘူးတဲ့"

ခင်နှင်းကပြုံးရင်း ကလေးကို စေ့စေ့ကြည့်ကာ...

"သမီးက ဘာမှပြန်မပြောလိုက်ဘူးလား"

ကလေးက သွားဖွေးဖွေးလေးတွေ ပါးချိုင့်လေးတွေ ခွက်ဝင်သွားအောင် ပြုံးရင်း...

"ဘာရမလဲ... သမီးက ပြန်ပြောလိုက်တာပေါ့၊ မမအောင်ကို သမီး ပြောလိုက်မယ်လို့၊ ကိုကိုကြီးကို ခေါ်ရိုက်ပါလို့... နော်...မမ၊ ကိုကိုကြီးကို ခေါ်ရိုက်နော်"

ကလေးက ကျွန်မရဲ့ရင်ခွင်ကြားကနေ ကျွန်မ မေးစေ့ကို သူ့လက်ဖဝါး သေးသေးလေးတွေနဲ့ တို့ထိရင်း ပြောပါတယ်။

ကျွန်မက သူ့ပါးကို တစ်ချက် နမ်းရှိုက်ပြီး...

"သမီးကိုကိုကြီးက မမအောင်နဲ့ ဘယ်ရိုက်ချင်ပါ့မလဲ၊ သူ့မှာ ပေးရယ် ဆိုတဲ့သူ ရှိတာပဲ သမီးရယ်"

ကျွန်မရဲ့ တိုးတိမ်သွားတဲ့အသံကြောင့် ခင်နှင်းက ငေးငေးရိရိ စိုက်ကြည့်တယ်။

"မရပါဘူး... မမနဲ့ပဲ ရိုက်ရမယ်"





ကျွန်မက ကလေးကို အပြုံးနဲ့ ကျေနပ်သွားစေရန် ခေါင်းညိတ်ပြတော့မှ ဂျူးဂျူးက ကျေနပ်သွားပါတယ်။ ထိုစဉ် အိမ်ရှေ့ကို ထိုးရပ်လိုက်တဲ့ ကားတစ်စီးရဲ့အသံကို ကြားလိုက်တာကြောင့် ဆရာမက စေဇင်တို့ကို စကားပြောနေရာမှ...

"ဟော... သားကြီးတောင် ပြန်လာပြီ"

ဆရာမက သူ့သားအရင်းအချာလို နွေးထွေးတဲ့အပြုံးနဲ့ အပြင်ကို လှမ်းကြည့်တာကြောင့် ကျွန်မ သူ့အစား ကြည်နူးကျေနပ်နေမိသည်။

သူကတော့ အိမ်ပေါ်တက်လာရင်း...

"ဟော... လူစုံတက်စုံပါလား"

သူက... အားလုံးကို အပြုံးနဲ့ နှုတ်ဆက်ရင်း ကျွန်မဆီ အကြည့်ရောက်တယ်။ ကြည့်မိတဲ့အခိုက်အတန့် ခဏလေးမှာ ဘာသာပြန်ခက်တဲ့ သူ့မျက်ဝန်းက အဓိပ္ပာယ်ကို ကျွန်မ ယုံကြည်သလို ထင်ထားချင်မိသည်။

"ဒါနဲ့၊ နှင်းဆီ... သမီးက ကြော်ငြာတွေ အရိုက်များတယ်နော်၊ ဓာတ်ကားတွေရိုက်ဖို့ အစီအစဉ် မရှိဘူးလား"

ဆရာမက ကျွန်မကို ကြည့်ပြီးမေးတာကြောင့် ကျွန်မက ဆရာမကို ရိုရိုသေသေ ပြုံးပြရင်း...

"သမီး နောက်တော့ရိုက်မှာပါ ဆရာမ၊ အခုက လုပ်လက်စ ကြော်ငြာတွေ မပျက်သေးတာကြောင့်..."



www.burmeseclassic.com

www.burmeseclassic.com



သူက ကျွန်မနဲ့ မလှမ်းမကမ်းက ရှိုးကေ့(စ်)တစ်ခုကိုမှီ ရပ်လက်ပိုက်ကြည့်ကာ...

"သူက အလုပ်ကိစ္စတွေ အရမ်းများတယ်လေ... ထုတ်လုပ်သူတွေ ဝိုင်းဝိုင်းလည်နေတာဆိုတော့ ဘယ်အချိန်ရိုက်ရိုက် Easy ပဲ မေစန်းရဲ့"

ကျွန်မရဲ့ မျက်စောင်းတစ်ခုကို သူ မြင်တော့ သူ လှိုက်လှိုက်လှဲလှဲ ရယ်ပါတယ်။ ဟိုစဉ်အချိန်ကာလက အဖြစ်အပျက်တွေကို ပြန်မြင်ယောင်မိရင်း ကျွန်မ ရှက်သွားတယ်။ ကျွန်မတို့နှစ်ယောက်ကို ဆရာမက ကျေနပ်သလို ငေးကြည့်မိပါတယ်။ ကျွန်မရင်ခွင်ထဲက ဂျူးဂျူးက သူ့ကိုလှမ်းခေါ်ရင်း...

"ကိုကိုကြီး... မမနှင်းဆီကို ကိုကိုကြီးနဲ့ ဓာတ်ပုံရိုက်ဖို့ ပြောတာ သမီးနဲ့ အိုကေသွားပြီ"

ကျွန်မ သူ့ကို စေ့စေ့မကြည့်ရဲဘဲ သူမ ဆံပင်ပျော့ပျော့တွေကို လျှောက်ဖွနေမိတယ်။

သူကတော့ ကလေးကို ပြောသလိုလိုနဲ့

"ဟုတ်လို့လား ဂျူးဂျူးရဲ့... သမီးမမက ကိုကိုကြီးလို ဓာတ်ပုံဆရာကို ရိုက်မယ် မထင်ပါဘူးနော်"

"ဟုတ်ပါတယ် ကိုကိုကြီးရဲ့၊ နော်... မမ"

ဂျူးဂျူးက ကျွန်မကိုမော့ပြီး သက်သေထူနေတာကြောင့် သူ့ကို အမြင်ကပ်လာပါတယ်။





"သမီးကိုကိုကြီးက ရယ်ရွှန်စတုံးတို့ ဂျူလီယာရောဘတ်တို့လောက်မှ ကြော်ငြာမင်းသမီးထင်တာ သမီးရယ်၊ သူတို့ကိုပဲ သွားရိုက်တော့လို့ ပြောလိုက် သမီး"

ကလေးကို တိုင်တည်ရင်း တစ်ယောက်ကို တစ်ယောက် စောင်းပြောဆိုနေမှုကြောင့် အားလုံးက ရယ်မောဆူညံနေမိတယ်။ ကလေးက ညစ်ကျယ်ကျယ်မျက်နှာနဲ့...

"ဟာကွာ... ကိုယ့်ဘာသာ ကိုယ်ပြောကြတော့ကွာ... ခေါင်းရှုပ်လာပြီ"

ဂျူးဂျူးစကားကြောင့် ရယ်သံတွေ ဆူညံသွားပါတယ်။

"နေကြပါဦး... လိုရင်းမရောက်ဘဲ ဖြစ်နေလိမ့်မယ်၊ သူရရွှ... ငါတို့နှစ်က ကျောင်းသားဟောင်းတွေစုပြီး ဆရာကန်တော့ပွဲနဲ့ မိတ်ဆုံစားပွဲလေးလုပ်မလို့ အဲဒီကိစ္စလာတာ"

သီတာတွေက လာရင်းကိစ္စတွေကို သူရရွှေကို ရှင်းပြပါတယ်။ ကျွန်မကတော့ ခင်နှင်းနဲ့ ဂျူးဂျူးရဲ့ စကားတွေကို နားထောင်ရင်း ကလေးမလေးက...

"မမအောင်... အဲဒီနေ့ကျရင် သမီးလည်း လိုက်ချင်တယ်"

"လိုက်ရမှာပေါ့... သမီးရဲ့"

"ဟင့်အင်း... မေမေ့ကို ပြောပေးလေ... ပြောပေးနော် မမ..."



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မက ခေါင်းညိတ်ပြတော့ ဂျူးဂျူးက ဝမ်းသာအားရ ကျွန်မပါးကို နမ်းရှုပ်ပါတယ်။

သူရဇ္ဇက ကျွန်မတို့ကို လှမ်းကြည့်ပြီး…

"ဂျူးဂျူး… ကျောင်းသွားကြမယ်လေ"

"ဟုတ်ကဲ့… ကိုကိုကြီး၊ သမီးက ပြီးတာကြာလှပြီ"

"ငါတို့လည်း ပြန်ကြမယ်ဟေ့"

နွယ်နွယ်နဲ့ ဝေဇင်က လောဆော်ရင်း ထိုင်နေရာမှ ထရပ်ပြီး ဆရာမကို နှုတ်ဆက်ကြပါတယ်။ ကျွန်မက ဆရာမကို နှုတ်ဆက်ပြီး…

"ဆရာမ… အဲဒီနေ့ကျရင် ဂျူးဂျူးပါ ခေါ်လာခဲ့နော်"

ဆရာမက မျက်မှောင်ကြုတ်ရင်း ဂျူးဂျူးဆီ လှမ်းကြည့်ကာ…

"ဂျူးဂျူး ပူဆာလို့နဲ့တူတယ်၊ ဂျူးဂျူး… မေမေဘာပြောထားလဲ"

ဆရာမက မာန်မဲလိုက်တာကြောင့် ကလေးက မျက်နှာလေးမဲ့ကာ ကျွန်မဆီ အားကိုးတကြီးကြည့်ပါတယ်။ ကျွန်မက ဆရာမကို…

"ဂျူးဂျူး မပြောပါဘူး ဆရာမရဲ့၊ ဟိုမှာ အလုပ်ရှုပ်မှာမှ မဟုတ်တာ၊ အားလုံးက အဆင်သင့် ရယ်ဒီမိတ်ပစ္စည်းတွေ ချည်းပဲဝေ… သမီးဘာသာ ခေါ်တာပါ"





"ဟုတ်ပါတယ် ဆရာမရဲ့၊ သူပါလာတော့ သွေ့သွေ့ ထူးထူး ဘာမှလုပ်ပေးစရာမလိုပါဘူး၊ သမီးတို့ ထိန်းပါ့မယ်"

ခင်နှင်းက ဝင်ပြောပေးမှ ဆရာမက ကျေနပ်သွားတယ်။ ဆရာမကို နှုတ်ဆက်ပြီး ကျွန်မတို့ခြံထဲက ရှေ့ဆင့်နောက်ဆင့် ဆင်းလာခဲ့ကြတယ်။

ဂျူးဂျူးက မမ တာ့တာ့… လို့အော်တော့ ကျွန်မက လက်ပြတယ်။

သူက ကားကိုဘက်ဆုတ်ရင်း ကျွန်မကို လှမ်းကြည့်ပြီး ပြုံးတယ်။ ကျွန်မလည်း ပြန်ပြုံးမိတယ်ထင်ပါရဲ့… ကျွန်မတို့ နှစ်ယောက်ကို စူးစမ်းသလို နွယ်နွယ်နဲ့ ဝေဇင်တို့က လှမ်းလှမ်း အကဲခတ်တယ်။

လမ်းရောက်တော့ စကားနည်းတဲ့ သီတာထွေး ကိုယ်တိုင်က…

"နှင်းဆီ… နင်တို့နှစ်ယောက်အကြည့်တွေက မရိုးဘူး နော်…"

"ဘာမရိုးတာလဲ… လုပ်ပြန်ပြီဟာ"

"ဘာလုပ်ပြန်ပြီလဲ… သီတာထွေး ပြောသလိုပဲ နင်တို့ နှစ်ယောက်ဇာတ်လမ်းက ကျောင်းမှာထဲက ဟိုလိုလို ဒီလိုလိုနဲ့ အားလုံးက စိတ်ဝင်စားကြတာ… နင်တို့ နှစ်ယောက်ဆိုရင် အားလုံးဝမ်းသာကြမှာပဲ…"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ရှက်ရှက်နဲ့ ရယ်မောနေမိတယ်။

ကားရဲ့ အလျင်အတိုင်း နောက်ပြန်ပြေးနေတဲ့ စိတ်တွေ အတိတ်ဆီကိုများလား။

သံယောဇဉ်ဆိုတာ ဘယ်အရာနဲ့ သတ်သတ် မသေဆုံးနိုင်ဘူးဆိုတာ ငါကောင်းကောင်းသိပါတယ် ကောင်ဆိုးလေး ရယ်...။

လက်ဖက်ရည်ဝိုင်းထဲကို ဝင်ထိုင်လိုက်တော့ ကိုချမ်းအေးက သူ့ ဒီဂရီ ကျွဲကိုင်းမျက်မှန်ကို ဖုန်သုတ်နေရင်းက လှမ်းနှုတ်ဆက်တယ်။ ကိုပီတာတို့ကလည်း တစ်ဖက်ဝိုင်းမှ လှမ်းနှုတ်ဆက်ကြသည်။

ကျွန်တော်က ဆိုင်ရှင်ကို လက်မတစ်ချောင်း ထောင်ပြတော့ သူက လှမ်းနှုတ်ဆက်ရင်း ကျဆိမ့်ရိုးရိုးလို့ လှမ်းအော်တယ်။ ကိုမြင့်ဝေက စီးကရက်တစ်လိပ်ကို ဘူးထဲက ထုတ်ပေးရင်း မီးငြိပေးတယ်။

"ဘယ်တုန်းကရောက်လဲ ကိုမြင့်ဝေ၊ မန္တလေးကအုပ်စုတွေကော အဆင်သင့် ဖြစ်နေပြီလား"





"ကျော်ဝင်းကြီးတို့ အုပ်စုကတော့ ချတောင် ချနေကြပြီဟ၊ ငါလည်း ဘာမှသိပ်မတွေ့သေးဘူး... အိုင်ဒီယာတွေ ခန်းနေပြီနဲ့ တူပါရဲ့ကွာ... မင်းကော..."

"ဖြည်းဖြည်းပေါ့"

လက်ဖက်ရည်ခွက်ကို စားပွဲထိုးလေး လာချပေးတော့ ကိုယ်ကို ရှိုပေးလိုက်တယ်။ ရေနွေးခွက်ကို ရေနွေးအနည်းငယ် ထည့်ကျင်းရင်း သွန်လိုက်ပါတယ်။ ပြီးတော့ ရေနွေးငှဲ့ရင်းက...

"အစ်ကို မပြန်သေးဘူး မဟုတ်လား"

"အင်း... တစ်ပတ်လောက်တော့ ကြာမယ်ထင်တယ်၊ ငါ့အသိတစ်ယောက် ပြည်ပကပို့လိုက်တဲ့ ကင်မရာမှန်ဘီလူးနဲ့ အပိုပစ္စည်းတွေ လာယူတာကွ"

"အခု ဘယ်မှာတည်းလဲ၊ YMCA မှာပဲလား"

"အေး..."

ကျွန်တော်က စကားပြောရင်းက တစ်ဖက်ဝိုင်းသို့ဝင်ထိုင်သော ကိုရဲမြင့်လွင်ကို လက်ပြ နှုတ်ဆက်သည်။ သူကလည်း တစ်ဖက်ဝိုင်းကနေ...

"ကိုနှုတ်ခမ်းမွေး မန္တလေးက ဘယ်တုန်းကရောက်လဲ"

"နှစ်ရက်လောက် ရှိပြီကွ"

ကိုမြင့်ဝေက လှမ်းစကားပြောပြီး ကျွန်တော့်ဘက် ပြန်လှည့်တယ်။ ကျွန်တော်က...



www.burmeseclassic.com

www.burmeseclassic.com



"မပြန်သေးရင် ကျွန်တော့်ဆီမှာ တည်းလိုက်ပေါ့အစ်ကိုရာ... ပြောရမယ့်သူတွေ ကျနေတာပဲ"

"အေးပါ... အလုပ်ကိစ္စ မပြတ်သေးလို့... ပြန်ခါနီး တစ်ရက် နှစ်ရက်လောက် ငါ ရွှေ့လာပါ့မယ်၊ ညပိုင်း ဝိုင်းဖွဲ့ ရင်းနဲ့ပေါ့"

သူ့စကားကြောင့် ကိုချမ်းအေးက ပြုံးတယ်၊ ကျွန်တော်လည်း ရယ်မောရင်းက–

"အတော်ပါပဲ... ကျွန်တော်လည်း ညီ့သည် တစ်ယောက်နဲ့ မိတ်ဆက်ပေးဦးမယ်၊ ဓာတ်ပုံသမားတစ်ယောက်နဲ့ပေါ့... ကျွန်တော် ဟိုမှာ ခင်လာတာလေ... ကိုမြင့်ဝေ လာမယ့်နေ့ ကိုချမ်းအေး ကိုစိုးဝင်းနိုင်ကြီးပါ ဝင်ခေါ်ခဲ့လေ"

"အေး... ကောင်းတယ်၊ ဒီကောင်ကြီး ဘာလုပ်နေလဲ ချမ်းအေး"

"ဒီကောင်လား... ဟိုမဂ္ဂဇင်းနဲ့ ဒီမဂ္ဂဇင်းကို အတို့ အထောင် လုပ်နေမှာပေါ့။ သူ့ဗီဇပဲလေ"

တဟားဟား အော်ရယ်ကြရင်း သူ့အကြောင်း တွေးမိ ပြောမိကြပါတယ်။

"ဒါနဲ့ ပြိုင်ပွဲလေးအကြောင်းကို သေသေချာချာ ရှင်းပြ ကြပါဦး..."

ကိုမြင့်ဝေ စကားကြောင့် ကျွန်တော်က လက်ဖက်ရည် ခွက်ကို တစ်ငုံသောက်ပြီး...





"ပြိုင်ပွဲက ပြင်သစ်က ရေမွှေးကုမ္ပဏီတစ်ခုနဲ့ အီတလီက ဖက်ရှင်ကုမ္ပဏီတစ်ခု ပေါင်းပြီး Sponsor လုပ်တာလေ၊ တိတ်ဆိတ်တဲ့ခြေလှမ်း (Silence Step) လို့ ခေါင်းစဉ်ပေး ထားတယ်၊ နိုင်ငံတော်တော်များများက ဝင်ပြိုင်ကြမှာ၊ ဝင်ပြိုင် ရလောက်အောင်လည်း ဆုကြေးက တော်တော်မြင့်တယ်၊ ပထမ၊ ဒုတိယ၊ တတိယအပြင် အထူးဆုကို အားလုံးက မက်မောကြမှာအမှန်ပဲ၊ နှစ်သိမ့်ဆု ငါးဆုပါတယ်၊ ဆုရတဲ့ ဓာတ်ပုံကို သူတို့ကြော်ငြာအတွက် ပြန်သုံးရင်လည်း ပြန်ပြီး ချီးမြှင့်ဦးမယ်လေ"

"ဟာ... ပွဲကြီးပွဲကောင်းပဲ၊ ဘယ်တော့လောက်လဲ"

"အခု ပေးရယ်ဆိုတော့ မတ်လနောက်ဆုံးပတ် ပို့ရမှာ"

"အင်း... သိပ်မလိုတော့ဘူးပဲ၊ အခု (၁၅)ရက်နေ့ အင်း... တစ်လကျော်ကျော်လောက်ပဲ ကျန်မယ်"

"မင်း ဘာမှမလုပ်သေးဘူးလား သူရဇ္ဇ..."

"အေးအေးဆေးဆေးပေါ့ အစ်ကိုရာ..."

ကျွန်တော်တို့ စကား ပြောဆိုကြရင်း ကိုအောင်နိုင်က ဝင်လာတယ်။ နေကာမျက်မှန်ကို ချွတ်ရင်း...

"မီးကျွမ်းသွားတယ် ထင်ရအောင် တော်တော်ကိုပူတာပဲ"

ခုံတစ်လုံး ဆွဲယူဝင်ထိုင်ရင်း လက်ဖက်ရည် လှမ်းမှာပါ တယ်။ သူ့ကိုကြည့်ပြီး ကိုချမ်းအေးက...



www.burmeseclassic.com

www.burmeseclassic.com



"အရပ်ရှည်သလောက် စိတ်မရှည်တဲ့ကောင်၊ ရိုက်ကွင်း မရှိဘူးလား"

"အရပ်ပုသလောက် စိတ်ရှည်တဲ့ ပုဂ္ဂိုလ် ကျွန်တော် မျိုးကြီး ရှုတင်ရက်မရှိပါ"

အပြန်အလှန် တုံ့ပြန်ပြောရင်း ကိုအောင်နိုင်က ကျွန်တော့် ဘက်ကြည့်ကာ ပြုံးသည်။

"ခင်ဗျားက ဘာပြုံးတာလဲဗျ"

"ဟ... ငါ့ဘာသာ ဘာပြုံးပြုံးပေါ့"

ကျွန်တော့်ဆီက လက်ဖက်ရည်ခွက်ကို ယူမော့တယ်။

"ဒီလိုကွ... မင်းခြံထဲမှာ ငုဝါရယ်၊ စိန်ပန်းရယ် ပွင့်နေပြီလေ"

ကျွန်တော်က မျက်မှောင်ကုတ်ကာ ကြည့်ပြီး...

"အဲဒါ ဘာဖြစ်လဲဗျ"

"ဟ...ဒီကောင် ဘာဖြစ်နေလဲမသိဘူး။ လူကို ဘုကလန့်ခ ျှည်းပဲ ပြောနေတယ်၊ ကြော်ငြာ ရိုက်ဖို့ပေါ့ကွာ"

"အောင်နိုင်တို့ကတော့ကွာ ခွင်ရှာတတ်ပါရဲ့"

ကိုမြင့်ဝေစကားကြောင့် ကိုအောင်နိုင်က တဟဲဟဲရယ် ပါတယ်။ ပြီး...ဘာ့လည်း...

"အခုဟာက ငါတစ်ယောက်တည်း မဟုတ်ဘူး၊ မင်းပါ၊ ပါတယ်"





"ကျွန်တော်..."

"ဟုတ်တယ်... ငါနဲ့သိတဲ့ သနပ်ခါး မိတ်ကပ်ကုမ္ပဏီ တစ်ခုက အကူအညီ တောင်းတာ... မင်းက ဝေါ်ရှိုးနဲ့ ကာဗာ အတွက်"

"ဘယ်သူနဲ့လဲ"

သူက ကျွန်တော့်ကိုကြည့်ပြီးပြုံးတော့ ကျွန်တော် သိလိုက် သလိုပဲ။ ကျွန်တော့်အတွေး မဆုံးခင် ကိုမြင့်ဝေက–

"နှင်းဆီအောင်"

အသက်ရှုလမ်းကြောင်းတစ်ခုမှာ နှင်းဆီရနံ့တွေ ကပ်ပါ လာ၏။ ထို့အတူ အနီရောင် နှင်းဆီလေးရဲ့ ဆူးချက်တွေဟာ ပန်းတွေ ထပ်ပွင့်လာသလို... တကယ်တော့ ငါလေ တမ်းတမ်း တတ သတိရမိခဲ့ဖူးတယ် နှင်းဆီ...။

ညနေ ခြောက်နာရီအချိန်ဆိုတာ ဒီလိုနွေရာသီအတွက် အလင်းမကုန်သေး။ သို့ပေမယ့်... ကျောင်းဝန်းတစ်ခုလုံး အလင်းရောင် အနီ အဝါ အစိမ်း အရောင် အလင်းရောင်



www.burmeseclassic.com

www.burmeseclassic.com



သစ်သီးတွေလို သစ်ပင်တွေထက်မှာ ခပ်ကျဲကျဲ မြင်ခွင့်ရသည်။ ဒါဘယ်သူ့လက်ရာလဲ။ ဟိုကောင် ဝင်းဇော်ဦးတို့ ဖြစ်မည် ထင်သည်။

ကားကို ဟောခန်းမဘေး ကားပါကင်ထားရာ နေရာသို့ ချိုးကွေ့လိုက်တော့ ရပ်ထားတဲ့နေရာမှာ ခြောက်စီး ခုနစ်စီးခန့် တွေ့ရသည်။ ကျွန်တော့်ရဲ့ နှင်းဆီရောင် မင်းသမီးလေးရဲ့ ကားကိုတော့ မတွေ့ရ။ ရောက်မလာသေးဘူး ထင်ပါရဲ့။ ကားပေါ်ကဆင်းရင်း တစ်ဖက်သို့ကွေ့လျှောက်ကာ ဂျူးဂျူး ဆင်းနိုင်ရန် တံခါးကိုဖွင့်ပေးမိသည်။ ကားသံကြောင့်ထင်ပါရဲ့... ဟောခန်းမထဲမှ သုံးလေးဦး ထွက်လာတာ တွေ့သည်။

"မသာ... ခုမှပဲတွေ့တော့တယ်"

"ဟာ... ဖိုးခွား"

"မင်္ဂလာပါ သူငယ်ချင်း"

"မင်္ဂလာပါ သူငယ်ချင်း"

ဖိုးခွားကို သိုင်းဖက်ရင်း ဒီကောင်က ကျွန်တော့်ကို မေ့ပါတယ်။ သိုင်းဖက်ထားရာက ကိုယ်ကိုခွာရင်း ကျွန်တော့် လက်မောင်းကို ခပ်ဆတ်ဆတ် လက်သီးနဲ့ တစ်ချက်ထိုးတယ်။ ကျွန်တော်က သူ့ကို ပြန်ရောက်လာပြီလို့ကို ထင်မှတ်မထား ခဲ့တာအမှန်။ သူငယ်ချင်းတွေအားလုံး ပျော်ရွှင်နေကြတယ်။ အခုပြန်ဆုံခဲ့ပေမယ့် အနေစိမ်းမသွားခဲ့။ ဟိုး... အရင့်အရင်





တွေကအတိုင်း ဟေးလားဟားလားနဲ့ လူငယ်တွေလို ပြန်ဖြစ် သွားခဲ့စေပါတယ်။

"မင်းက... ဘယ်တုန်းက ပြန်ရောက်တာလဲ"

"ငါ... နှစ်ရက်လောက် ရှိပြီကွ၊ လေယာဉ်ကွင်းမှာ ဒီကောင် လန်ဘားဝင်းဇော်နဲ့ တွေ့တော့ အစီအစဉ်တွေသိရ တယ်လေ၊ အဲဒါနဲ့ ငါရောက်နေတာ၊ ဘယ်သူမှ မသိအောင် တိတ်တိတ်လေးနေ့နေတာ၊ အားလုံး အံ့ဩသွားရအောင်လို့"

"ခွေးကောင်..."

အားလုံးက ဩဘာပေးရင်း တစ်ယောက် တစ်ချက် ဒီကောင် ဇက်ပိုးကို ဝိုင်းရိုက်ကြပါတယ်။

ဝန်းတံခါးရှေ့က (Taxi) တစ်စီးရပ်သံကြောင့် ကြည့် လိုက်တော့ တိုက်ပုံအဖြူနဲ့ ရုံးကအပြန် ဝင်ရောက်ဟန်ရှိပြီး ရွှေရောင် မျက်မှန်ကိုင်းကြောင့် ပုံဖမ်းမရခဲ့။ အဲဒီပုဂ္ဂိုလ်က အဝေးကမြင်ပုံရပြီး သွားဖြဲကာ တဟီးဟီး ရယ်တာကြောင့်...

"ဟာ... ခွေးကောင်၊ မြင်းကြီး... ဘယ်သူများလဲလို့၊ လူလိုသူလို ဝတ်ထားတော့ ဘယ်သူမှန်းမသိဘူး၊ မြင်းဟီသံ ကြားမှပဲ သိရတော့တယ်"

မြင်းဟီသံလို ရယ်တတ်သော ထူးထူးခြားခြား ရယ်သံ ကြောင့် အောင်မြင့်ဇော် နာမည်ပျောက်ပြီး "မြင်းကြီး" လို့ ဆရာမက နာမည်ပေးခဲ့တာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေစုပြီး ဟောခန်းမထဲဝင်တော့ ကျွန်တော်က ဂျူးဂျူးကို လက်က ဆွဲလာခဲ့သည်။ ခဲရောင် ဂါဝန်နဲ့ စကတ်ကို တစ်စပ်တည်း တွဲဝတ်ထားပြီး အသားဖြူဖြူ ပါးဖောင်းဖောင်းနဲ့ ချစ်စရာကောင်မလေးကို ဖိုးခွားက အမှတ်တမဲ့ ငေးကြည့်ရင်း ကလေးမလေးရှေ့ ဒူးထောက်ထိုင်ရင်း...

"ဒါ... ဒါ... ဂျူးဂျူး မဟုတ်လား"

ကလေးမလေးက ကျွန်တော့်လက်ကို လှုပ်ယမ်းရင်းက ပါးချိုင့် ချိုင့်လေးပေါ်အောင် ဖိုးခွားကို ရယ်ပြတယ်။

"ဟုတ်ကဲ့... ဦးဦးဖိုးခွား"

"ဟာကွာ... အစောကြီးကတည်းက မင်းကပြောပါလား သူရဇ္ဇာ"

ဂျူးဂျူးကို နမ်းရှိုက်ပြီး ပွေ့ချီတော့ ဂျူးဂျူးရဲ့ အသံလွင်လွင်နဲ့ ရယ်မောသံကို ကြားရတယ်။

အင်း... တစ်နှစ်ကျော်ကျော် ကြာသွားပေမယ့် ဂျူးဂျူးသည် ဖိုးခွားကို မှတ်မိလွယ်ခဲ့၏။

ကျွန်တော်တို့ ဟောခန်းမဆီ အတူတူ လျှောက်ရင်း ကျွန်တော်တို့နှစ်ယောက် နောက်ချန်ကာ လျှောက်လာခဲ့မိသည်။ ပြီးတော့ အသံကိုတိုး၍...

"ဒါနဲ့... မင်း နှင်းဆီနဲ့ ဆုံဖြစ်ကြသေးလား"

ကျွန်တော်က ခေါင်းညိတ်ပြတော့ သူက ကျွန်တော့်ကို စိုက်ကြည့်ပါတယ်။





"အခြေအနေ ဘယ်လိုလဲ"

"ဒီလိုပါပဲ"

မထုံတတ်သေးနဲ့ သွေးအေးတဲ့ အဖြေကြောင့် မဟုတ်သေးပါဘူးကွာလို့ ဒီကောင်ညည်းတယ်။

ဟောခန်းထဲရောက်တော့ လူလေးငါးယောက် တွေ့ရသည်။ အပြန်အလှန် ဝမ်းသာအားရ နှုတ်ဆက်ကြရင်း တချို့ကလည်း ကျောင်းမှာ မျက်မှန်းတမ်းမိရုံလောက် ဖြစ်ပေမယ့် အခုတော့ တရင်းတနှီးကို ဖြစ်လို့။

အုပ်စုထဲမှာ ကြိုရောက်နေသော ဝေဇင်က–

"သူရဇ္ဇာတို့တောင် ရောက်နေပြီ... ဟိုမင်းသမီးတို့ အုပ်စုက နောက်ကျလှချည်လား"

"အေးဟယ်..."

ကားတစ်စီးရဲ့ ထိုးရပ်သံကြောင့် ကျွန်တော်တို့ ခန်းမ အပေါက်ဝကို စောင့်ကြည့်မိသည်။

ပထမဝင်လာတာက ကျော်ဇေ...

"ဟာ... မသာကောင်၊ မင်းသရဲလာခြောက်တာလား။ သေပြီဆို"

ကျော်ဇေရဲ့ ပဋိသန္ဓာရ ညှော်ခံစကားကြောင့် ဖိုးခွားက ရယ်ပါတယ်။

ထို့အတူ သူ့နောက်က ပါလာတဲ့ ခင်နှင်းကလည်း...



www.burmeseclassic.com

www.burmeseclassic.com



"အေးဟယ်... နင် ကြိုအကြောင်းကြားရင် ငါတို့ လာကြိုမှာပေါ့"

ခင်နှင်းနဲ့အတူ ဝင်လာသော နှင်းဆီကိုကြည့်ပြီး စပ်ဖြဲဖြဲ နဲ့ ဗိုးခွားက...

"နှင်းဆီ... နင်လည်း ယှုတို့နှစ်ယောက်ကြားမှာ နေရင်းနဲ့ လင်စိတ်သားစိတ်ကုန်ပြီး အပျိုကြီးဖြစ်နေဦးမယ် ဖင်းသမီးရဲ့"

"မသာကောင်..."

တဟားဟားနဲ့ ပွဲကျနေကြပါတယ်။

ဂျူးဂျူးကို ပွေ့ချီထားရင်း ဝရံတာကနေ ဟိုးအဝေးက ကွင်းပြင်ကြီးကို ငေးကြည့်နေမိတယ်။

အတိတ်ဆိုတာ လ[illegible]ဆတ်တဲ့လေပြည်နဲ့ အသစ်တစ်ဖန် နှိုးကြားခဲ့တယ်။

မီးတိုင်တွေနဲ့ စင်မြင့်အဟောင်းကြီးဆီ ဟိုးအဝေးက မှုန်ပြပြ အဆောက်အအုံဟောင်းတွေ... ပြီးတော့ ကျောင်းနဲ့ ကပ်နေသော တောအုပ်ပုပုလေးတွေ...





"အဲဒါ ဘာတွေလဲ မမ..."

"အဲဒါ စံပယ်ခြံပေါ့သမီးရဲ့"

"စံပယ်တွေ အများကြီးပဲလား မမအောင်"

"အင်းပေါ့..."

ကျွန်တော်တို့ သူ့အနားရောက်တော့ သူမ လှည့်ကြည့် တယ်။

"ဩော်..."

ကျွန်တော်နဲ့ တွဲလျှောက်လာတဲ့ ခင်နှင်းက စံပယ်ခြံ ဘက်က လေညှင်းနုနုကို ခေါင်းမော့ ရှိုက်သွင်းရင်း...

"အေးချမ်းလိုက်တာနော်... အင်း... ဟိုတုန်းကအချိန် တွေကို အရမ်းသတိရတာပဲနော် သူရဇ္ဇ"

ကျွန်တော်က ခေါင်းညိတ်မြရင်း အဝေးဆီ ငေးကြည့် နေမိတယ်။

မျက်နှာပေါ် လွင့်ဝဲနေတဲ့ ဆံနွယ်စတွေကို လက်နဲ့ သပ်တင်ရင်း နှင်းဆီက ခင်နှင်းဘက် လှည့်မေးပါတယ်။

"အစီအစဉ် စနေပြီလား"

"မစသေးပါဘူး... ဟိုအုပ်စုတွေ အစားအသောက်တွေ ကားပေါ်ကချရင်း တစ်ယောက်နဲ့ တစ်ယောက် အလုအယက် စကားတွေပြောနေကြတာ ဆူညံနေတာပဲ"

သူမက ပန်းနုရောင် ဆိုးထားတဲ့ နှုတ်ခမ်းကို တင်းတင်း စေ့သွားအောင် ပြုံးသည်။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ပိုင်းကူလုပ်ပေးဖို့ သွားကြမယ်လေ"

"အံမယ်... မလိုပါဘူး နှင်းဆီရယ်၊ ဆိုင်က အကူကောင်လေးတွေနဲ့တင် ဒီပွဲက လုံလောက်ပါတယ်၊ လာ... သမီး၊ မမရယ် ဂျူးဂျူးရယ်က ဟိုမှာ မုန့်သွားစားကြမယ်"

ဂျူးဂျူးကို ခင်နှင်းခေါ်သွားတော့ ကလေးက သိပ်မလိုက်ချင်...။

ကျွန်တော်နဲ့ သူမကတော့ ဝရံတာရဲ့ အစွန်းနှစ်ဖက်က တိုင်တွေကိုမှီပြီး အဝေးကို ငေးနေကြတယ်။ စက္ကန့်သံတွေ တစ်ချပ်ချပ် မြည်နေသလို။ ဒါမှမဟုတ် လေတိုးသံပဲ ကြားရနေသလို တိတ်ဆိတ်နေတယ်။ လွင့်ဝဲနေတဲ့ ဆံနွယ်အမျှင်တွေကြားမှာ နူးညံ့တဲ့ ကဗျာတစ်ပုဒ်လို ဆွေးဆွေးရီရီအလှ... (နီတွေးပါးလျတဲ့ နှုတ်ခမ်းတင်းတင်းတွေကြားမှာ အကြင်နာတွေ ပြေလျော့နေတတ်သူ) သူမ ကျွန်တော့်ဘက် ခေါင်းလှည့်ကြည့်တယ်။ ကျွန်တော်နဲ့ အကြည့်ချင်းဆုံတယ်။ အတော်ကြာအောင် တမေ့တမော အပြန်အလှန် စိုက်ကြည့်မိကြတယ်။

စကားတွေကို အသံမဲ့ပြောကြတယ်။ သက်ခံတယ်... ငြင်းပယ်တယ်... အကြင်နာရယ်... ဒေါသရယ်... ငြင်းဆိုမှုတွေရယ်... ကြည်နူး လက်ခံမှုတွေရယ်...

သူမက ဆံစတွေကိုသပ်တင်ပြီး နားလည်ရခက်အောင် ပြုံးတယ်...





"လွန်ခဲ့တဲ့နှစ်တွေကို သတိရစရာပဲနော်"

ညင်သာတိုးတိတ်တဲ့ စကားသံဟာ သူ့ကို ရည်ရွယ်ပြီး ပြောခဲ့တာလား... ဟုတ်မှာပေါ့။ အနားမှာ သူတစ်ယောက်ပဲ ရှိခဲ့တာပဲ မဟုတ်လား။

"အတိတ်ဆိုတာမှာ ငါ့ကော ပါနိုင်မှာလား မိဆူး"

သူမက သက်ပြင်းတစ်ချက် ရှိုက်တယ်။ မျက်ဝန်းကို မှေးစင်းထားရင်း အဝေးက ခပ်မည်းမည်း စင်မြင့်ကြီးဆီ ကြည့်ပြီး...

"နင်မှမဟုတ်ပါဘူး... ဟိုစင်မြင့်ကြီးလည်း ပါ,ပါတယ်"

ကျွန်တော် သူ ကြည့်နေတဲ့ စင်မြင့်ဆီသို့ အကြည့်ရောက်မိတယ်။

"အဲဒီအရွယ်... အဲဒီအသိဉာဏ်နဲ့ မာန ဆိုတာတွေ အတိတ်မှာပဲ လွယ်လွယ်ကုန်ဆုံးတဲ့ နာရီအချိန်တွေလို ငါတို့ မေ့လိုက်ကြရအောင်နော် မိဆူး..."

"မေ့လိုက်ကြရအောင် ဟုတ်လား... သူရဇ္ဇ..."

"အလွယ်တကူ မေ့နိုင်တာတွေရှိတတ်ပါတယ်၊ ဒါပေမယ့်... အလွယ်တကူ မမေ့နိုင်တာတွေလည်း ငါ့ဘဝမှာ ရှိခဲ့ဖူးတယ် သူရဇ္ဇ"

"ငါတို့နှစ်ယောက်ရဲ့ သံယောဇဉ်ဆိုတာကော ဘယ်ထဲမှာ ပါနိုင်မလဲ မိဆူး"



www.burmeseclassic.com

www.burmeseclassic.com



သူမက ကျွန်တော့်ကို တွေတွေဝေဝေ စိုက်ကြည့်တယ်။ ပြီးတော့ တစ်ကိုယ်တည်း ညည်းသလိုနဲ့...

"သံယောဇဉ်... ဟုတ်လား..."

"သံယောဇဉ်ဆိုတာကို နင်ကကော တကယ်ယုံကြည်လို့လားဟင်... သူရဇ္ဇ"

ကျွန်တော် သူ့ဘက်လှည့်ရင်း လက်ပိုက်ကာ ဝရံတာတန်းပေါ်ကို တင်ပါးလွှဲထိုင်၏။

"ငါ ယုံကြည်တယ်... တကယ်ကို နှစ်နှစ်ကာကာကို ယုံကြည်ထားတာ"

သူမက ခနဲ့ပြုံး ပြုံးသည်။ တွန့်ကွေးသွားသော ဘယ်ဘက်နှုတ်ခမ်း ထောင့်စွန်းသည် လှ၏။

"ငါ နင့်ကို နောက်ထပ်တစ်ကြိမ်လောက် အခွင့်အရေးတစ်ခု တောင်းဆိုချင်တယ် မိဆူ။ ဒီအခွင့်အရေးဟာ ပထမတစ်ကြိမ်လိုတော့ ငါ မဖြစ်ပါရစေနဲ့နော်"

သူမက လက်ကိုနောက်ပစ်ရင်း ကျွန်တော်နဲ့ တည့်တည့်ပဲ ရင်ဆိုင်လိုက်တယ်။

"ဒီလို အခွင့်အရေးမျိုးကိုကော ဘယ်သူ့ဆီက ရခဲ့ပြီးပြီလဲ..."

သူမ အမေးကြောင့် ကျွန်တော် မျက်မှောင်ကြုတ်ကြည့်မိတယ်။ ပြီးတော့လည်း...





"နင် ဘာကိုပြောချင်တာလဲ၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းဟာ"

သူမက မျက်ဝန်းကို ပင့်လှန်ကြည့်ရင်း...

"မပေရယ်..."

သူမစကားကြောင့် ကျွန်တော် တိုင်ကိုကျောမှီ ကျောချရင်း တဟားဟား ရယ်မိတယ်။ ပွဲတင်သံတွေ ထွက်သွားလောက်အောင် ညက တိတ်ဆိတ်နေပါတယ်။ သူမက ကြောင်ပြီး ပထမတော့ ကျွန်တော့်ကို ပါးစပ်အဟောင်းသားနဲ့ ငေးနေတယ်။ ပြီးတော့မှ...

"နင်... ဘာရယ်တာလဲ၊ ငါ့ကို လှောင်တာလား"

ကျွန်တော်က လှမ်းကာတားရင်း အရယ်ရပ်ကာ...

"မဟုတ်ပါဘူး... နင့်စကားကို သဘောကျလို့ပါဟ၊ မပေရယ်ကို နင်က အထင်မှားနေတာကိုး။ အေးပေါ့လေ... နင်မှအကြောင်းစုံမသိတာ၊ မပေရယ်က ထိုင်းလူမျိုး။ ယိုးဒယားမှာနေပေမယ့် သူ့အဖေက ရှမ်းလူမျိုး။ ရှမ်းသွေး စပ်တယ်၊ သူနဲ့လက်ထပ်မယ့် 'ကောင်းကောင်' ဆိုတာက သူ့လို ရှမ်းသွေးရောနေတဲ့ ယိုးဒယားပဲ... ဒီကောင်နဲ့ငါက တတ်ပုံသင်တန်းတစ်ခုမှာ အရမ်း ရင်းနှီးသွားတယ်လေ၊ နောက်... သူ့အိမ်မှာ တည်းပြီး သင်တန်း တက်လောက်အောင် စိတ်တူဝါသနာတူတာ၊ သူနဲ့ပတ်သက်ပြီး မစွမ်းလိုခေါ်တဲ့ ပေရယ်ကိုသိရတော့



www.burmeseclassic.com

www.burmeseclassic.com



ဆွေမျိုးရင်းချာလို ခင်မင်ခဲ့တာ… အဲဒီကတစ်ဆင့် ဂျပန်ကို သင်တန်း နောက်တစ်ခုတက်တော့လည်း ကောင်းကောင်းနဲ့ငါ အတူတူပဲ ကဲ… ဘာသိချင်သေးလဲ"

သူ ပြေပြီးမှ သူမ ရှက်နေသေးတယ်။ ကျွန်တော်က သူ့ကို ခေါင်းငုံ့ကာ သူ့မျက်ဝန်းကို စေ့စေ့ကြည့်တော့ သူမက မပြုံးမိအောင် နှုတ်ခမ်းကို ကိုက်ကာ မျက်နှာကိုလွှဲတယ်။

"ငါပြောတော့မယ် မိဆူး… ဒီတစ်ခါထပ်လွှဲရင် ငါရင်ကွဲ ရလိမ့်မယ်"

သူမက အသံတိုးတိုးနဲ့ အပိုတွေပါလို့ ပြောပြီး ခေါင်းငုံ့ သွားတယ်။

"မပိုပါဘူး မိဆူးရယ်… သွားလာလှုပ်ရှားနေရပေမယ့် အဲဒီလူ့ရဲ့ ရင်ထဲမှာ ခံစားမယ်၊ နာကျင်ကြေကွဲချင် ကြေကွဲ မယ်… ဘယ်သူမှ မသိနိုင်ဘူးလေ…"

"မိဆူး…"

သူမက ခေါင်းငုံ့နေပြီ။ လေတွေက တဟူးဟူး တိုက် နေတယ်။ သူမ ငုံ့နေတဲ့ မျက်နှာလေး ဆံနွယ်တွေ ရှုပ်ထွေး သွားတယ်…။

"နှင့်ကို ငါ… သိပ်ချစ်တယ်"

တစ်ဦးကို တစ်ဦး မျက်ဝန်းတွေ ရင်ဆိုင်ရင်း ငေးမော မိတယ်။





"နှင့်ဘက်က ဘယ်လိုတုံ့ပြန်မှာလဲ၊ ပြောပါဟာ…"

"ငါ့ဘက်က… နှင့်အပေါ်ထားတဲ့ သဘောထားလား… ဟိုးအရင်အတိုင်းပဲ၊ နှင်နဲ့ စဆုံဖူးတဲ့ အချိန်ကော… နှင်နဲ့ နောက်ဆုံးစကားပြောဖူးတဲ့ ဟိုး စင်မြင့်ပေါ်မှာကော ငါ့ရင်ထဲက နှင့်အပေါ်ထားရှိတဲ့ စိတ်ဆန္ဒက တစ်သမတ်တည်းပဲ၊ ပြောင်းလဲ မှာလည်းမဟုတ်ဘူး သူရနှ…"

သူမက ဆံပင်တွေ စုစည်းဆုပ်ကိုင်ပြီး မေးအောက်မှ ပတ်ကာ နောက်ကျောသို့ရစ်ခွေလိုက်သည်။ ပြီးတော့ ဝရံတာ တစ်လျှောက် ခြေလှမ်းစထွက်တော့ ကျွန်တော်လည်း ခြေလှမ်း စမိ၏။

"နှင်နဲ့ပတ်သက်ပြီး အာယာတတွေ၊ မာနတွေနဲ့ ငါ့ရင့်မှာ မီးဟုန်းဟုန်း တောက်နေတာ နှင်သိရဲ့လား… ငါ မလိမ်ချင် ပါဘူး သူရနှ… နှင့်ကို ငါ ဘယ်လို အနေအထားဖြစ်ဖြစ် မေ့ပစ်လိုက်ကိုမရဘူး။ မေ့ပစ်ဖို့ အခြေအနေမပေးအောင် သူတို့ (ကျော်ဇေတို့ ခင်နှင်း… ဂျူးဂျူး… ဆရာမတို့)က တစ်မျိုးမျိုး သတင်းစကားနဲ့ သတိပေးကြတယ်၊ အခုတော့ အဲဒီဖြစ်ပြီးသမျှ တွေက (နာကျင်မှု)တွေ မေ့နိုင်လောက်ပြီ ထင်တာပဲ၊ တစ်ခါ တလေတော့လည်း ငါက တစ်ဖွတ်ထိုး ဆန်တယ်၊ (ဥပမာ နှင်နဲ့ ပတ်သက်ရင်ပေါ့)"

သူ့စကားကြောင့် လှေကားက ဆင်းရန်ပြင်နေတဲ့ ကျွန်တော့်ခြေလှမ်းတွေ ရပ်တန့်သွားတယ်။ သူနဲ့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



အကြည့်ချင်း ဆုံကြတယ်… သူမရဲ့မျက်လုံးတွေမှာ ဝမ်းနည်းကြေကွဲရိပ်တွေနဲ့ အရည်လဲ့နေပါတယ်၊ သိပ်ကိုလှပတဲ့ မျက်ဝန်းတစ်စုံကြောင့် ကျွန်တော့်ရင်မှာ… သိပ်ကို ခံစားရပါတယ်၊ သူမရင်ထဲမှ တစ်လျှောက်လုံး မျိုသိပ်ထားတဲ့ စကားတွေကို ရင့်ပွင့် သက်သာသွားစေဖို့ ကျွန်တော့်ရင်ထဲက ချစ်ခြင်းရဲ့ ထုထည်နဲ့ သက်သာမှုကို ပေးချင်တယ်။ တစ်သက်လုံး မာကျောကျောနဲ့ ဟန်ဆောင်ကောင်းတဲ့ မိန်းကလေး (မိနှင်းဆီ) ပန်းကလေးရယ်… သူမကို ကြည့်ပြီး ကျွန်တော် ရင်နင့်စေခဲ့၏။

"ငါ… နင်နဲ့စတွေ့ကတည်းကကော အခုလက်ရှိအထိပါ တပင်တပန်း ချစ်ခဲ့ရတာ နင်တစ်ယောက်ပဲရှိခဲ့တယ် မိဆူး… ဘယ်လိုအခြေအနေမျိုးမှာဖြစ်ဖြစ် လူတိုင်းရဲ့ရင်ထဲမှာ နာမည်ကြီးမော်ဒယ် 'နှင်းဆီအောင်'ကို စွဲလမ်းလွန်းနေပါစေ၊ ငါ့ရင်ထဲမှာတော့ စံပယ်ဖြူတွေကို နှစ်သက်တဲ့ ငါ့ရဲ့ကျောင်းသွားဖော်လေး 'မိဆူး'ကို အမြတ်တနိုး သတိရနေတုန်းပဲ၊ နင်နဲ့ ပရိုပက္ခဖြစ်ပြီးနောက်ပိုင်းမှာ အခြေအနေတွေ ပိုဝေးသွားပြီ ဆိုတာ ငါသိပေမယ့် နင့်ကို မြတ်နိုးစုံမက်တဲ့စိတ်နဲ့ ငါ အပြင်းအထန်ကြိုးစားတယ်… ငါ့ရဲ့ ကြိုးစားခြင်းဟာ နင့်အတွက်ပဲ… ဘာဖြစ်လို့လဲဆိုတော့ တော်ရုံအခြေအနေမျိုးနဲ့ နင်နဲ့နီးစပ်ဖို့ ဆိုတာ မဖြစ်နိုင်ဘူး ထင်တယ်လေ"





ခြေလှမ်းတွေရဲ့ ပြိုင်တူသတ်မှတ်ရာ ဟောခန်းမရဲ့ဘေးမြက်ခင်းကွင်းပြင်မှာ… သူတို့အဖွဲ့ကတော့ တက်ကြွလှုပ်ရှားတဲ့ အရိပ်အယောင်တွေနဲ့ ရယ်သံကို ကြားရသည်။ မီးရောင်တွေရဲ့ အလင်းက တက်ကြွစရာ…

"ငါ… ဟိုမှာ သင်တန်းတက်ရင်းနဲ့ အလုပ် လုပ်ရတယ်၊ ခက်ခဲပင်ပန်းမှုနဲ့ စိတ်ဓာတ်ကျစရာ မြင်တိုင်း စိတ်ဓာတ်ကို မြှင့်တင်ဖို့ အရာနှစ်ခုရှိခဲ့တယ်… တစ်ခုက အဖေ့ရဲ့ ကင်မရာ အဟောင်းလေးရယ်… နောက်တစ်ခုက…"

စကားသံ ပြတ်တောက်သွားတော့ သူမ သူ့ကို မော့ကြည့်တယ်။

သူက လျှို့ဝှက်သိပ်သည်းတဲ့ အပြုံးတစ်ခုကို နှုတ်ခမ်းမှာ တွယ်ချိတ်ရင်း အိတ်ကပ်ထဲက တစ်စုံတစ်ခုကို ထုတ်ပြသည်။ ကီးချိန်းလေးတစ်ခု…

"အို…"

ဆေးသားအရောင် ခပ်ဖျော့ဖျော့နဲ့ ဓာတ်ပုံတစ်ပုံကို ထည့်သွင်း ပြုလုပ်ထားတဲ့ပုံရိပ်… ကောင်မလေးတစ်ယောက် အဖြူအစိမ်း ဝတ်စုံလေးနဲ့ အုပ်ဆိုင်းမှိုင်းညို့တဲ့ အင်ကြင်းပင်အောက်က ခုံတန်းလျားပေါ်မှာ အင်ကြင်းပွင့်ရဲ့ အညှာကို ကိုင်ပြီး ဆော့ကစားနေဟန်နဲ့ မပီပိုးတဝါး တွေ့ရသည်။

"ဒီပုံက…"



www.burmeseclassic.com

www.burmeseclassic.com



သူမက အံ့ဩဟန်နဲ့ မျက်မှောင်ကို ကြုတ်ရော့ သူက ရယ်ရင်း...

"ဆုပေးပွဲတုန်းကလေ... နင် မမှတ်မိတော့ဘူးလား"

သူမက ကောင်းကင်ကိုကြည့်ပြီး တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားနေတယ်။ ပြီးတော့ နှုတ်ခမ်းတွေ တဖြည်းဖြည်း ပြုံးရယ်လာပြီး...

"အင်း... အဲဒီတုန်းက ငါ့စိတ်ထဲမှာ တစ်ယောက်ယောက်က ဓာတ်ပုံနိုးရိုက်လိုက်တယ် ထင်သား၊ နင် လူလည်ကျသွားတာပေါ့... ဟင်... သူရဲ့"

နှစ်ယောက်သား တစ်ယောက်ကိုတစ်ယောက် ကြည့်ပြီး အသံထွက် ရယ်မောလာကြတယ်။

"ကဲ... မင်းသမီး... ဒီတစ်ခါတော့ ငါ့ကို မြန်မြန်ပြောတော့ဟာ... ဟိုတစ်ခါလို ဖြစ်နေဦးမယ်"

သူမက ရယ်ပါတယ်။ သူမနဲ့ မျက်နှာချင်းဆိုင်ရပ်ရင်း ကိုယ့်ရင်ခုန်သံ ကိုယ် ပြန်ကြားနေရပါတယ်။ သူမ နှုတ်ခမ်း ဟသွားပါတယ်...

"ငါ... နင့်ကို..."

"ဟေး..."

သွားပြီလို့ ကျွန်တော် သိလိုက်တယ်။ ပြေးဝင်လာ၍ ကျွန်တော်တို့ကို ဝိုင်းအုံလာသော လူအုပ်ကြောင့် ဒီတစ်ခါလည်း နောက်ကျပြန်ပြီဟု သိလိုက်ရပါတယ်။





"နင်တို့က ကြားလိုက်တာဟာ... ဘာတွေလဲ"

"အေးလေ... ဘယ်ရောက်လို့ ရောက်နေမှန်းမသိဘူး"

"သူရဲ့... ရုတ်ရုတ်တော့ မလုပ်နဲ့နော်"

"ဘာစကားတွေ ပြောနေကြတာလဲ"

သူမက မျက်နှာပေါ်မှာ ပန်းနုသွေး စွဲလောက်အောင် ရှက်ရယ် ရယ်နေပါတယ်။

လူအုပ်ထဲမှ ကျော်ဇေယျက ကျွန်တော့်ကို မျက်ခုံးမင့်ပြရင်း လက်မထောင်ပြတော့ ကျွန်တော်က မအီမလည်နဲ့ နာခေါင်းရှုံ့ပြသည်။

ကျွန်တော်တို့နှစ်ယောက်ကို ကြည့်ပြီး မိဆွေးက ရယ်ချင်နေပုံရ၏။

သူမကိုလည်း ခင်နှင်းက အခစ်အနား ကျင်းပရာ မြက်ခင်းဆီသို့ ခေါ်သွားရင်း တီးတိုးပြောဆိုနေ၏။ သူမက ရယ်မောရင်း ခေါင်းခါနေတာ တွေ့ရသည်။

(တို့နှစ်ယောက် ဇာတ်လမ်းက လွဲချော်ခြင်း ကျိန်စာနဲ့ ဘာလို့ ယိမ်းခါနေရတာလဲ မိဆွေးရယ်...)

ကားကို မှန်မှန်မောင်းလာရင်း ကျော်ဇေ အမေးကြောင့် ရှေ့ကို အာရုံစိုက်နေရာမှ...

"ဟ... ဘယ်လိုဖြစ်ရမှာလဲ၊ ခုန ငါပြောတဲ့အတိုင်း ဖြစ်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ..."

ပွဲပြီးတော့ (၉)နာရီခန့်ရှိမည်။ ပစ္စည်းတွေ သိမ်းပေးပြီး အစားအသောက်မှာသော ဝန်ထမ်းကောင်လေးတွေက သူတို့ကားနဲ့ပဲ ပြန်သယ်ဆောင်သွားကြတော့ မခက်ခဲ။

ဆရာ၊ ဆရာမတွေက တကယ့်ကလေးတွေလို ဆက်ဆံကြတုန်း။ တကယ့်ကို ဟိုအရင်ကတိုင်း ပြန်ခံစားရသည်။

"မိဆူးပြန်သွားတာ ငါတောင် မသိလိုက်ဘူး"

ဖိုးခွားစကားကြောင့် ကျော်ဇော ဖိုးခွား ဇက်ပိုးကို ကားနောက်ခန်းကနေ ရိုက်လိုက်ရင်း...

"နှမပေး... မင်းက မေဇင်တို့ နွယ်နွယ်တို့နားကနေ မခွာနိုင်ဘဲကို"

ဖိုးခွားက တဟဲဟဲရယ်ရင်း...

"မင်း မသိဘူးလား... သူတို့အုပ်စုထဲမှာ တွေ့တဲ့ကောင်မလေးတစ်ယောက်ကို စိတ်ဝင်စားလို့ သွားငမ်းတော့မှ မျိုးသက်ပိုင် ဖြစ်နေတယ်၊ ငါ နာမည် မေးလိုက်တော့ ငါ့ကို ခေါင်းခေါက်လိုက်တာ ပူစူနေတာပဲ... အဲဒါနဲ့ ငါလည်း မထူးဘူးဆိုပြီး ဝင်လုံးနေတာ"

ရယ်သံတွေ ကားထဲမှာ ဆူညံသွားတယ်။ ကျွန်တော်က ပို့ဂ္ဂဟ်တစ်ခုမှာရပ်ရင်း...

"အဆင်ပြေလား..."





"အင်း...ပထမတော့ သူတို့မိန်းမသားတွေ... သိတယ်မို့လား... မှတာပေါ့ကွာ၊ နောက် ငါ့ကို သူတို့ကုမ္ပဏီကတ်ပေးတယ်၊ အဆင်ပြေနိုင်မှာပါ"

"နေပါဦး... သူရဇ္ဇရာ... ခုနစကားကို ဆက်စမ်းပါဦး။ မင်းတို့ပွဲမစခင် အခြေအနေကို"

ဖိုးခွားရဲ့အမေးကို ချက်ချင်း ပြန်မဖြေနိုင်အား။ ပို့ဂ္ဂဟ်လွှတ်တော့ ဂီယာချိန်းရင်း ကားကို မောင်းထွက်ကာ...

"တကယ်ပါကွာ... ငါ မလိမ်ပါဘူး။ မင်းတို့ရောက်လာတာနဲ့ သူ့ဆီကအဖြေကို မရလိုက်ဘူး။ ပြီးတော့ မိတ်ဆုံစားပွဲကျင်းပနေတာနဲ့ သူနဲ့ငါ သေသေချာချာ မတွေ့လိုက်ရပါဘူး။ ပွဲပြီးတော့ မိန်းကလေးတွေက အရင်ပြန်သွားတော့ ငါတို့ယောကျ်ားလေးအုပ်စုပဲ ကျန်ခဲ့တာပဲမဟုတ်လား၊ ဟိုကောင်တွေရှိလို့ ညက မင်းတို့ကို ငါ မပြောတာပါ၊ မနက်ရောက်တော့ ဆရာမတွေကြို... ကန်တော့ဖို့အစီအစဉ်လုပ်ရင်း သူနဲ့ငါ ထပ်မတွေ့ဖြစ်ဘူး၊ ပြန်ကာနီးမှ သူ့ကားနားမှာ ခဏစကားပြောဖြစ်ပါတယ်၊ ဒါတောင် ခင်နှင်းရဲ့ ကျေးဇူးကြောင့်"

"အဲဒီမှာ အဖြေတောင်းပေါ့ကွာ"

ကျော်ဇေ့စကားကို သူက ခပ်ယဲ့ယဲ့ပြုံးရင်းက...

"ဒီလောက်ခဏလေးအချိန်ကို အဖြေတောင်းလို့ မလေးနက်ဘူးလို့ သူက ထင်နေတယ်လေ... တစ်နေ့နေ့ပေါ့တဲ့...



www.burmeseclassic.com

www.burmeseclassic.com



ဖူးစာမှန်ရင် ဘယ်လိုအတားအဆီးရှိနေနေ ဖြစ်လာမှာတဲ့၊ ငါ ဘာဆက်ပြောရဦးမှာလဲ"

ကျော်ဇော လေပူကို တစ်ချက်မှုတ်ထုတ်ရင်းနဲ့...

"မင်းတို့ ဇာတ်လမ်းကလည်း သို့လော... သို့လောနဲ့... လျှို့ဝှက်သည်းဖို ဇာတ်လမ်း တစ်ပုဒ်လိုပဲ"

သူက ကားကို ဂရုတစိုက်မောင်းလာရင်းက သူတို့ကို ရည်ရွယ်ပြီး စကားလှည့်ပြောတယ်။

"ဘယ်မှာဆင်းမှာလဲ"

"ငါ့ကို တိုက်ရှေ့မှာပဲ ချလိုက်... ဖိုးခွား... မင်း ငါနဲ့ နေခဲ့လေ"

"အေး...ကောင်းတယ်၊ ငါလည်း သဘော်က ပြန်ဆင်းကတည်းက ယောင်ချာချာ ဖြစ်နေတာ"

"စိတ်ချကွာ... မင်း တိုက်ရောက်ရင် ယောင်ချာချာ မဖြစ်စေရဘူး၊ ငါ့အလုပ်တွေ ဝိုင်းကူရမယ်"

မျက်နှာရှုံ့မဲ့ရင်း ဖိုးခွားက ကျော်ဇော့ကို ပျစ်ပျစ်နှစ်နှစ် ဆဲပါတယ်။

"မင်း ဒီလောကထဲရောက်မှ တစ်သက်လုံးက မကောင်းခဲ့တဲ့အကျင့် ပိုဆိုးတော့တာပဲ"

သူတို့နှစ်ယောက် အပြန်အလှန်စကားကို သဘောကျစွာ ရယ်မိတယ်။ ပြီးတော့ ကားကို ပလက်ဖောင်းရှေ့မှာ ထိုးရပ်





ပေးတော့ နှစ်ယောက်သား ဆင်းတယ်။ ကျော်ဇော ကားတံခါးပေါက်မှ ကျွန်တော့်ကို လှမ်းကြည့်ကာ ပြောတယ်။

"ဟေ့ကောင်... မင်းစောရင် ထမင်းပဲချက်ထားလိုက်၊ ဘာမှမချက်နဲ့တော့၊ ငါတို့ စားဖို့သောက်ဖို့ဝယ်ခဲ့မယ်၊ ဟဲဟဲ... ဘဲကင်ပါ ဝင်ဝယ်ခဲ့မယ်၊ မင်း ပုလင်းဝယ်ဖို့ မေ့မနေနဲ့၊ ည... ကိုအောင်နိုင် လာမယ်နဲ့တူတယ်"

"အေးပါ... ပုလင်းကမပူနဲ့၊ ကိုအောင်နိုင် ဝယ်လာလိမ့်မယ်၊ ဟေ့ကောင်... မင်းဆီမှာ အိမ်အပိုသော့ ရှိတယ်နော်"

ကျော်ဇော ပလက်ဖောင်းပေါ်တက်ရင်း အေးအေး... လို့ အော်ပြောသွားတယ်။ ကျွန်တော်က ကားစက်နှိုးရင်း ဖိုးခွားကို ညမှဆုံမယ်လို့ပြောရင်း ကားကို မောင်းထွက်လိုက်သည်။

မြက်ခင်းပေါ်က ကြိုးခွေတွေကိုရှင်းရင်း ကိုအောင်နိုင်က ...က်အဖွဲ့တွေကို အော်ဟစ် ဆဲဆိုနေသည်။ သဘောကောင်း သလောက် အဆဲအပြုလေး ပါတတ်သော ကိုအောင်နိုင်ကို



www.burmeseclassic.com

www.burmeseclassic.com



သူ့အဖွဲ့တွေက အပြုံးတောင်မပျက်မှာ သေချာသည်။ ကက်ဆက်ထဲက နောက်ခံပလေးဘတ်ကို ပြန်ရစ်ရင်း…

"နှင်းဆီ… ညည်းက အဲဒီ အပွင့်ကြွေတွေပေါ်မှာ ညာဘက် နည်းနည်းလေးစောင်းပြီး ထိုင်လိုက်၊ မဟုတ်ဘူး… ဟိုဘက်၊ အေး…အေး… ဟုတ်ပြီ၊ မောင်စိန်… မင်းကြီး ဒေါ်လင်မို့လို့ အဲဒီဘက်ကနေ ထိုးနေတာလား၊ ဆံပင်ထိပ်ဖျား တွေလောက်ကို ရှန်တိန်လောက်ပဲ၊ ဆွေမင်းဘက်က လိုက်တင် နည်းနည်းဆို ရပြီ"

ကျွန်မက စိန်ပန်းနဲ့ ငုဝါကြွေတွေပေါ်မှာ ခပ်လျော့လျော့ ထိုင်ရင်း ခြံလေးရဲ့ နောက်ဘက်ကျကျမှာ ဆောက်ထားတဲ့ ဂျပန်စတိုင် တစ်ထပ်တိုက်ပုလေးဆီ အာရုံရောက်သွားသည်။ အဖြူရောင်ဆွဲတံခါးကို ဆွဲဖွင့်ပြီးထွက်လာတဲ့ သူရဲ့နဲ့ အသား ဖြူဖြူ လူတစ်ယောက်။ မြန်မာတော့ဖြစ်ဟန်မတူဘူး။ ရှမ်းသွေး ရောတယ်နဲ့ တူပါရဲ့…။

"ဟဲ့… ဟိုကောင်မလေး အာရုံက ဘယ်ရောက်နေ တာလဲ၊ ငါတော့ အာခြောက်ပြီး သေတော့မှာပဲ… ကဲ… ကိုဆန်းလွင်၊ ကင်မရာအန်ကယ်ထောင့် စိတ်ကြိုက်ရပြီလား"

"ရပြီအာစရိ… အိုကေ…"

ကိုအောင်နိုင် လှမ်းဟောက်တာကြောင့် ကျွန်မ ပြုံးမိ တယ်။





ကတ်တစ်ခုလုံးကို ကိုအောင်နိုင်က စိတ်တိုင်းကျ ရိုက်ယူ တယ်။ ကျွန်မလည်း မညည်းမညူ လုပ်ပေးပါတယ်။ ကျေနပ် သွားလောက်အောင် ရိုက်ပြီး…

"ကတ်… အိုကေ… ကောင်းတယ်၊ နှင်းဆီရေ… မောသွားပြီလား"

ကိုအောင်နိုင့် အမေးကို အပြုံးနဲ့ ရပါတယ်…ဖြေရင်း အကူကောင်မလေး လာပေးသော ပဝါဖြင့် ချွေးတို့မိသည်။

"ရော့…"

ကျွန်မရှေ့သို့ရောက်လာတဲ့ လက်တစ်ဖက်နဲ့ ရေခဲစက် သီးနေတဲ့ အအေးဘူး တစ်ဘူးကြောင့် လှည့်ကြည့်မိတော့ သူရဲ့…။

"ပင်ပန်းနေပြီလား မိဆူး"

"ဟင့်အင်း…"

ကျွန်မက သူ့ကို အပြုံးနဲ့ဖြေလိုက်ပါတယ်။ ကိုအောင်နိုင် က ရှူတင်အဖွဲ့ကို မှာကြားနေရာက လှမ်းအော်ပြောသည်။

"ဟော့ကောင်… မျက်နှာမလိုက်နဲ့လေ၊ ငါတို့လည်း ပင်ပန်းတာပဲ"

ကိုအောင်နိုင်ရဲ့ စကားကြောင့် သူ ရှက်သွားတယ်နဲ့ တူပါရဲ့။

"ဟာဗျာ…"လို့ ပြောရင်း…



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားဟို့ဘာသာ သွားယူသောက်ပါလား"လို့ ပြောသည်။ သူ့ကို မော့ကြည့်ရင်း ရင်ထဲမှာ နွေးနွေးထွေးထွေးနဲ့ ကြည်နူး ကျေနပ်စေခဲ့တယ်။

သူက ကျွန်မဘက်လှည့်ပြီး သူ့ဘေးနားက ခုနမြင်ရတဲ့ ပုဂ္ဂိုလ်ထံ ညွှန်ပြကာ...

"နှင်းဆီ... ဒါ မပေရယ်ပုဂ္ဂိုလ်လေး ကောင်းကောင်းတဲ့"

"ကောင်းကောင်း... ဒါ ငါပြောတဲ့ နှင်းဆီ ဆိုတာလေ"

ကျွန်မက ရင်းရင်းနှီးနှီး ပြုံးပြနှုတ်ဆက်ခဲ့တယ်။

မပေရယ်က အိမ်ထဲကထွက်လာရင်း ကျွန်မဆီ လျှောက်လာကာ...

"ရို့(စ်)... ကျေနပ်ပြီလားဟေ့"

"ဟာ... မပေရယ်ကလည်း"

မပေရယ်က ကျွန်မကို လှမ်းဖက်ရင်း ရယ်ပါတယ်။ သူ့ဆီ လှမ်းခိုးကြည့်တော့ ကျွန်မထံ ကျေနပ် ကြည်နူးတဲ့ အပြုံးကို ခွေပြုရင်း လက်ပိုက်ကာကြည့်နေတယ်။

"Sun..."

မပေရယ်တို့ နှစ်ဦးလုံးက ကျွန်မကိုပါရောပြီး နှုတ်ဆက်တယ်။ ကျွန်မ သူရှေ့နဲ့အတူ ကားဆီလိုက်ပို့ပါတယ်။ ကားပေါ်သို့ရောက်ပြီး ကောင်းကောင်း ဆိုသူက...

"မင်း ပြပွဲတစ်ခု ဒီမှာလုပ်မလို့ဆို"





သူက ခေါင်းညိတ်ပြပြီး ကားပေါင်ပေါ် လက်ထောက်ရင်း

"အင်း... တစ်လလောက် လိုသေးတယ်"

"ပြိုင်ပွဲအတွက်ကော ပုံရပြီးပြီလား"

သူက ကျွန်မဆီ ခေါင်းငဲ့ကြည့်ကာ...

"ဟင့်အင်း... ဘာမှမစီစဉ်ရသေးဘူး"

"လုပ်တော့လေ အချိန်ကနီးနေပြီ"

"အင်းပါ"

ကောင်းကောင်းက ချုပ်ဒီး၁ လို့ နှုတ်ဆက်ကာ ကျွန်မကိုပါ လက်ပြသွားတယ်။ သူနဲ့အတူ ယှဉ်တွဲလျှောက်လာရင်း သူက ကျွန်မကို ငဲ့ကြည့်ကာ...

"မိရွှေ"

ကျွန်မက ပြောဆိုတဲ့ အမူအရာနဲ့ မေးဆတ်ပြတယ်။ သူက တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားဟန်နဲ့...

"နင့်ဆီက ငါ အကူအညီတောင်းမလို့"

"ပြောလေ"

သူက ခြေလှမ်းရပ်ပြီး ကျွန်မကို ရင်ဆိုင်ကြည့်တယ်။ ကျွန်မက သူ့အကြည့်ကို ရင်မဆိုင်ဘဲ သစ်ရွက် တစ်ရွက်ကို ချူးကာ ဆော့ကစားနေတယ်။

"ပြင်သစ်(ပါရီ)မှာ ကျင်းပမယ့် ပြိုင်ပွဲအတွက် နင် ငါ့အတွက် (မော်ဒယ်) လုပ်ပေးနိုင်မလား"



www.burmeseclassic.com

www.burmeseclassic.com



“ဟင်…”

ကျွန်မ အံ့သြသွားတယ်။ သူ့အတွက်ဆိုတဲ့ အသိ… ပြီးတော့ ဒီလိုအခွင့်အရေးကြောင့် မှင်သက် အံ့သြသွားရင်းက ဝမ်းသာသွားတာအမှန်ပင်။

“ဘယ်လိုလဲ… ဖြေလေဟာ”

ကျွန်မ သူ့ကို ကြည့်ရင်း ခေါင်းညိတ်ပြမိတယ်။

သူ ကျွန်မကို နောက်ထပ်စကားမဆက်တော့။ အဲဒီနေ့က ကျော်ဇေတို့ ခင်နှင်းနဲ့ ဖိုးခွားတို့ရောက်လာတော့ ကျွန်မပြန်ဖို့ နောက်ကျခဲ့တယ်။ ကိုအောင်နိုင်က ပစ္စည်းတွေကို ကားပေါ် တင်ပေးပြီး သူ့တပည့်တစ်ယောက်ကို သေသေချာချာမှာကာ ကျွန်မတို့နဲ့ နေခဲ့၏။

သူတို့ရှေ့ခန်းမှာ ဝိုင်းဖွဲ့ စကားတွေပြောနေကာ ကျွန်မ၊ ခင်နှင်းနဲ့ ဖိုးခွားရယ်က ချက်ပြုတ် ကြော်လှော်ကြ၏။ သူ့အိမ်ကလေးဟာ နှစ်လိုဖွယ် ကောင်းပါသည်။

အထူးသဖြင့် ရင်းနှီးတဲ့ မိတ်ဆွေတွေအတွက် သူ့အိမ်မှာ ဆုံမှတ်တစ်ခုလို့ သိခဲ့ရတယ်။

ကျွန်မက အဖော်ကောင်မလေးနဲ့ အိမ်က ကားကို ပြန်လွှတ်လိုက်ပါတယ်။ သိပ်မကြာခင်မှာပဲ ဂျူးဂျူးရောက်လာတော့ အိမ်ကလေးက ပိုစိုပြည်သွားတယ်။ လေးလေးအောင်နဲ့ အတူပါ လာပြီး ညနေမှ ဆရာမကို ကျောင်းမှာဝင်ကြိုမယ်ဟု





ပြော၏။ လေးလေးအောင် ရောက်လာတော့ ဘီယာဝိုင်းလေးကို စတင်၏။ ချက်ပြုတ်ရင်းက ဂျူးဂျူးက အတင်းဆွဲခေါ်ပါတယ်။

“မမအောင်… လာဦး”

“ဘာလဲ… သမီးရဲ့”

ကျွန်မက သူ ဆွဲခေါ်ရာနောက်သို့ ပါသွားရင်း အခန်း တစ်ခုရှေ့အရောက် ဂျူးဂျူးက ကျွန်မလက်ကိုဆွဲရင်း စေ့ထားတဲ့ တံခါးဆီ လက်ညှိုးထိုးကာ…

“မမ… အဲဒီထဲမှာလေ ချိတ်ထားတဲ့ပုံက ဘယ်သူ့ပုံလဲ ဟင်… မမလှလှတစ်ယောက်”

“ဘယ်မှာလဲ သမီးရဲ့…”

ကျွန်မက စိတ်ဝင်တစားနဲ့ ဒူးထောက် ထိုင်ချကာ ပွေ့ချီရင်းက မေးမိသည်။ ကလေးက သူမကို ကြည့်ကာ လက်ညှိုးလေး ထောင်ပြီး…

“အခန်းထဲမှာ ချိတ်ထားတာ မမရဲ့၊ သမီး ခဏခဏ ဝင်ဖူးတယ်၊ အဲဒီပုံထဲက မမက ဘယ်သူလဲမသိဘူး။ တစ်မျိုး ကြီးပဲ”

ကျွန်မ မျက်မှောင် ကြုတ်မိတယ်။ ပြီးတော့ တံခါးကို ဖွင့်သင့် မဖွင့်သင့် စဉ်းစားနေပါတယ်။ တံခါးလက်ကိုင်ကို ဖွင့်ဖို့ သော့လက်ကိုင်ဘုကို အကိုင်မှာ…

“ဟာ… ဂျူးဂျူးတို့က ဒီမှာကိုး”



www.burmeseclassic.com

www.burmeseclassic.com



သူရဇ္ဇ အသံကြောင့် ကျွန်မ လက်ကိုရုတ်လိုက်တယ်။ သူရဇ္ဇက ဂျူးဂျူးကို ချိုပိုးလိုက်ရင်း ကျွန်မရှေ့ကို ဝင်ရပ်ကာ တံခါးကို ကျော်ခိုင်းလိုက်သည်။ တံခါးကို နောက်ပြန်ချက်ကျ အောင်ဆွဲစိရင်း လော့ကိုပါချသည်။ တစ်စုံတစ်ခုကို ဖုံးကွယ်ထားမှန်း ကျွန်မသိပါသည်။ ကျွန်မနဲ့သူ စက္ကန့် တော်တော်ကြာသည်အထိ ကြည့်နေမိကြသည်။ သူက အရင်မျက်နှာလွှဲသွားကာ...

"လာလေ... နှင်းဆီ... ဟိုမှာ လေးလေးအောင်တို့က မေးနေကြတယ်"

ကျွန်မကို သူ အသာလက်ဆွဲပြီး ခေါ်သွားပါတယ်။ ကျွန်မရင်မှာ တအုံနွေးနွေး အသိတစ်ခုကတော့ ပျောက်မသွားနိုင်ခဲ့။ ခေါင်းယမ်းပြီး "ကျစ်"ခနဲ စုတ်သပ်တော့ သူ မသိသလို ဟန်ဆောင်နေတယ်။ အဲဒီနေ့က ကျွန်မ အပြန်လမ်းတစ်လျှောက် တိတ်ဆိတ်နေတော့ ခင်နှင်းကတောင် ဘာဖြစ်နေတာလဲလို့ မေးပါသည်။ ကျွန်မက ဘာမှ မဖြစ်ပါဘူးဟု ငြင်းမိသည်။

ငါ... သံသယဆိုတာ ရင်ထဲမှာ မထားချင်ပါဘူး သူရဇ္ဇရယ်...

အဲဒီအခြေအနေကို နင် ဖနိုတီးပြန်ပြီလား...

ငါ သိပ်သိချင်နေတဲ့ အဲဒီပုံအကြောင်း...





ဘယ်သူ့ရုပ်ပုံလွှာလဲ သူရဇ္ဇ... နင်နဲ့ ဘယ်လို ပတ်သက်သလဲ။

ငါ့ထက်ကော သူ အရေးပါနေသလား...။

ထမင်းစားခန်းထဲ ဝင်လိုက်တော့ ဒယ်ဒီက သတင်းစာတစ်စောင်ကို ဖတ်နေရာမှ မော့ကြည့်သည်။

"ဟော... သမီးတော် နိုးနေပြီပဲ၊ ရိုက်ကွင်းက ဘယ်မှာလဲ သမီး"

သူမက ကုလားထိုင်တစ်လုံးကို စားပွဲအောက်မှ ဆွဲထုတ်ကာ ဝင်ထိုင်၏။ ဒယ်ဒီက လက်ဖက်ရည်အိုးထဲက လက်ဖက်ရည်ကို သူမအတွက် ငှဲ့ပေးသည်။ သူမက ကော်ဖီမကြိုက်ပေ။ ဒါကြောင့်မို့ သူမအတွက် သက်သက်စီစဉ်ရသည်။ နံ့စပ်ရာ မုန့်တစ်ခုကို ဆွဲယူစားလိုက်ရင်း သူမကို တစိမ့်စိမ့် ကြည့်နေသော ဒယ်ဒီကြောင့်...

"ဒယ်ဒီက ဘာကြည့်တာလဲ" လို့ ရယ်ရယ်မောမော ပြောမိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီက စီးကရက်ကို ပြာခွက်ထဲ ထိုးချေရင်း…

"သမီးအသက် ဘယ်နှစ်,နှစ်ရှိပြီလဲ"

သူမက မျက်မှောင်ကြုတ်ကာ ဒယ်ဒီကို ဇဝေဇဝါနဲ့ ငဲ့ကြည့်တာမို့ ဒယ်ဒီက ဖြေပါဆိုတဲ့ သဘောနဲ့ မေးဆတ်ပြသည်။

"နှစ်ဆယ့်ငါးလေ… ဒယ်ဒီ"

"သမီးအသက် မငယ်တော့ဘူးလေ… သမီးကို ဒယ်ဒီ ပွင့်ပွင့်လင်းလင်းပြောရရင် သမီး အိမ်ထောင်ပြုသင့်ပြီ ထင်တယ်လေ…"

"သမီး…"

"ခဏနေဦး… ဒယ်ဒီ့စကား မဆုံးသေးဘူးလေ၊ သမီးကြိုက်တဲ့သူနဲ့ အိမ်ထောင်ပြုခွင့် ရှိတယ်လို့ ဒယ်ဒီ ခွင့်ပြုထားတယ်နော်… ဒါပေမယ့် ဒယ်ဒီပြောတဲ့မှုအတိုင်း ဖြစ်ရမယ်၊ ချမ်းသာတာ ဆင်းရဲတာ ဒယ်ဒီ စိတ်မဝင်စားဘူး… ရပြီသမီး…"

သူမက ခေါင်းငုံ့ကာ ကျောက်ဖြူစားပွဲကို ကုတ်ခြစ်နေသည်။ သူမ ဘာဆက်ပြောရမလဲ။ (သူ့ရှေ့… ငါ နှင့်အကြောင်းတွေ ပြောပြလိုက်ရင် ကောင်းမယ်ထင်တယ်နော်။) စိတ်ထဲမှာ ဖျပ်ခနဲ… အခန်းတံခါးတစ်ခု… ပြီးတော့ (သူ့ရှေ့မျက်ဝန်းထဲက ဖုံးကွယ်ထားတဲ့အရာ…) သူမ မျက်ဝန်းကို ဖွတ်မှိတ်





လိုက်သည်။ မျက်ဝန်းဖွင့်ကြည့်တော့ သူမကို စိုက်ကြည့်နေသော ဒယ်ဒီကို တွေ့ရသည်။

"ဟော… ကိုအောင်၊ လာကွာ…"

ကြော့ကြော့မော့မော့ စမတ်ကျကျ လျှောက်လာသော လေးလေးအောင်က သူမ ခေါင်းကို ကလေးတစ်ယောက်လို ပုတ်ရင်း…

"မိဆွေး… အစ်ကိုကြီးကို ဘာတွေ ကပ်ချွဲနေတာလဲ"

သူမက အပြုံးယဲ့ယဲ့ဖြင့် ခေါင်းခါပြကာ လေးလေးအောင်အတွက် လက်ဖက်ရည်ငှဲ့ပေးလိုက်သည်။

"ဒယ်ဒီ… သမီးသွားတော့မယ်"

သူမ ဒယ်ဒီကိုခွင့်တောင်းရင်း သူမရဲ့ အဖော်ကောင်မလေး အထွေးကို လှမ်းခေါ်ကာ ဒရိုင်ဘာကို အဆင်သင့်လုပ်ထားရန် ပြောလိုက်သည်။ ပြီးတော့ လေးလေးအောင်ဘက်လှည့်ကာ…

"လေးလေး… သမီး ရိုက်ကွင်းသွားရဦးမယ်၊ ဆရာမကော သင်တန်းက ပြန်ရောက်လာပြီလား"

"သမီးဆရာမက တစ်ပတ်လောက်ကြာဦးမယ်၊ ဂျူးဂျူးကတော့ ဂျီကျနေတာ… လေးလေးလည်း မနိုင်ဘူး၊ အခုကျောင်းပိတ်ရက် သူ့ရှေ့ဆီ ပို့ထားရတယ်လေ"

"ဒါနဲ့သမီးက ဒီနေ့ ဘယ်မှာရိုက်ကြမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သုဝဏ္ဏထဲမှာ လေးလေးရဲ့"

လေးလေးကိုနှုတ်ဆက်ပြီး သူမအပေါ်ထပ်သို့ တက်လာခဲ့သည်။

သမီးတက်သွားတဲ့ လှေကားကို ဦးလင်းအောင် လှမ်းကြည့်ရင်း သမီး တစ်ခုခုဖြစ်နေတာကို သူသိသည်။

အင်းလေ... ဒီအရွယ်တောင် ရောက်လာပြီပဲ၊ အချစ်ရေးကိစ္စကလွဲလို့ ဘာများဖြစ်စရာရှိမှာလဲ။

သူ ခေါင်းခါယမ်းရင်း သက်ပြင်းကို စီးကရက်ငွေ့နဲ့အတူ မှုတ်ထုတ်တော့ အရင်းအချာလို ဖြစ်နေသော ကိုအောင်က သူ့ကို ကြည့်သည်။

"အစ်ကိုကြီးတို့သားအဖ... တစ်ခုခု ဖြစ်နေတယ်လို့ ကျွန်တော် ထင်တယ်"

သူက ကိုအောင့်ကို လှမ်းကြည့်ရင်း သမီးထွက်သွားရာကို အကြောင်းမဲ့ လှမ်းကြည့်မိကာ...

"မင်း... RCA မန်နေဂျင်းဒါရိုက်တာ ဦးဖေဆက်ရဲ့သားကို ဘယ်လို သဘောရသလဲ"

ကိုအောင်က သူ့အမေးကိုမဖြေဘဲ ပြန်၍မေးခွန်းထုတ်နေသော သူ့ကိုကြည့်ကာ အနည်းငယ် ပြုံးယောင်ပြု၍...

"ဟိုမှာ ကျောင်းသွားတက်နေတယ်ဆိုတဲ့ မင်းဆက်နိုင်ဆိုတဲ့ ကောင်လေးလား... အင်း... ကြားသိသလောက်တော့





ကောင်းသင့်သလောက် ကောင်းပါတယ်၊ ဒါပေမယ့် ယောကျ်ားလေးဆိုတော့ ယောကျ်ားတစ်ယောက် လုပ်တတ်တဲ့ အကျင့်တော့ ရှိကောင်းရှိမှာပေါ့... ဘာဖြစ်လို့လဲ အစ်ကိုကြီး"

"အင်း... ပြီးခဲ့တဲ့အပတ်က ကုမ္ပဏီဖွင့်ပွဲ တစ်ခုမှာ ဦးဖေဆက်က ငါ့ကို သားရေးသမီးရေးကိစ္စ လာဆွေးနွေးတယ်"

ကိုအောင်က မျက်ခုံး ပင့်သွားတယ်။ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေဟန် တူပါသည်။

"အစ်ကိုကြီး... မိဆူးကို အဲဒီကိစ္စအကြောင်း ဆွေးနွေးသေးလား"

သူ ကိုအောင့်ကို သေချာကြည့်မိသည်။

"ငါလည်း အဲဒီကိစ္စအတွက် မင်းကို မျှော်နေတာ... ငါ့မှာက အဖေနေရာကော အမေနေရာကပါ ဝင်စဉ်းစားဆုံးဖြတ်နေရတော့ အခက်သားကွ၊ မင်းမလာခင် သမီးကို အဲဒီကိစ္စ အရိပ်အမြွက်တော့ ပြောပြထားသေးတယ်"

"မိဆူးက ဘာပြန်ပြောလဲ အစ်ကိုကြီး"

သူ စီးကရက်ဖင်ဆီခံအတိုကို ပြာခွက်ထဲထိုးချေပြီး...

"မိဆူး တစ်ခုခု ဖြစ်နေပြီလို့တော့ ငါထင်တယ်"

ကိုအောင်က အံ့အားသင့်သွားဟန်နဲ့...

"အစ်ကိုကြီးက ဘယ်လိုလုပ်သိလဲ"

သူ နှုတ်ခမ်းထောင့်တစ်ချက် ကော့တက်သွားတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ သူ့အဖေပါကွ... ငါ့သမီး ဘာဖြစ်နေသလဲဆိုတာ သူ့သက်တမ်း နှစ်ဆယ့်ငါးနှစ်နဲ့ ရင်းပြီး သိလာခဲ့ပြီပဲလေ၊ ဘာဆန်းလို့လဲ"

ကိုအောင်က ခေါင်းတဆတ်ဆတ် ညိတ်ရင်း ရယ်နေပါတယ်။

"မင်းရော ငါ့နေရာမှာဆို ဘယ်လိုဆုံးဖြတ်မလဲ"

"ကျွန်တော်ကတော့ မိဆူးကိုယ်တိုင် ဆုံးဖြတ်တာကို လိုလားတယ်"

သူ တစ်ချက်တွေသွားတယ်။ မိနစ်အနည်းငယ်စွန်းသည် အထိ သူတွေးနေမိတယ်။ ကိုအောင်က စားပွဲပေါ်လက်ထောက် ပြီး သူ့ကို တစိမ့်စိမ့် ကြည့်နေပါတယ်။

"ကျွန်တော် ဝင်ကူညီခွင့်ရှိမလား အစ်ကိုကြီး"

သူ မျက်ခုံးပင့်သွားတယ်...

"မင်းက ဘာကူညီမှာတုန်း"

"နို့... အစ်ကိုကြီးပဲ မိဆူးတစ်ခုခု ဖြစ်နေတယ်ဆို"

"အေးလေ... မိဆူး တစ်ခုခုဖြစ်တာနဲ့ ငါအခုပြောတဲ့ ဦးဖေဆတ်သားကိစ္စက ဘာဆိုင်လို့လဲ"

"အစ်ကိုကြီးက အဲဒါခက်တာပေါ့။ လူငယ်တွေရဲ့ နှလုံးသားကိစ္စနဲ့ အစ်ကိုကြီးက ဝေးနေတော့တာကိုး"

သူ ကိုအောင့်စကားကြောင့် မှင်သက်သွားပါတယ်။





"ဒါဆို... မိဆူးမှာ ရည်းစား..."

ကိုအောင်က ခေါင်းညိတ်တယ်။

"ကျွန်တော့် အထင်တော့ သူတို့နှစ်ယောက် တစ်ခုခု မှားနေတယ်လို့ ထင်တာပဲ"

"သူတို့ဆိုတာက..."

"သူတို့ဆိုတာ... အစ်ကိုကြီးနဲ့ လွန်ခဲ့တဲ့ လေးငါး၊ ခြောက်နှစ်လောက်က ထင်တယ်၊ လူတစ်ယောက်ကို အစ်ကို ကြီး ကားနဲ့ ပွတ်ဆွဲမိရင်း မိဆူးရဲ့သူငယ်ချင်း ကောင်လေး တစ်ယောက်နဲ့ ပြဿနာဖြစ်ခဲ့ဖူးတာ အစ်ကိုကြီးမှတ်မိလား"

"လွန်ခဲ့တဲ့..."

သူ တစ်ခုချင်းစီ စိတ်အာရုံကို စာရွက်တွေလို နောက်ပြန် လှန်လှောမိသည်။

"လွန်ခဲ့တဲ့ ငါးနှစ်ကျော်လောက်က... အင်း...ဟုတ်ပြီ၊ အဲဒီပြဿနာ ဖြစ်ပြီးနောက်ပိုင်း မိဆူး ပုံစံပြောင်းသွားတယ် ထင်တယ်ကွ"

သူ စီးကရက်အသစ်ကို မီးညှိရင်း ဘူးကို ကိုအောင်ဘက် တိုးပေးသည်။

ကိုအောင်က ဘူးထဲက တစ်လိပ်ကိုထုတ်ပြီး နှုတ်ခမ်းမှာ တေ့ကာ မီးမကူးခင် သူ့ကို ဦးတည်ပြီး...

"အဲဒီကောင်လေးပဲ..."



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကောင်လေး... ဟင်... ဒါဆို မေစန်း မွေးစားသား... ဒါဆို မင်းတို့ရဲ့..."

ကိုအောင်က ခေါင်းညိတ်ပါတယ်။ ပြီးတော့လဲ...

"သူတို့နှစ်ယောက်က အထက်တန်း ကျောင်းသားဘဝကတည်းက သိပ်သံယောဇဉ်ကြီးကြတာ အစ်ကိုကြီး။ ပြဿနာတစ်ခု (အစ်ကိုကြီးကိစ္စ)ပေါ့... အဲဒီကိစ္စနဲ့ နားလည်မှုတွေလွဲပြီး ဝေးသွားကြတယ်လေ။ အဆင်ပြေတာ လပိုင်းကျော်ကျော်လေးပဲ ရှိဦးမယ်ထင်တယ်။ အခုတစ်ခါ နားလည်မှုဝေးရင် ပထမထက် ပိုဆိုးသွားမယ် အစ်ကိုကြီး"

ကိုအောင့်စကားကြောင့် သူ သမီးရဲ့ ဒီရက်ပိုင်းအတွင်း ငေးတိငေးမှိုင် ဖြစ်နေပုံကို သတိထားမိသည်။

"ဘာကြောင့် သူတို့ အဲဒီလိုဖြစ်ကြတာလဲ ကိုအောင်... မင်း သိမလား"

"ကျွန်တော်လည်း အစ်ကိုကြီး အခုပြောတာရယ်... ဟိုနေ့က မိဆူးပုံစံ ဟန်ချက် ပျက်နေတာရယ် ဆက်စပ်တွေးတောမိတာပေါ့ အစ်ကိုကြီးရယ်... ဖြစ်တဲ့ကိစ္စအကြောင်းရင်းတော့ မသိသေးဘူး"

သူ သမီးအတွက် စိတ်ထိခိုက်မိတယ်။

"မိဆူးက ခံစားလွယ်တယ်... ကြော်ငြာမင်းသမီးတစ်ယောက်သာ ဖြစ်နေတာ၊ သူ မူပျက်ရင် ဟန်ဆောင်မှုက





သိပ်သိသာတယ် ကိုအောင်... မင်းတို့ မေစန်းတို့လည်း ဒီကိစ္စကို ဝင်ပါမှရတော့မယ် ထင်တယ်"

"ကျွန်တော်လည်း စဉ်းစ...ြးသားပါ အစ်ကိုကြီးရယ်... စိတ်ချနေပါ၊ မေစန်းတောင် ကျွန်တော့်ကို သူတို့နှစ်ယောက်ရဲ့ အခြေအနေကို အစ်ကိုကြီးကို အသိပေးခိုင်းထားသေးတယ်၊ ဒီကလေးနှစ်ယောက်က မှိုစိစိ အစ်ကိုကြီးရဲ့၊ ပြဿနာအဖြေကို ဘယ်တော့မှ ထိပ်တိုက်မဆွေးနွေးဘူးလေ၊ ဝေ့လည်ကြောင်ပတ် အမြဲလုပ်တတ်တယ်၊ သူတို့နှစ်ယောက်ရင်ထဲမှာ အချစ်ထက် သံသယက ပိုများနေတယ်လို့ ကျွန်တော်ထင်တယ် အစ်ကိုကြီးရဲ့"

သူ ခေါင်းညိတ်မိပြန်သည်။ လေပူတွေကို ခပ်မျှင်းမျှင်း မှုတ်ထုတ်ရင်း မအီမသာစိတ်နဲ့ ခေါင်းကို ခါယမ်းမိသည်။ ဒါကို တွေ့မြင်ရတဲ့ ကိုအောင်က...

"သိပ်လည်း စိတ်မပူပါနဲ့... ကျွန်တော်တို့လည်း ရှိကြပါတယ် အစ်ကိုကြီး"

"အေးပေါ့လေ... အချစ်စစ်မှန်ရင် သူတို့နှစ်ဦး ပြေလည်သွားမယ်၊ နားလည်လာလိမ့်မယ်လို့ ငါထင်တယ်၊ ဒီကိစ္စက သူတို့ရင်ဘတ်တွေကပဲ အဖြေပေးလာပါလိမ့်မယ်လေ"

ကိုအောင်ကို အပြီးပြတ်သူပြောရင်း ကလေးနှစ်ယောက်အတွက် သူ အမှန်တကယ် စိတ်မကောင်းမိ။



www.burmeseclassic.com

www.burmeseclassic.com



ပထမမြောက် အဝေးဟာ သူ့ကြောင့်ဆိုတဲ့ ပယောဂ မကင်းဘူးဆိုတော့ သူ ပိုလို့စိတ်မကောင်းဖြစ်။

သမီးရဲ့ရင်ထဲမှာ သောက၊ မောဟမီးတွေ မကူးစက်ချင်တာ သူ့သစ္စာတရားနဲ့ရင်းပြီး သစ္စာဆိုခွင့်ရရင် သစ္စာဆိုပြီး ဖျောက်ဖျက်ပေးချင်လိုက်တာ... တကယ်ပါ။

အင်းလေ... အချိန်ကာလကိုပဲ အားကိုးရတော့မှာပေါ့ နော်...။





နှစ်ကာလတွေ စုဆောင်းရင်း...
ဝဋ္ဋနှံ့သံတွေ၏ တော်လဲအော်မြည်သံအောက်မှာ
သတိရခြင်းရဲ့ စေသည်တော်တွေဟာ
မြားဦးမှာ တမ်းတခြင်းကိုချည်နှောင်ရင်း
ငါ့အတွက်...
ရက်စက်ခြင်းအဆိပ်တစ်ခွက်နဲ့ အိပ်မက်ဆိုးတွေကို
တိတ်တိတ်လေး ပို့လိုက်ကြတဲ့...
အချစ်မဲ့...
လွမ်းဆွတ်ခြင်းဖိတ်စာ...



www.burmeseclassic.com

www.burmeseclassic.com



# အခန်း - ၅

ဟိုတယ်ထဲဝင်လိုက်တော့ အပြင်ကအပူဒဏ်ကို သိသိသာသာ သက်သာစေပါတယ်။ ကမ္ဘာတစ်ခုရဲ့ လျှို့ဝှက်ချက်များလို့ အမည်ပေးထားတဲ့ Photo Show ရဲ့ ဖန်တီးမှုပိညာဉ်များအောက်မှာ သူဟာ လိပ်ပြာတစ်ကောင်ပဲ။

ဒီထဲမှာ သူ့အနှစ်သက်ဆုံးနဲ့ အကြိုက်ဆုံးက "အမေအိုရဲ့ မျှော်လင့်သောလမ်း" ဓာတ်ပုံကားချပ်အောက်မှာ မိနစ်ပေါင်းများစွာကြာသည်အထိ ရပ်ကြည့်နေမိသည်။ တကယ့် အမှောင်ပကာတိစစ်စစ် အသားပေးထားသည်၊ ပြီးတော့ အဲဒီအနက်ရောင်ဟာ ဇရာနဲ့မရဏကို ဓာတ်ပုံဆရာက ကိုယ်စားပြု ညွှန်းဖွဲ့ဆိုထားသည်။ ပြီးတော့ ခပ်ရေးရေး အလင်းပါးပါးသာပါသည့် တစ်စောင်းအနေအထား။ အမေအိုရဲ့ အောက်မျက်ခမ်းသားနဲ့ တွဲကျနေသည့်ပါး၊ အရေးအစင်းကြောင်းများ၊ ကင်မရာဆုံချက်





က မျက်ဝန်းမှာ တောက်ပ လင်းလက်မှုမရှိတော့တဲ့ အရွယ်ဖြစ်ပေမယ့် ခပ်မှိန်မှိန် မျှော်လင့်ချက်တွေကြားမှာ တစ်ခုခုကို စောင့်မျှော်နေတဲ့ဆန္ဒ၊ အဝေးရောက်နေတဲ့ သားတစ်ယောက်ကိုလား။ ဒါမှမဟုတ် သေခြင်းတရားကိုလား၊ အဓိက မျက်လုံးကို အသားပေးထားပြီး ကျန်တာခပ်ဝါးဝါး။ အင်း... ကင်မရာအထူးပြုလုပ်ချက်တွေတော့ အနည်းအကျဉ်း တွေ့ရှိမိသည်။

"အသက်မှရှိသေးရဲ့လား ကောင်လေး..."

ပခုံးပုတ်ပြီး ခေါ်သံကြောင့် လွင့်မျောနေတဲ့ စိတ်က လန့်နိုးပြီး သူ လှည့်ကြည့်မိတော့ ကိုမြင့်ဝေ... ပြီးတော့ ဒီပြပွဲကိုဖန်တီးတဲ့ ကိုရွှေတိုး(အောင်ပင်လယ်)။

"ဟာ....ကိုနတ်ခမ်းမွေး... ဟုတ်တယ်ဗျ၊ ကိုရွှေတိုးရဲ့ လက်ရာထဲမှာ ဒီကားအကြိုက်ဆုံးနဲ့ အဆွဲဆောင်နိုင်ဆုံးပဲ၊ သိပ်ကောင်းတယ်ဗျာ၊ ကွန်ကရက်ကျူလေးရှင်း ကိုရွှေ"

မန္တလေးသားကြီးက ခပ်ပြုံးပြုံးနဲ့ ကွမ်းအဝါးသားပါးစပ်ကို လက်ခုံဖြင့် သုတ်ရင်းနဲ့...

"ကောင်လေး... မင်းသတင်းတွေ ကြားကြားနေရတယ်နော်"

ကိုမြင့်ဝေကပါ ဟုတ်တယ်လို့ ထောက်ခံတော့ သူက ဘာကိစ္စလဲလို့ မေးမိတယ်။

"ဘာကိစ္စရှိရမှာလဲ... မင်းနဲ့ နွေမိုးစက်နဲ့ ဘာညာဘာညာ သတင်းတွေလေကွာ"



www.burmeseclassic.com

www.burmeseclassic.com



သူ ကျွတ်ခနဲ စုတ်သပ်မိရင်း...

"တော်တော်စိတ်ပျက်ဖို့ ကောင်းတယ်ဗျာ... ကျွန်တော်လည်း အဲဒီသတင်းတွေ ပြန်ကြားမိပါတယ်၊ ကိုရွှေတို့ ကိုနွတ်ခမ်းမွှေးတို့တောင် မေးနေရပြီဆိုမှတော့ ဒီသတင်းက အပြင်မှာ တော်တော်ပျံ့နှံ့နေလောက်ရောပေါ့၊ ကောင်မလေးနဲ့ ကျွန်တော်က အတူတူတွဲထွက်လာရင်း အောင်မြင်ခဲ့ရတာ ဆိုတော့ မောင်နှမစိတ်ဓာတ်နဲ့ ပိုရင်းနှီးခင်မင်မိတာကလွဲလို့ ကျွန်တော် သူ့အပေါ် ဘယ်တော့မှ အရောင်မဆိုးဘူး ကိုရွှေ၊ ကျွန်တော့်အပေါ် ညီအစ်ကို မောင်နှမစိတ်ဓာတ်နဲ့ ဒီကောင်မလေးက နွဲ့ဆိုးဆိုးတယ်၊ တရင်းတနှီး နေမိတယ်ဗျာ... အဲဒီ အပြုအမူက လူတွေရဲ့အမြင်နဲ့ ပါးစပ်ဖျားမှာ တစ်ဆိတ်တစ်အိတ်လုပ် ပြောကြတော့တာပေါ့"

ကိုနွတ်ခမ်းမွှေးက ခေါင်းတဆတ်ဆတ်ညိတ်သည်။ သူ့ကို အားနာသလိုကြည့်နေတဲ့ ကိုရွှေက–

"မဟုတ်ဘူးဆိုရင်လည်း အချိန်တန်တော့ သံသယတွေ သူ့အလိုလို ပျောက်သွားမှာပါကွာ၊ စိတ်ထဲမှာ ဘာမှထားမနေနဲ့တော့ ဟေ့ကောင်လေး"

သူ ခေါင်းညိတ်ပြမိပေမယ့် ဒီသတင်းက ဒီနေ့အတွက် ရှင်းပြရတာ ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါမှန်းတောင် မသိနိုင်တော့။ လေပူကို တစ်ချက်မှုတ်ထုတ်မိသည်။





"ငါ ညလာခဲ့မယ် ကောင်လေး... မနက်ဖြန် မန္တလေး ပြန်ဆင်းရမယ်လေ"

သူက ခေါင်းညိတ်ပြရင်း...

"ကိုရွှေပါ လိုက်ခဲ့ပါလား"

"မအားပါဘူးကွာ... နောက်တစ်ခါမှပဲ ငါလာခဲ့တော့မယ်၊ ဒီကောင်ကြီးဆီ နောက်တစ်ခေါက် ဆင်းလာရင်းပေါ့"

"မိန်းမကြောက်ရင် ကြောက်တယ်ပြောပါ ငရွှေရာ၊ မင်းအကြောင်း အားလုံးသိပါတယ်"

ကိုနွတ်ခမ်းမွှေး စကားကြောင့် အားလုံး ရယ်မောမိကြသည်။

ကိုရွှေကိုနွတ်ဆက်ပြီး သူနဲ့ကိုမြင့်ဝေ ဟိုတယ်အောက်ကို ဆင်းလာတယ်။

"အစ်ကို... ဘယ်လဲ"

"ငါ... ဗိုလ်ချုပ်ဈေးထဲ ဝင်စရာရှိသေးတယ်၊ မင်းအားရင် လိုက်ခဲ့ပါလား"

"ကျွန်တော် ကိုချမ်းအေးကြီးဆီ ဝင်စရာရှိတယ်၊ အစ်ကို ပြန်လာမယ်ဆိုရင် ကျွန်တော်တို့ ၃၃–လမ်းထဲမှာပဲ ရှိမယ်လေ"

နှစ်ယောက်သားရပ်ပြီး အချိန်းအချက် လုပ်မိကြသည်။ ကိုမြင့်ဝေက လုံချည်ကို ပြင်ဝတ်ရင်း–

"မစောင့်နဲ့တော့ ကောင်လေး... ညကြမှပဲဆုံကြတာပေါ့၊ ချမ်းအေးကို ညကြမှပဲတွေ့မယ်လို့...နော်"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်ရင်း သွားမယ်အစီအစဉ်လို့ နှုတ်ဆက်ကာ တစ်ဖက်ကားလမ်း ကူးလာခဲ့ကြသည်။ မျဉ်းကြားကိုကူးရင်း ဟိုတစ်ဖက်ကရပ်စောင့်နေတဲ့ အရိပ်တစ်ခုကြောင့် သူ သေသေချာချာ ကြည့်လိုက်တော့ မိန္ဒွေ ဖြစ်နေတာ တွေ့ရသည်။ သူ့ကို ချောဆွဲကာ ရုပ်ရှင်ရုံတွေနားက Snack Coffee Bar တစ်ခုမှာ အအေးလိုက်တိုက်ဖို့ ဆွဲခေါ်သွားသည်။ သူ မအားဘူး ပြောသော်လည်း မရခဲ့ပါ။ သူ့အင်္ကျီစကို ဆွဲရင်း ကလေးတစ်ယောက်လို ပူဆာနေသောကြောင့် သူ့မှာ ကန့်လန့် ကန့်လန့်နဲ့ ပါသွားရ၏။

ဝါကယ့်ဂြိုဟ်မပဲလို့ သူထုတ်ညည်းတော့ ကောင်မလေးက ရယ်ပါသည်။

ကက်ဆက်ခလုတ်ပိတ်သံကြောင့် သူမရဲ့လှုပ်ရှားမှုတွေကို ရပ်လိုက်သည်။

"ဘယ်လိုဖြစ်တာလဲ နှင်းဆီ… ညည်း ဒီနေ့ တလွဲတွေချည်းပဲ၊ အဲဒီမျက်နှာ အမူအရာနဲ့ဆိုရင် ညည်း ကြော်ငြာတဲ့





ဒီပစ္စည်းတွေ ဘယ်သူက ဝယ်ချင်မှာလဲ… စိတ်ကြည်သွားအောင် ၁၅–မိနစ်လောက် ခဏနားချင်နားလိုက်"

"ဟုတ်ကဲ့ဆရာ… ကျေးဇူး"

ရင်းနှီးနေတဲ့ ဒါရိုက်တာ ကိုငြိမ်းဝေအောင်ရဲ့ လူကဲခတ်ကောင်းမှုကြောင့် သူ့ရဲ့အချိုးမကျတဲ့စိတ်တွေကို လူတွေသိနေပြီ… (နင် တော်တော်ဒုက္ခပေးပါလား သူရဇ္ဇရယ်…)

မိတ်ကပ်ပြင်ပေးတဲ့ သူ့ရဲ့မာမီဇော်က ချွေးပြန်နေတဲ့ မျက်နှာကို အဝတ်ပါးပါးနဲ့ လာတို့ပေးသည်။ သူမလက်ထဲကို ယပ်တောင်တစ်ချောင်း ထည့်ပေးတော့ သူလှမ်းယူယပ်ခတ်ကာ အရိပ်ကောင်းတဲ့ သစ်ပင်အောက်မှာ ထိုင်နေတဲ့ ခင်နှင်းဆီ လျှောက်လာခဲ့သည်။ ခင်နှင်းဓာတ်ဘားက ထိုင်ခုံမှာ ဝင်ထိုင်တော့ ခင်နှင်းက အလိုက်တသိ ရေခဲစက်တွေ သီးနေတဲ့ (ကုတ်) တစ်ဘူးကို လှမ်းပေးသည်။ အေးစက်နေတဲ့ အချိုရည်ဟာ သူ့ရင်ထဲက သောကကို မငြိမ်းသတ်နိုင်။

"နင့်ရင်ထဲမှာ သံသယဝင်နေပြီနဲ့ တူတယ် နှင်းဆီ… သူရဇ္ဇကို နင်ကိုယ်တိုင် မေးကြည့်ပါလား နှင်းဆီရယ်"

နေ့လယ်က ရိုက်ကွင်းခဏနားတုန်း ပစ္စည်းတစ်ခုလိုအပ်နေတာကြောင့် ဈေးထဲမှာ ဝင်ဝယ်ပြီးအပြန်မှာ သူရဇ္ဇတို့နှစ်ယောက်ကို တွေ့မိသည်ကို ရည်ညွှန်းပြီး ခင်နှင်းက စကားတွေ ဆိုလာပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ မမေးချင်ဘူး မိနှင်း..." မေးလည်း သူ ဖုံးကွယ် ဦးမှာပဲ၊ ငါ့အပေါ် သူဖုံးကွယ်ထားတာ ဒီတစ်ခုတည်းလည်း မဟုတ်ပါဘူးဟာ"

ခင်နှင်းက မျက်လုံးအပြူးသားနဲ့...

"ဒီတစ်ခုတည်းမဟုတ်ဘူး... ဟုတ်ရဲ့လားဟယ်"

သူမက အင်း...လို့ ခပ်တိုးတိုးပြောရင်း

"ငါ မပြောပြချင်တော့ဘူးဟာ... ပြောရမှာလည်း ရှက်စရာကောင်းတယ်ဟ"

ရင်ထဲမှာ တကယ်နာကျင်မိပါသည်။ ဘာကြောင့်လဲ သိလား... မိန္ဒွေဆိုတာ ငါ့ရဲ့ပြိုင်ဘက်တစ်ယောက်လေ၊ နင် နည်းနည်းတော့ စာနာဖို့ကောင်းပါတယ်ဟယ်...။

ရင်ထဲမှာ တောက်လောင်နေသည့် မီးတောက်က တစ်စတစ်စ အားကောင်းလာမှန်း သိပါသည်။ ထိုနေ့က သူမ အမှားအယွင်းတွေ အရမ်းများတော့ ဒါရိုက်တာ ကိုငြိမ်းက ရိုက်ကွင်းကို စောစောစီးစီး ဖြုတ်ပေးသည်။

မျက်ရည်မကျပေမယ့် လုပ်ရက်လေခြင်းဆိုတဲ့ မခံသာတဲ့ ဆန္ဒက ပိုလို့ဝမ်းနည်းခဲ့ရသည်။ နင် ဘာကြောင့် အဲဒီလိုလုပ်ရ တာလဲ ကောင်ဆိုးလေးရယ်...။

ရွှေသမင်စာပေ



"လုပ်ကွာ... မင်းတပည့်တွေကို လက်ဖက်ရည်လေး တစ်ခွက်လောက်တော့ မှာနိုင်းပေးပါဦး"

"ဟ... ဘယ်လိုဖြစ်ရတာလဲ"

စာမူတွေကို သရုပ်ဖော်ပုံတွေနဲ့တွဲဖို့ ပုံဟောင်းတွေကို တစ်ခုစီ ကြည့်နေသော ကျော်ဇေက သူ့ကိုမကြည့်ဘဲ မေးသည်။ စက်ခန်းထဲက ခင်နှင်းက ငါမှာပေးပါ့မယ်လို့ လှမ်းပြောသည်။

ကျော်ဇေက ရှုံ့မဲ့မဲ့နဲ့...

"ငါတို့နှစ်ယောက်ကတော့ မင်းတို့ နှစ်ယောက်အပေါ် ပါရမီဖြည့်ဖို့ မွေးလာတယ်နဲ့ တူပါရဲ့ကွာ"လို့ ညည်းပါသည်။

ခဏကြာတော့ လက်ဖက်ရည်ခွက်နဲ့ ခင်နှင်းက ရောက် လာပြီး သူ့ရှေ့ထိုးပေးကာ...

"ဘယ်ကနေ လှည့်ဝင်လာတာလဲဟယ်... ချွေးတွေ တလုံးလုံးနဲ့"

"စက်မှု(၁) ပြကွင်းဒိန်သွားရိုက်တာ မိန္ဒွေနဲ့လေ... အဲဒါ ရိုက်ပြီးပြန်လာတာ"

ခင်နှင်းက ကျော်ဇေကို အဓိပ္ပာယ်ပါပါကြည့်၏။

"သူငယ်ချင်း... မင်းကို ငါ စကားနည်းနည်း ပြောစရာ ရှိတယ်"

သူ့ရဲ့မျက်နှာပေါ်မှာ အခံရခက်တဲ့အပြုံးတွေ ကပ်ငြိနေ မှာ သိပ်သေချာခဲ့ပြီ။

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောမယ့်စကားက ငါနဲ့ မိန္ဒေ ကိစ္စပဲ မဟုတ်လား ကျော်ဇေ၊ ခဏနေဦး ကျော်ဇေ... ငါ ပြောဦးမယ်၊ မဟုတ်ပါဘူး။ မဖြစ်ပါဘူးဆိုတဲ့ ကိစ္စကို လူတွေက ကိုယ့်ကိစ္စမဟုတ်ဘဲ ဘာဖြစ်လို့ စပ်စုနေချင်ရတာလဲ၊ တကယ် စိတ်ကုန်စရာ ကောင်းတယ်ကွာ"

ပုံတွေကိုကြည့်နေရာမှ ကျော်ဇေက ဘေးသို့ချရင်း...

"မဟုတ်သေးဘူး သူငယ်ချင်း... မင်းတို့နှစ်ယောက်လုံး က သာမန်လူတွေ မဟုတ်ကြဘူးလေ၊ အနုပညာနဲ့ အသက်မွေး ဝမ်းကျောင်း ပြုသူတွေဆိုတာ မမေ့မထားနဲ့ဦး... လူဆိုတာ အနုပညာသမားတွေရဲ့ ကိစ္စကို ကိုယ့်သူငယ်ချင်း မိတ်ဆွေ အရင်းအချာလို စိတ်ဝင်စားတာ မဆန်းဘူးကွ၊ ဒါ အပြစ်လို့ ပြောလို့မရဘူး။ တစ်ခုရှိတယ်... သတင်းဆိုတာ မင်းတို့ နှစ်ယောက်ရဲ့ နေထိုင်မှုအပေါ်မူတည်ပြီး အတိုးအလျော့ရှိမှာပေါ့၊ ကိုယ်ကိုယ်တိုင်လည်း ဆင်ခြင်သင့်တယ်"

"ကျော်ဇေ... မင်းကိုယ်တိုင်က ငါ့ကို မယုံကြည်တာ လား"

"မယုံကြည်တာမဟုတ်ဘူး... ဖြစ်သွားမှာကိုစိုးရိမ်တာ၊ ကိုယ့်ဘက်က ဘယ်လောက်ပဲ ရိုးသားပါတယ် ပြောပြော သာယာမှုမှာ လူဟာ ညွတ်ကွင်းမိတတ်တယ်လေ... မင်းမေ့နေ မှာစိုးလို့ပါ၊ နောက်တစ်ခုက..."





စကားကိုရပ်ရင်း ခင်နှင်းကို ကျော်ဇေကကြည့်ပြီး ဆက် ပြောဓါ။

"မင်း... မိဆူးရှိတယ်ဆိုတာ မေ့နေဦးမယ်"

"မိဆူး... ဘာဆိုင်လို့သကွ"

သူ့စကားအဆုံးမှာ ခင်နှင်းက ဝင်ပြောလာပါသည်။

"ဟုတ်တယ်... သူရေ့ နှင်နဲ့ မိဆူးကြားမှာ မကြာခင် ပြဿနာတစ်ခု ရောက်လာတော့မယ်လို့ ငါ ထင်ကိုထင်နေ တယ်"

သူ အံ့သြသွားပါတယ်။ ဘာကြောင့်လဲလို့ အဖြေကို သူ စဉ်းစားလို့မရခဲ့ဘူး။

"ငါနဲ့မိန္ဒေ ကိစ္စကြောင့်လား... မဟုတ်တာကွာ... ငါ့ ကိုယ်ကျင့်တရားကို စော်ကားတာပဲ"

"ကျွတ်... နှင့်ကို အဲဒါကြောင့် ပြောတာပေါ့၊ အဲဒီ ကမူးရှူးထိုး စိတ်တွေကြောင့် ပထမ အခြေအနေဆိုးတွေနဲ့ နှင်တို့ ကြုံခဲ့ပြီးပြီ"

ခင်နှင်းရဲ့စကားကြောင့် "ဝေးကွာခြင်း"ဆိုတဲ့ နိမိတ်တွေ ကို ထိတ်လန့်မိတာတော့ အမှန်ပါပဲ။ ခင်နှင်းက ဆက်ပြောပြန် တယ်။

"မိန္ဒေနဲ့ကိစ္စက ဒီလောက်ကြီးလည်း မဟုတ်ဘူးဟ... နောက်ပြဿနာတစ်ခု"



www.burmeseclassic.com

www.burmeseclassic.com



"နောက်ပြဿနာတစ်ခု... ဟုတ်လား ခင်နှင်း"

ခင်နှင်းက ဝေခွဲမရတဲ့ မျက်နှာနဲ့ သူ့ကိုကြည့်ပြီး–

"ဟုတ်တယ်... အဲဒီပြဿနာကို ငါ့ကို သူ ပွင့်ပွင့် လင်းလင်း မပြောတာ ခက်တယ်"

"ဘာတွေလဲဟာ... ငါ နားမလည်နိုင်တော့ဘူး"

သူ့ရဲ့ ခပ်ညည်းညည်းညူညူ စကားကို ကျော်ဇေက စိတ်မသက်သာသလို ကြည့်နေ၏။

"မင်းတို့ကိစ္စက ပြဿနာစစ်စစ်တော့ မဖြစ်သေးပါဘူး။ ဒါပေမယ့် လာတော့မယ်ဆိုတာ ကြိုသိနေတော့ ပြင်ဆင်ချိန် ရပါတယ်၊ မင်း သူနဲ့ထိပ်တိုက် ပွင့်ပွင့်လင်းလင်း ဆွေးနွေး ကြည့်ပါလား"

"ထားလိုက်ပါတော့ဟယ်... ဒါနဲ့ နင်တို့ ဟိုပြိုင်ပွဲ အတွက် နင် ဓာတ်ပုံရိုက်ပြီးပြီလား"

သူက ပြီးပြီလို့ ပြောလိုက်တယ်။

"ဟင်... ဘယ်တုန်းကရိုက်တာလဲ၊ ဘယ်သူနဲ့လဲ"

ခင်နှင်းကမေးပြီး သူ့ရဲ့အဖြေကြောင့် အံ့အားသင့်နေ ပါတယ်...။

သူက အပေါ်ယံ မျက်နှာကြောတင်းနေတဲ့ လက်ဖက် ရည်ကို မော့သောက်ပြီး...

"ဘယ်သူရှိရမှာလဲ... ကိုယ့်ရဲ့နှင်းဆီလေ"





"နှင်းဆီနဲ့... ဘယ်တုန်းကများ ရိုက်လိုက်တာလဲ"

သူက ဘာမှပြန်မဖြေဘဲ စကားလွှဲလိုဟန်နဲ့...

"အင်း... ဘာလိုလို့နဲ့ သင်္ကြန်တောင် ကျတော့မှာပါ လား၊ သင်္ကြန်မတိုင်ခင် ငါ့ပြပွဲကို (Blue Chip Hotel) မှာ လကုန်ပိုင်းအထိပြဖို့ စီစဉ်ထားတယ်၊ ကြော်ငြာနဲ့ လိုအပ်တဲ့ ကိစ္စတွေကို မင်းလည်းကူညီဦး ကျော်ဇေ"

ကျော်ဇေက သူ့အပြုအမူကို တစိမ့်စိမ့်ကြည့်ပြီး မသက် မသာ ခေါင်းညိတ်ပြတယ်။

"အေးပါ... အဲဒီကိစ္စကို ညနေ ဖိုးခွား မင်းဆီမှာအိပ်မယ် ဆို... ငါပါလာခဲ့မယ်"

"သိပ်လည်း သောက်မနေကြနဲ့ဦး ကိုဇေ"

ခင်နှင်းက ကျော်ဇေကို သတိပေးစကား ပြောတော့ သူက ခင်နှင်းကို ကြည့်ပြီး ကြည်နူးစွာ ပြုံးမိသည်။

"နင်က ဘာကိုပြုံးတာလဲ သူရဲ့..."

"ဘာရယ် မဟုတ်ပါဘူးဟာ... နင်တို့နှစ်ယောက်က တစ်ယောက်ကိုတစ်ယောက် နားလည်တယ်၊ ဒီလိုကိစ္စတွေကို လည်း နားလည်တယ်၊ အဲဒီအတွက် ကြားထဲက ကြည်နူးစိတ်နဲ့ ပြုံးမိတာပါ၊ ငါနဲ့ နှင်းဆီကျတော့ နင်တို့လိုမဟုတ်ဘူး၊ တစ်ခုခု ခြားနေသလိုပဲ ခင်နှင်း"

သူ့စကားဆုံးတော့ ခင်နှင်းက သူ့ကို ကလေးငယ် တစ်ယောက်ကို နှစ်သိမ့်သလို ကြည့်ပါတယ်။ ပြီးတော့လည်း...



www.burmeseclassic.com

www.burmeseclassic.com



"နင်တို့နှစ်ယောက်က ဝါသနာတူ... သိပ်လည်းချစ်ကြတယ်ဆိုတော့ သံသယရှိစရာ မလိုဘူး၊ ဒါပေမယ့် ကိုယ့်အလုပ် သူ့အလုပ်နဲ့ တွေ့တဲ့အချိန်ကနည်းတယ်၊ တစ်ယောက်ကို တစ်ယောက် မပွင့်လင်းဘူး၊ "အချစ်" ဆိုတဲ့အရာမှာ အလျှော့ ပေးနားလည်မှုနဲ့ ခံစားမျှဝေမှုဟာ ခိုင်မြဲခြင်း တစ်ခုပဲ... ဒါကို နင်တို့နှစ်ယောက်က သိရက်သားနဲ့ လက်မခံနိုင်ကြတော့ အခုလို ဖြစ်ရတာပဲလေ"

သူ ငိုင်ကျသွားတယ်။

"နင်ပြောတဲ့စကားကို ငါ မငြင်းပါဘူး၊ ငါ ငယ်ငယ်လေးကတည်းက နှင်းဆီကို သိပ်ချစ်ခဲ့တဲ့ ကောင်ပါဟာ၊ သံယောဇဉ်လည်း ငတ်ခဲ့ရလို့လည်း ပါမှာပေါ့... သူ့ကိုချစ်ခဲ့တာရော သံယောဇဉ်ပါ နှစ်ဆတိုးပြီး တန်ဖိုးထားခဲ့ရတာ... တချို့ကိစ္စတွေက သူ့ဘက်က စွပ်စွဲချက်တွေပေါ့၊ ငါ မဖြေရှင်းနိုင်အောင် နားလည်ရခက်တဲ့ ပြဿနာတွေနဲ့ဟာ... ငါ သူ့ကို ဘယ်လို ပြန်ဖြေရမလဲ၊ တစ်ခါတလေ ငါ့အပေါ် သူ သံသယထားနေတာ ငါကိုယ်တိုင်တောင် မသိခဲ့ဘူးလေ"

"မဟုတ်သေးဘူး သူရဇ္ဇ... ပြဿနာဆိုတာ နှစ်ဦးနှစ်ဖက်ကြောင့် ပိုကြီးတာလို့ ငါ ထင်တယ်၊ ပြုသူကြောင့် ခံရသူက တုံ့ပြန်မယ်၊ ဒါဆိုရင် ပြဿနာဆိုတာ ဖြစ်လာပြီ... သံသယ မျက်လုံးနဲ့ကြည့်သူနဲ့ သံသယဖြစ်အောင် နေတတ်





သူကြောင့်လည်း ပြဿနာဟာ ဖြစ်နိုင်တာပဲ၊ ငါ နှစ်ဦးနှစ်ဖက်ဘက်က လှည့်တွေးကြည့်တာနော်"

ကျော်ဇေရဲ့စကားကို သူတုံ့ပြန်မပြောချင်တော့။ ငါသွားမယ်လို့ နှုတ်ဆက်ပြီး ထွက်လာတော့ သူတို့နှစ်ယောက်က ဘာမှပြန်မပြောကြ။

ရင်ထဲမှာ အေးမြ တောက်ပနေတဲ့ အချစ်တွေ သံသယဒီဂရီ ဖြတ်သန်းမှုအောက်မှာ ပုံစံပြောင်းလှုပနေခဲ့ပြီ။

မနက်ဖြန်ဆိုတဲ့ မယုံစားရဲတဲ့ဘဝထဲမှာ အချစ်ဆိုတာ ဖြစ်ထွန်းပြီးမှတော့ သုံးမကုန်တဲ့အလွမ်းတွေ လက်ခံရယူခဲ့ရတော့မယ်။

မာနနဲ့ ပျံသန်းတတ်တဲ့ ငှက်ကလေး တစ်ကောင်ဟာ ကျွန်တော့်ချစ်သူ ဆိုရင်လည်း မမှားပါဘူး။ အမှားနည်းတဲ့ လမ်းကို တမင်ရွေးပေမယ့် ဖြတ်သန်းတိုက်ခတ်ရမယ့် တောင်ပံက စုတ်ပြတ်သတ်နေမှတော့ နီးစပ်ရာဒီလမ်းကို ရွေးလိုက်ရတော့မယ်...။

အချစ်ဆိုတာ မှားနေတဲ့ အမှားလား...။



www.burmeseclassic.com

www.burmeseclassic.com



အောက်ထပ်နဲ့ ဆက်သွယ်ထားတဲ့ အင်တာကွန်းက ဖေဖေ့အသံ ပေါ်လာတယ်။

"သမီးရေ... ခင်နှင်း လာတယ်ဟေ့"

သူမက

"ဝရံတာမှာ သမီးရှိတယ်ဖေဖေ... အပေါ်ပဲလွှတ်လိုက်တော့"

အင်တာကွန်းခလုတ်ကို ပြန်ပိတ်ပြီး သူမ ဝရံတာဘက် ထွက်လာပါသည်။

"အမောပြေလေးတောင် ဖွက်မကြံနိုင်ရအောင် နင်က ဘာတွေများ အလုပ်ရှုပ်နေလို့လဲ ရွှေမင်းသမီးရဲ့"

စူစူအောင့်အောင့်အသံနဲ့ ခင်နှင်းက ပြောပြီး သူမဆီ လျှောက်လာသည်။ လေတွေ တဟူးဟူးတိုက်နေတဲ့ ဝရံတာကနေ အောက်ကို ငုံ့ကြည့်တော့ ဖေဖေ ခြံထဲဆင်းလာတာ တွေ့ရသည်။

"ဘာခရယ်မဟုတ်ပါဘူးဟာ... ခေါင်းထဲမှာ နောက်ကျိကျိမို့ ဝရံတာဘက်ထွက်ပြီး လေညှင်းခံနေတာပါ"

"အေးပေါ့လေ... ပိုက်ဆံ ရှိသူတွေ ကျတော့လည်း လေညှင်းခံရတာနဲ့၊ အနားယူ အပန်းဖြေရတာနဲ့ အလုပ်ကို ပိုရှုပ်တတ်တယ်နော်"

ခင်နှင်းရဲ့ အတေ့အငေါ့ စကားကြောင့် သူမ ရယ်မိကာ–





"တကယ်တည်း စိတ်ရှုပ်ပါတယ်ဆိုမှ၊ မိနှင်း..၊ နင်က ကစ်မှောင့်၊ လာ လာ... နင့်ပါးစပ်ကို အစားအသောက်နဲ့ ပိတ်မှရမယ်၊ ထမင်းစားခန်းထဲ သွားရအောင်"

သူမက ခင်နှင်းလက်ကို ဆွဲခေါ်လာရင်း အောက်ထပ်သို့ ဆင်းလာခဲ့သည်။ ဆင်းလာရင်းနဲ့...

"နင် ဒီနေ့ ရိုက်ကွင်းမရှိဘူးလား"

"ဒီနေ့ တစ်ရက်နားတယ်ဟ... စိတ်တွေလည်း ရှုပ်နေတာနဲ့၊ ဆရာမျိုးကို ကြိုပြောထားရတာ၊ နင်ကော... ကျော်ဖေဆီ မသွားဘူးလား"

"ဒီနေ့ စာမူတင်ရက်လေ... ငါတို့တိုက်က ဒီလိုနေ့မျိုးဆို အေးအေးဆေးဆေး နားရက်ပဲ၊ အဲဒါနဲ့ မနက်က ပျင်းပျင်းရှိတာနဲ့ နင့်ဆီ ဖုန်းဆက်ကြည့်တော့ နင့်အိမ်ဖော် အပုလေးက မမလေး အားတယ်ဆိုတာနဲ့ ငါထွက်လာတာ၊ ဒါနဲ့ အန်ကယ် ကုမ္ပဏီ မသွားဘူးလား"

"ခဏနေရင် ဖေဖေ သွားတော့မှာ... နင် အေးအေး ဆေးဆေးပဲ မဟုတ်လား။ ညနေမှပြန်ပေါ့"

သူမနဲ့ ခင်နှင်း စားပွဲမှာ ဝင်ထိုင်သည်။

အပုလေးက အုန်းနို့ခေါက်ဆွဲ ပန်းကန်ကို ခင်နှင်းရှေ့ ချပေးရင်း...

"မမလေးရော... စားဦးမလား"



www.burmeseclassic.com

www.burmeseclassic.com



"မစားချင်ပါဘူး အပုရယ်၊ ဩော်... ဒါနဲ့ ဖေဖေကော စားပြီးပြီလား"

"ဟုတ်ကဲ့... စားပြီးပြီ မမလေး"

သူမက ခေါင်းညိတ်ပြတော့ အပုလေးက ပြန်လှည့်ထွက်သွားပါတယ်။

"နှင်နဲ့ သူရဇ္ဇ တွေ့သေးလား"

သူမက ခေါင်းညိတ်ပြသည်။

"မနေ့က ရိုက်ကွင်းကို သူ ရောက်လာတယ်၊ ခဏပါဟာ၊ ဘာတွေအရေးကြီးမှန်းမသိဘူး၊ ခဏနေပြီး ပြန်သွားတယ်"

သူမရဲ့ ခပ်စူစူအောင့်အောင့် စကားသံကြောင့် ခင်နှင်းက စားနေတဲ့ခေါက်ဆွဲတွေ သီးမတတ် ရယ်ပါတယ်။ သူမက ရေတကောင်းက ရေတစ်ခွက်ငှဲ့ပေးပြီး သူမကို တိုက်သည်။

သူမက ရေသောက်ပြီးတော့...

"နှင်က အဲဒါကို စိတ်ကောက်နေတာလား မိနှင်းဆီ"

"မဆိုင်ပါဘူးဟာ... သူနဲ့ငါ အေးအေးဆေးဆေးတွေ့ရတယ်မရှိဘူး၊ လာလိုက်လည်း ခဏပဲ"

"ဩော်... နှင်က အပြောကောင်း၊ နှင်ကျတော့ရော ဘာထူးလဲ၊ သူ အားရက်ဆို နှင်က အလုပ်များနဲ့၊ နှင်တို့နှစ်ယောက် အတူတူပါပဲ... ကြားထဲက ငါနဲ့ ကိုဇေပဲ နားငြီးရတာ"

"ဖိုးခွားရော ဘယ်တော့ပြန်ထွက်မှာလဲ"





သူမက နောက်ဆုံးတစ်လုတ်ကို လက်စသတ်ပြီးတော့-

"သကြံန်ပြီးလောက်မှတဲ့... နှင် မနက်ဖြန် ဘယ်မှာရိုက်မလဲ၊ ငါတို့ လာမလို့"

သူမက ခေတ္တစဉ်းစားရင်း...

"အင်း... ညနေပိုင်းလောက် လာလေ... ဗိုလ်ချုပ်ပန်းခြံထဲမှာ ရှိမယ်၊ ၅ နာရီ ထိုးလောက်ပေါ့"

"အေး... အတော်ပဲ... ငါရယ် ကိုဇေရယ် ဖိုးခွားနဲ့ သူရဇ္ဇပါ လာခဲ့မယ်၊ ရိုက်ကူးရေးပြီးရင် နှင်တို့နှစ်ယောက်လည်း အေးအေးဆေးဆေး စကားပြောလို့ရတာပေါ့"

ခင်နှင်းက သတိရသွားဟန်နဲ့-

"နှင်းဆီ...နှင် သူရဇ္ဇ ပါရီပြိုင်ပွဲအတွက် နှင်နဲ့ ဓာတ်ပုံရိုက်ပြီးပြီဆို"

"ဟင်... နှင့်ကို ဘယ်သူပြောတာလဲ"

သူမက အံ့အားသင့်ရင်း မေးတော့...

"ဟဲ့... မနေ့က သူရဇ္ဇကိုယ်တိုင် ငါနဲ့ကိုဇေကို ပြောသွားတာ၊ ဘာဖြစ်လို့လဲ"

သူမက ခေါင်းခါမိတော့...

"ဘာတွေလဲဟာ... နှင်တို့နှစ်ယောက်က လိုက်မမိတော့ဘူး"

"သူ ဘာတွေလုပ်နေလဲ... ဘာတွေဖြစ်နေသလဲဆိုတာ ငါကိုယ်တိုင်လဲ သိချင်နေတာ မိနှင်း"



www.burmeseclassic.com

www.burmeseclassic.com

သူမရဲ့စကားကြောင့် ခင်နှင်းက...

"နင်တို့နှစ်ယောက်ကြားမှာနေရင် ငါလည်း ကြာရင် ခေါင်းဖြူလာလိမ့်မယ်ဟ"

"စီးပွားရေးပဲဖြစ်ဖြစ်၊ လူမှုရေးပဲဖြစ်ဖြစ် ကိစ္စတစ်ခုကို ဖြေရှင်းရာမှာ ခေါင်းအေးအေးထားပြီး ဖြေရှင်းဖို့လိုတယ် သမီး"

ရုတ်တရက် ဖြတ်ဝင်လာတဲ့ အသံကြောင့် သူမ လှည့်ကြည့်တော့ ကုမ္ပဏီသွားဖို့ ထွက်လာဟန်ရှိသည့် ဖေဖေ့ကို တွေ့ရသည်။

"ဟင်... ဖေဖေ"

"ဖေဖေ ကိုအောင့်ဆီက သိသင့်သလောက်တော့ သိပြီးပါပြီ၊ ဒီရက်ပိုင်းအတွင်း သမီး မှုပျက်နေတာလဲ သိတယ်၊ ပြောသင့် မပြောသင့် ဖေဖေ ချိန်ဆနေတာ... အခုလည်း မပြောမဖြစ်လို့သာ ပြောလိုက်ရတာ၊ ဖေဖေ ဝင်မပါချင်ဘူး၊ သမီးရဲ့ရှေ့ရေးကို ဖေဖေ ဝင်မစွက်ဖက်ချင်တာလည်း ပါတာပေါ့၊ ဒါပေမယ့် သမီးလေးတို့ ရှေ့ဆက်ရမယ့်လမ်းက ခက်ခဲနေမှတော့ ဖေဖေလည်း မနေနိုင်တော့ဘူးလေ"

သူမ စားပွဲကိုသာ ငုံ့ကြည့်နေမိသည်။

"ဖေဖေ စုံစမ်းရသလောက်တော့ သူ့ရဲ့မှာ အပြစ်ပြောစရာလည်းမရှိသလို ဖေဖေ့စံနှုန်းအတိုင်း ပြည့်စုံတယ်လို့လည်း ပြောမရဘူး၊ ဒါပေမယ့်... သမီးရွေးချယ်ထားတဲ့လူဟာ မမှားနိုင်ဘူးလို့ ဖေဖေ ယုံကြည်တယ်လေ၊ အခု သမီးတို့ ဖြစ်ကြတဲ့





ပြဿနာဆိုတာလည်း တကယ်တမ်း ဆန်းစစ်ကြည့်တော့ အဓိကအကြောင်းအရာမရှိဘူး၊ ပြောစရာဆိုလို့ မပွင့်လင်းတာ တစ်ခုပဲ၊ အဲဒီအရာကို သမီးတို့နှစ်ယောက် ကျော်လွှားနိုင်ဖို့ အရေးကြီးတယ်လေ၊ ဟုတ်ပြီလား သမီး..." ဖေဖေ သွားမယ်"

ခင်နှင်းကိုပါ နှုတ်ဆက်ပြီး ဖေဖေ ထွက်သွားပါတယ်။

အတန်ကြာသည်အထိ သူမနဲ့ ခင်နှင်း စကားမပြော ဖြစ်ကြ။

ဘာတဲ့... ဖေဖေ ပြောလိုက်တဲ့စကား...

"ပြောစရာရှိတာဆိုလို့ မပွင့်လင်းတာ တစ်ခုပဲတဲ့"

ဟုတ်ပါတယ်ဖေဖေ... သမီးတို့ တကယ်ကို မပွင့်လင်းခဲ့ကြဘူးနော်...။

ငါတို့ပြီးရင် ပြန်လာမယ်လို့ပြောပြီး ဖိုးခွားတို့သုံးဦးသား မြေပဒေသာကျွန်းဘက်ကို ပေါင်းကူး တံတားလေးကနေ ကူးသွားခဲ့ကြတယ်။ မသွားခင် ဖိုးခွားက...

"ဟော့ကောင်တွေ သိပ်လည်း ပရမ်းပတာဆန်မနေနဲ့၊ ကျာနယ်ထဲ ပါလာဦးမယ်"


www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ ကျော်ဇောကပါ တဟားဟား။

သူတို့ထွက်သွားတော့ နှင်းဆီ၏ လက်ဖျားလေးတွေကို ဆုပ်ကိုင်မိရင်း ကားဘေးမှာထိုင်ချကာ ကန်ရေပြင်ကို ငေးကြည့်နေမိတယ်။ နှင်းဆီက သူ့ရင်ခွင်ထဲမှာမှီရင်း ရေပြင်ကို ခဲသေးသေးလေးတွေ လှမ်းပစ်ရင်း ဆော့နေမိတယ်။ သူက နှင်းဆီ၏ နဖူးစပ် ဆံနွယ်တွေငုံ့နမ်းတော့ သူမက ဟင်းနော်လို့ မျက်စောင်းထိုး မာန်မဲတယ်။ သူက ပြုံးရင်း...

"ဘာရှန်ပူလဲလို့ စမ်းသပ်အနံ့ ခံကြည့်တာပါ" လို့ ပြောတော့...

"နှင် သိပ်လူလည်မကျနဲ့"လို့ ရယ်ချင်ဟန်နဲ့ ပြောပါသည်။

"အခုလို ငွတ်လွတ်လပ်လပ် နေရတဲ့ ခဏကလေးဟာ သိပ်ကြည်နူးဖို့ ကောင်းတာပဲနော် မိဆူး"

"ဟုတ်တယ်နော် သူရဇ္ဇ... တစ်ခါတစ်ခါ လက်ရှိအလုပ်တွေကို ပစ်ပယ်ပြီး ငါလေ ပင်လယ်ကမ်းစပ်တွေ တောင်တန်းတွေပေါ် လျှောက်သွားချင်လိုက်တာ၊ ဒါပေမယ့် စိတ်ကူးပဲရှိတာပါ... လက်တွေ့ကျတော့"

သူက သူမလက်ဖျားလေးတွေကို ခပ်တင်းတင်းလေး ဆုပ်မိတော့...

"အား... နာတယ် သူရဇ္ဇရယ်..."





"ခုနစကား ဆက်ပါဦး... ကျောင်းဒကာမလေးရဲ့"

သူ့အပြောကြောင့် မနောက်နဲ့ဟာလို့ နှုတ်ခမ်း စူပါတယ်။ သူက ဝက်ကလေးအတိုင်းပဲ ပြောတော့ သူ့လက်ဖျံကို ဆွဲဆိတ်ပါတယ်။ သူက ဆိတ်မ ဖြစ်သွားပြန်ပြီလို့ စတော့ မျက်စောင်း ထိုးပါတယ်။ သူက နဂါးမလေးနဲ့ တူပြန်ရောလို့ ထပ်ပြောတော့...

"တော်ပြီ... မပြောတော့ဘူးဟာ"

သူက ရယ်ချင်စိတ်နဲ့...

"ချစ်လို့စတာပါ ကလေးမရဲ့"လို့ ပြောတော့ သူမက ရယ်ပြန်သည်။

"ဟုတ်တယ်၊ အလုပ်ပိတ်ဒေါ်က ခန္ဓာကိုယ် မပင်ပန်းပေမယ့် ဦးနှောက်ပင်ပန်းတာက ပိုဆိုးတယ်"

"ဦးနှောက်ပင်ပန်းတာက ပိုဆိုးတယ်..."

သူမရဲ့ ခပ်တိုးတိုးရေရွတ်သံဟာ တစ်စုံတစ်ခုကို သတိပြုမိသွားတဲ့ လေသံမှန်း သူ သတိပြုမိသည်။

"ဟုတ်တယ်လေ မိဆူး... ဘာဖြစ်လို့လဲ"

သူမက ခေါင်းကို ဖြည်းလေးစွာခါရင်း...

"တစ်ခါတစ်ခါကျရင် နင့်ကို ငါ နားမလည်ဘူးဟာ"

"ဘာကို ပြောချင်တာလဲ မိဆူး"

သူမက သူ့ရင်ခွင်က ခွာရင်း အဝေးသို့ လှမ်းမျှော်ကြည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ တစ်ခုမေးချင်တယ်၊ နင် အမှန်အတိုင်းဖြေမလား သူရဿ"

သူက သူမရဲ့ ဘေးတစောင်းမြင်ရတဲ့ မျက်နှာလေးကို ငေးကြည့်ပြီး...

"ပြောကြည့်လေ... မိဿူး"

သူမက သူ့ဘက်သို့ လှည့်ကြည့်သည်။

"ပါရီပြိုင်ပွဲအတွက် မော်ဒယ်က ဘယ်သူလဲ သူရဿ"

သူ စိတ်မသက်သာသလို ရယ်မောရင်း...

"ဒီမေးခွန်းကို ငါ မဖြေချင်ဘူး မိဿူး"

သူမက ဒဏ်ရာရသူ တစ်ယောက်ရဲ့ ရယ်သံလိုလို... နောက်ပြီးတော့လည်း...

"နင် မဖြေချင်တာ မဟုတ်ပါဘူး။ နင် မဖြေရဲတာပါ သူရဿရယ်... နင့်အတွက်မော်ဒယ် ငါ မဖြစ်နိုင်သလို နွေမိုး ဖြစ်ဖို့လည်း သိပ်သေချာတယ်လေ"

"ကျွတ်... ဘာလို့သိချင်ရတာလဲ မိဿူး။ ငါ ပြောပြီး သားပဲ၊ နင်နဲ့ပဲလို့... ဒီအချိန်မှာ အဖြေကို အဖြစ်မှန်ကို ငါ ဘာမှမပြောချင်ဘူးလေ... နင် တစ်နေ့သိလာရမှာပဲ"

"အင်းလေ... အဲဒီအချိန်ဟာ ငါ့အသည်း ကွဲတဲ့နေ့ မဖြစ်ပါစေနဲ့လို့ ဆုတောင်းရမှာပဲ"

သူမရဲ့စကား... သူက သူမမျက်နှာကို ခပ်တွေတွေလေး ကြည့်ပြီး...





"နင် တစ်နေ့ အဖြေမှန်ကို သိလာမှာပါ မိဿူးရယ်"

တစ်ဇနေ့တာရဲ့တာဝန်ကို ထမ်းရွက်ပြီးတဲ့ အနောက်အရပ်က နေမင်းက အိပ်စက်အနားယူဖို့ သူ့အလင်းကို ရုပ်သိမ်းစ ပြုနေခဲ့ပြီ။

အရှိန်ဖြင့် ချိုးကွေ့လာသောကား၏ ဘရိတ်နင်းသံကြောင့် ကျော်ဇောက ညေ့ခန်းကနေ လှည့်ကြည့်၏။ နှုတ်မှလည်း...

"ဟာ... ပြဿနာကစပြီ"

ကားတံခါး ဖွင့်သံနဲ့အတူ မုန်တိုင်းရဲ့ နိဒါန်းပျိုးသံလို ကားတံခါးဖွင့်သံ ပိတ်သံက သက်သေပြုနေ၏။

သူရဿကို ကြည့်လိုက်တော့ စိတ်ရှုပ်ထွေးတဲ့ အမူအရာနှင့်...

အနက်ရောင် အထက်အောက် ဆင်တူဝတ်စုံနှင့် မိန်းကလေးသည် ဒေါသနဲ့ ခံပြင်းမှုတို့ကို သယ်ဆောင်ရင်း သူတို့ဆီ ဦးတည်လာခဲ့သည်။ သူမကို ခင်နှင်းက ခရီးဦးကြို ပြုကာ နီးစပ်ရာခုံသို့ တွဲခေါ်လာခဲ့သည်။ တစ်ဦးနဲ့ တစ်ဦး စကား မပြောနိုင်ကြလောက်အောင် မေးခွန်းတွေ ပြည့်နေတဲ့ တိတ်ဆိတ်မှုတွေ ကိုယ်စီနဲ့... အရင်ဦးဆုံး အနက်ရောင် နှင်းဆီတစ်ပွင့်ဆီက...



www.burmeseclassic.com

www.burmeseclassic.com



သူမက လက်ထဲမှာ လုံးချေဆုပ်ကိုင်ထားတဲ့ ဂျာနယ် တစ်စောင်ကို စားပွဲခုံသို့ ဖြန့်ချရင်း...

"ဒီကိစ္စကို နင် ဘယ်လိုဖြေရှင်းချက်ပေးချင်လဲ သူရဇ္ဇ"

သူရဇ္ဇက စားပွဲပေါ်က ဂျာနယ်ကိုသာ စိုက်ကြည့်နေသည်။ သူက ခပ်မှုန်းမှုန်းရယ်ပြီး...

"ငါ့ကိုယ်ကျင့်တရားကို ငါယုံပါတယ်ဆို... ဒါတွေက... ဒါတွေက... နင့်ရဲ့ အကောင်းဆုံး ကိုယ်ကျင့်တရားလား။ ပြောဦးလေ... ပြောစမ်းပါ"

မျက်ရည်တစ်စက်ဟာ လိမ့်ဆင်းလာတယ်။ နီရဲရီဝေ နေတဲ့ မျက်ဝန်းအိမ်မှာ ခံပြင်းခြင်း၊ ယူကျုံးမရဖြစ်ခြင်း ရောစပ် ပါဝင်လှုပနေခဲ့တယ်။ ခင်နှင်းက သူမလက်မောင်းကို လှမ်းဆုပ်ရင်း...

"အေးအေးဆေးဆေး ဆွေးနွေးကြပါ" လို့ ဖျန်ဖြေပါ သေးတယ်။

"စာရွက်ပေါ်က အကြောင်းပြချက် ခိုင်လုံမှုမရှိဘဲ ရေးချင် တိုင်း ရေးလိုက်သူတစ်ယောက်ရဲ့ စကားလုံးတွေက နင် ငါ့ကို မယုံနိုင်လောက်အောင် ဖြစ်သွားပြီလား မိဆူး"

ဒဏ်ရာရသူတစ်ယောက်ရဲ့ နာကျင်ကြေကွဲသံလို သူရဇ္ဇ က ခပ်တိုးတိုး ဆိုပါတယ်။

"ဩော်... နင်က အခုထိ ငြင်းချင်သေးတာကိုး... လူတိုင်းပြောနေတဲ့ နင်တို့အကြောင်းတွေ မကြားချင်လည်း





ကြားနေရတယ်၊ မသိချင်လည်း သိနေရတယ်၊ နင်တို့အကြောင်း တွေ အခြေအမြစ် မရှိဘဲနဲ့တော့ စကားဆိုတာ 'ကား' ထွက်လာ မှာမဟုတ်ဘူး...

"ဒါဟာ နင် ငါ့ကိုပေးတဲ့ ချစ်ခြင်းမေတ္တာ"

စကားသံတွေ ပြတ်တောက်သွားသည်။ မျက်ဝန်းတွေ ရဲနေ,နေအောင် ငိုထားပုံရတဲ့ ကောင်မလေးက နောက်တစ်ခွန်း ဆက်ပြောပြန်သည်။

"နင်ဟာ တော်တော်ကို ယုတ်မာတဲ့ လူဆိုးတစ်ယောက် ပဲ သူရဇ္ဇ"

"ဘာ..."

နောက်ဆုံး စကားတစ်ခွန်းကြောင့် သူ တော်တော် အထိနာ သွားပုံရပါတယ်။ သူမကို ပါးစပ်အဟောင်းသားနဲ့ စိုက်ကြည့်ရင်း မတ်တတ်ထရပ်တော့ ကျော်ဇေက သူ့ပခုံးကို ဖိနှိပ်ကာ ပြန်ထိုင်ခိုင်းပြီး...

"ဒေါသကို လျှော့ကြစမ်းပါလား... ငါလည်း ဂျာနယ် သမားတစ်ယောက်ပဲ၊ အခုကိစ္စက ဂျာနယ်မှာပါလာလို့ သူရဇ္ဇ ပါလို့ ခေါင်းစဉ်တပ်ထားတာမှ မဟုတ်ဘဲ မိဆူးရယ်... နင် လည်း ဒီလောကအကြောင်းကို သိနေရဲ့သားနဲ့"

"ငါ့ကို ဝိုင်းမညာပါနဲ့တော့ ကျော်ဇေ၊ ဒီပြဿနာ မဖြစ်ခင်ကတည်းက ငါ့ရင်ထဲမှာ ဘယ်လောက်ပူပန်နေရသလဲ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ ခင်နှင်း အသိဆုံး၊ အခုကိစ္စမှာ သူ့နာမည်သာမပါရုံ ရှိမယ်၊ သူ့ရုပ်ပုံ၊ အောင်မြင်တဲ့ လူငယ် ဓာတ်ပုံဆရာရဲ့ အရင်းနှီးဆုံး အဖော်တဲ့...

"သူတို့ရဲ့ မရှင်းမလင်းတဲ့ ဇာတ်လမ်းတွေရဲ့ နောက်ကွယ်က ဖြစ်ရပ်တဲ့..."

"ဓာတ်ပုံဆရာနဲ့ ရွှေမင်းသမီးတဲ့..."

"ဒါတွေဟာ လိမ်ညာထားတာပါလို့ ငါ့ကို ဝိုင်းနှစ်သိမ့်ကြဦးမလို့လား... တော်လောက်ပါပြီဟာ..."

တသိမ့်သိမ့် ရှိုက်ငိုသံနဲ့အတူ သူမရဲ့ ကိုယ်လုံးလေးကို ခင်နှင်းက ပွေ့ဖက်ထားပါတယ်။

"ဂျာနယ်ထဲမှာပါတယ်ဆိုတဲ့ ကိစ္စတွေအတွက် ငါဘာမှ မပြောချင်ဘူး မိနှင်း။ အချိန်ကာလက အဖြေပေးသွားလိမ့်မယ်၊ ငါ့ကိုယ်ငါ သူတော်ကောင်းပါလို့ ငါ မပြောရဲသလို ငါ သူယုတ်မာ မဟုတ်တာတော့ ငါ ကျိန်းသေပြောရဲတယ်၊ ငါ့စိတ်ကိုမှ ငါ့ဘက်မှာမှ နင် မရှိတော့ ငါဘာဖြေရှင်းရဦးမှာလဲ"

သူမက ခင်နှင်းရင်ခွင်ထဲကနေ ဆတ်ခနဲ လှည့်ကြည့်၏။ ပါးပြင်ပေါ်က မျက်ရည်တွေကို လက်ဖဝါးနုနုနဲ့ ပွတ်သပ်ရင်း...

"နင် မဖြေရှင်းရဲလို့ပါ... မှန်နေတဲ့ အမှန်တရားကို နင် မငြင်းနိုင်ဘူးလေ၊ အေး... နင့်လို သွေးအေး ယုတ်မာတတ်တဲ့ လူတစ်ယောက်ရဲ့ အကျင့်စာရိတ္တကို ငါ စောသိခဲ့ရတာ ကံကောင်းတယ်ပဲ မှတ်လိုက်တော့မယ်"





"မိဆူး..."

သူရဇ္ဇရဲ့ အော်သံကို သူမက ဂရုမစိုက်ခဲ့ပေ။

"နင်နဲ့ဝေးလိုက်ရလို့ ငါ့ ''တော့ လွမ်းမိခဲ့မှာ အမှန်ပဲ သူရဇ္ဇ၊ ဒါပေမယ့် နင့်ရဲ့ယုတ်မာတဲ့ ပက်စက်တဲ့ စိတ်ဓာတ်ကို တွေးမိရင် ငါ့ရဲ့လွမ်းတတ်တဲ့စိတ်ကို ငါ့ရင်ထဲကနေ ရတဲ့နည်းနဲ့ မောင်းထုတ်ပစ်မယ်၊ စိတ်သာချ. . အခုချိန်ကစပြီး..."

"မိဆူး... စိတ်ကိုလျှော့လေ"

"မိဆူး... သေချာစဉ်းစားပြီးမှ ဆုံးဖြတ်ကြပါဟာ"

"ကျော်ဇေ..."

ခင်နှင်းနဲ့ ကျော်ဇေရဲ့ မိဆူးအပေါ် ဖျောင်းဖျသံကို သူရဇ္ဇက လက်ကာတားရင်း...

"သူ ပြောချင်တာ ပြောပါစေ"

သူမက မတ်တတ်ထရပ်တော့ မျက်ရည်ပေါက်တွေဟာ ပါးပြင်ပေါ်က ခုန်ဆင်းလာကြတယ်။

"နွေမိုး ဆေးရုံမှာသတိရရချင်း နင် သူ့ကို လက်ထပ်ခွင့်တောင်းလိုက်ပါ၊ ဒါဟာ နင့်ဆီက ငါ့အတွက် နောက်ဆုံး လက်ဆောင်တစ်ခုအဖြစ် ပေးတာလို့ ငါ ယုံကြည်ချင်တယ်"

သူမနဲ့ သူနဲ့ အကြည့်ချင်း အားပြိုင်နေတယ်။

"ငါ သူ့ကို လက်ထပ်ခွင့်တောင်းမှာမဟုတ်ဘူး မိဆူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါမဟုတ်တဲ့ကိစ္စအတွက် ငါ ခေါင်းမခံချင်လို့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နှင်း... လွယ်ယုတ်မာ..."

သူရဲ့ကို စကားတစ်ခွန်းဖြင့် အသံကုန် ဟစ်အော်ရင်း သူ့ရှေ့က အလှပန်းအိုးဖြင့် ပစ်ပေါက်သည်။

"ခလွမ်း..."

ထိခိုက်သံ၊ ကျကွဲသံနဲ့အတူ သူရဲ့ရဲ့ နားထင်စောင်းမှ သွေးတွေစီးကျလာ၏။

အဖြူရောင် ရှပ်လက်တိုပေါ်မှာ သွေးတွေ တစ်စက်စက် စီးကျလာတယ်။ သူရဲ့က မသုတ်မဖယ်... သူမကို သွေး အေးအေးဖြင့် ကြည့်ရင်း...

"နှင်း မကျေနပ်နိုင်သေးဘူးလား မိဆူး"

သူမက ပါးစပ်ကို လက်ဝါးနှင့်အုပ်ရင်း ရှိုက်သံကိုထိန်းသည်။ ထို့နောက် အိမ်အပြင်သို့ လှေကားအတိုင်း ပြေးဆင်းသွားသည်။

သူရဲ့ကတော့ မလှုပ်မယှက် ရပ်ကျန်နေခဲ့သည်။

အချစ်ဆိုတာထဲကို ပရိပက္ခတွေရောထည့်လို့ ဓာတ်ပြု ပြောင်းလဲရင် အင်အားကောင်းတဲ့ အမုန်းတွေ ဖြစ်ပေါ်လာတာ သေချာခဲ့ပြီလား... ငါ သိချင်တယ် မိဆူး...။





ရေစီးထဲမျှောလွှတ်ထားတဲ့ ငါ့စိတ္တဇတွေ
ခရမ်းရောင်မှိုင်းတိမ်တွေကို
မတွေ့ချင်တာလည်း ပါတယ်...။

မနက်ဖြန်တွေမှာ...
သတိရခြင်းကို သင်္ဂြိုဟ်ရင်း...
ဧရာဝတီရေစီးမှာ အလွမ်းဂျာနယ်တွေ
အိုးကာလေးတစ်လုံးနဲ့ ရေလှန်မျှော၍...။





www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၆

ကိုနိုင်လတ်နဲ့အတူ သူတို့ရဲ့ (Show Room) တစ်ခုရှိတဲ့ ပလာဇာ ဒုတိယထပ်က ထွက်လာတော့ နေ့လယ်တစ်နာရီခန့် ရှိပြီ။

"ကိုလင်းအောင် ကုမ္ပဏီပြန်လိုက်မှာလား"

"ကျုပ် ပြန်မလိုက်သေးဘူးဗျ... ခင်ဗျား ပြန်ချင်ရင် ပြန်နှင့်လေ... သမီးအတွက် ဂျေဒိုးနတ်မှာ မုန့်ဝင်ဝယ်ရင်း ပစ္စည်းနည်းနည်းပါးပါး ဝယ်စရာလေးတွေ ရှိသေးတယ်"

"ဒါဆိုလည်း ကျုပ်ပြန်နှင့်မယ်ဗျာ... ဘန်ကောက်က ဖက်(စ်)တစ်ခု ဝင်လာစရာရှိတယ်လေ၊ မမီဘဲနေလိမ့်မယ်ဗျ။ သွားပြီဗျ"

နှုတ်ဆက်ပြီး စက်လှေကား ရှိရာသို့ ကိုနိုင်လတ်က ဦးတည်တော့ သူက ဂျေဒိုးနတ်ရှိရာသို့ ကွေ့လိုက်သည်။





ဂျေဒိုးနတ်ကို ဝင်,ဝင်ချင်းမှာ...

"အစ်ကိုကြီး..."

လှမ်းခေါ်သံ တစ်ခုကြောင့် သူကြည့်လိုက်တော့ သူနဲ့ မနီးမဝေးစားပွဲမှာ ကိုအောင်တို့ စုံတွဲကို တွေ့လိုက်ရသည်။ သူက လက်လှမ်းပြရင်း ကောင်တာဆီသို့သွားကာ မုန့်အချို့ကို ပါကင်ထုပ်ရင်း ကော်ဖီတစ်ခွက်ကို ယူကာ သူတို့စားပွဲဆီ လျှောက်လာခဲ့သည်။ ကိုအောင်က သူ့မုန့်ဘူးတွေကို စားပွဲပေါ် ဝိုင်းကူချပေးရင်းကနေ...

"ဘယ်ကနေ ဘယ်လို ဒီဘက် ရောက်လာရတာလဲ အစ်ကိုကြီး"

သူက စီးကရက်ဘူးကို ကိုအောင်ဘက် တိုးပေးရင်း–

"ကိုယ်တို့ရှိုးရွမ်းကို ပစ္စည်းအသစ်တွေ လာစစ်ဆေးရင်းနဲ့ သမီးအတွက် မုန့်ဝင်ဝယ်တာ"

ကိုအောင်က သမီးဆိုတဲ့ စကားကြောင့် သတိရသွားဟန်နဲ့ တူပါတယ်။ သက်ပြင်းတစ်ခုကိုချမိဟာ သူတွေ့သည်။

"အေးကွာ... ငါလည်း သူတို့သတင်းတွေကြားပါတယ်၊ ဘာတတ်နိုင်မှာလဲ၊ သူတို့ရေစက်က ဒီလောက်ဆုံဖို့ အကြောင်းဖန်လာတာကိုး"

မစန်းက သူ့စကားကို ထောက်ခံဟန်နှင့် ခေါင်းညိတ်သည်။ ပြီးတော့ စကားစတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မေစန်းတို့လည်း ကိုယ့်အလုပ်ကိုယ်ရှုပ်နေတော့ သူတို့ဖြစ်တဲ့ပြဿနာတွေကို မသိလိုက်ဘူး အစ်ကိုကြီး... သူရဇ္ဇမလာ၊ မလာနဲ့ စုန်းဆက်တော့မှ ခရီးဖြန်းစားကြီး ထွက်သွားတယ်ဆိုလို့ အံ့ဩနေတာ၊ အိမ်လည်း အကြောင်းမကြားဘူးလေ၊ နောက်တော့ ဖိုးခွားဆီက ပြန်ကြားရတယ်၊ နှင်းဆီနဲ့ သူရဇ္ဇကိစ္စကို..."

"သူရဇ္ဇ ရန်ကုန်မှာ မရှိဘူးလား"

"မရှိဘူး အစ်ကိုကြီးရဲ့၊ သူ မြစ်ကြီးနားဘက်သွားတယ်လို့ သူ့အိမ်ကကောင်လေး ပြောတာပဲ၊ စနေနေ့ (Blue Chip) ဟိုတယ်မှာဖွင့်မယ့် သူ့ပြပွဲတောင် သူ့အပေါင်းအသင်းတချို့နဲ့ ဖိုးခွား ကျော်စေတို့ကို လွှဲထားတာ၊ သကြိန်အတွင်းတော့ ပြန်ရောက်မယ် ကြားတာပဲ"

သူ လေးလေးပင်ပင် ခေါင်းညိတ်မိသည်။ ကြားရတဲ့ သတင်းအတွက်လည်း သူ အမှန်တကယ် စိတ်မကောင်းဖြစ်မိ၏။

"ဘာတတ်နိုင်မှာလဲလေ... ဟိုမော်ဒယ်ကောင်မလေးကိစ္စကလည်း ပြဿနာ ရှင်းသွားပြီဆို"

မေနှင်းက ရှင်းသွားပြီလို့ပြောပြီး...

"တက်သစ်စ မင်းသားလေးနဲ့ ကောင်မလေးက မရှုပ်မရှင်းဖြစ်ကြတာပါ၊ အခုတော့ သူတို့ချင်းလည်း ပြေလည်သွားကြပြီလေ"





"အဲဒါကို သမီးက သူရဇ္ဇအပေါ် အငြိုးမပြေနိုင်သေးတာ ငါစဉ်းစားလို့ကို မရနိုင်ဘူးဖြစ်နေတယ် ကိုအောင်"

ကိုအောင်ကလည်း ဟုတ်တယ်လို့ ပြောပါသည်။

"မေစန်းတော့ နွေမိုးကိစ္စထက် ပိုဆိုးမယ့်အကြောင်း တစ်ခုခု ရှိနေလိမ့်မယ်လို့ကို ထင်တာပဲ၊ အဲဒီကိစ္စသိမှ မေစန်းတို့လည်း ကြားဝင်ပြီး ဖြေရှင်းလို့ရမယ်လို့ ထင်တယ်"

"ဟုတ်တယ်"

ကိုအောင်က သူ့ဇနီးစကားကို ထောက်ခံပါတယ်။ သူကတော့...

"ခက်တာက သမီးက မေးကြည့်လို့ကိုမရတာ၊ မေးပြန်ရင်လည်း မျက်ရည်ကျပြီး စကားတစ်လုံးမှမပြောတော့ ငါလည်း ထပ်မမေးချင်တော့ဘူးဟာ"

"ဒါတွေထားလိုက်ပါ... သကြိန်အကြတ်နေ့ အစ်ကိုကြီး အားမလား"

သူက ဘာကိစ္စရှိလို့လဲ မေးတော့ ကိုအောင်က ပြုံးပြီး–

"ကိစ္စအထွေအထူးတော့ မဟုတ်ပါဘူး၊ ရင်းနှီးတဲ့ ကိုယ့်မိတ်ဆွေတွေချည်းပဲစုပြီး သူရဇ္ဇ ခြံမှာပဲ စားပွဲသောက်ပွဲလေး လုပ်မလို့ပါ"

သူက ရယ်ရင်း...

"မတော်ရတဲ့ သမက်အိမ်မှာပေါ့၊ အင်း... အားလို့ရပါတယ်... ဒီကောင်လေးအိမ်လည်း ငါ မရောက်ဘူးတော့

www.burmeseclassic.com



အတော်ပဲ၊ ကုမ္ပဏီမိတ်ဆွေတွေနဲ့ အပျော် စားသောက်ဖို့ ပြောထားကြတာတော့ ရှိတယ်၊ ဒါလည်း သိပ်အရေးမကြီး ပါဘူး၊ ငါ ဖျက်လိုက်ပါ့မယ်၊ ဘယ်သူတွေ ပါသေးလဲဟေ့"

မေစန်းက...

"ကျော်ဇေတို့ မေနှင်းတို့ အုပ်စုတွေပါပဲ"လို့ ပြောတော့ သူက...

"ဟ... ကလေးတွေနဲ့ အပြိုင်ကဲရမှာပေါ့"လို့ ပြောပြီး နှုတ်ဆက်ကာ ပြန်လာခဲ့သည်။

ကိုအောင်တို့ ကားမပါဘူးဆိုတာနဲ့ သူ လမ်းကြုံလိုက်ပို့မယ်ပြောတော့ ကိုအောင်က အားနာဟန်နဲ့ငြင်းသည်။ သူက ရပါတယ်ကွာလို့ပြောပြီး အတင်းလိုက်ပို့ပေးခဲ့ရသည်။

"ဖေဖေ နေ့လယ်က လေးလေးအောင်တို့နဲ့ တွေ့တယ် ဆို..."

သမီးက ချိ(စ်)နဲ့ အာလူးကြော်ပန်းကန်ကို သူ့စားပွဲပေါ် ချပေးရင်း ပြောသည်။





အလုပ်မှာပင်ပန်းတဲ့ ဒီနေ့လိုရက်မျိုးတွေမှာ သူ တစ်ခွက် နှစ်ခွက်တော့ သောက်ဖြစ်သည်။ သောက်ဖြစ်တိုင်းလည်း သမီးက အားရင်အားသလို မြည်းစရာ စီစဉ်ပေးပြီး သူမပါ ဘေးက နှိုက်စားရင်း စကားတွေ ပြောဖြစ်ကြတာမဆန်း။

"ဟုတ်တယ် သမီးရဲ့၊ ဖေဖေ သမီးအတွက် မုန့်ဝယ် ရင်းတွေ့တာလေ... သမီးကိုတောင် မေစန်းက မေးနေသေး တယ်"

သမီးက ဝရံတာပေါင်ကို ခပ်လျော့လျော့ မှီထိုင်ရင်း...

"သမီးလည်း အလုပ်တွေရှုပ်နေတာနဲ့ ဆရာမဆီ မရောက် ဖြစ်တာပါ"

သမီးက တစ်ခုခုကို ဖုံးကွယ်ချင်ဟန်နဲ့ ခပ်တိုးတိုးပြော၏။

"သမီးကို ဖေဖေ စကားတွေ ပြောချင်နေတာ ကြာပြီ၊ သမီးကလည်း သမီးအလုပ်နဲ့၊ ဖေဖေကလည်း ဖေဖေ့အလုပ်နဲ့ ဆိုတော့ အေးအေးဆေးဆေးကို မဆုံဖြစ်ဘူးလေ... ဒီညကျမှပဲ ပြောဖြစ်တော့တယ်၊ သမီးကို ဖေဖေ ပြောဖူးတာ မှတ်မိလား"

"ဘာကိုလဲ ဖေဖေ"

သူ ရမ်နဲ့ဆော်ဒါ ရောထားတဲ့ အရက်ကို ခပ်မျှင်းမျှင်း စုပ်သောက်ရင်း...

"သမီးတို့နှစ်ယောက် မပွင့်လင်းကြဘူး ဆိုတာလေ"

"မှတ်မိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သမီးက ဒီစကားကို သတိရပြီးဝန်ခံတော့ သူက ဆက်ပြောပါတယ်။

"အခုဖြစ်တဲ့ သမီးတို့နှစ်ယောက် ခါးစည်းခံရတဲ့ ဆိုးကျိုးတွေက အဲဒီ့အကျိုးဆက်တွေပဲ၊ နွေမိုးနဲ့ သူရဖွက်စွကလည်း ရှင်းသွားပြီပဲ… သမီးရင်ထဲမှာ ဘာသံသယတွေ ရှိနေသေး လို့လဲ၊ ဖေဖေ့ကို သူငယ်ချင်းတစ်ယောက်လို ပွင့်ပွင့်လင်းလင်း ပြောပြစမ်းပါ"

သမီးဆီက မထင်မှတ်ဘဲ ငိုရှိုက်သံတစ်ခု ကြားရပြန် တယ်။

"ဖွါသမီး မော်ဒယ်တစ်ယောက် မင်းသမီးတစ်ယောက် ဖြစ်နေပြီး နှလုံးသားကိစ္စကျတော့ ဟန်ဆောင်မကောင်းသေး ပါလား။ ကဲ ကဲ… တိတ်ပါသမီးရယ်"

သူက ရယ်စရာ နှစ်သိမ့်သလို ပြောရင်း ချော့တော့ သမီးက မျက်ရည်တွေကို သုတ်ပါတယ်။

"သမီးရင်ထဲမှာ သူနဲ့ပတ်သက်ပြီး သံသယတစ်ခု အမြဲ ရှိနေတယ် ဖေဖေ"

"သံသယ… ဟုတ်လား"

သမီးက ခေါင်းညိတ်သည်။

"အဲဒါ ဘာလဲဆိုတော့… ဆရာမတို့ မိသားစုရယ်၊ ခင်နှင်းတို့နဲ့ သူ့အိမ်မှာ ထမင်းစုချက်စားကြတဲ့နေ့၊ ဂျူးဂျူး





လေး ပြောလိုက်တဲ့စကား… နောက်ပြီး သူ့စားပွဲက ဒိုင်ယာရီ အဟောင်းက ပထမစာမျက်နှာရယ်ကြောင့်ပဲ ဖေဖေ"

သူ သမီးစကားကြောင့် အံ့ဩရင်း စိတ်ဝင်စားမိတယ်။

"ပြောပါဦး သမီးရဲ့"

"အဲဒီနေ့က ဂျူးဂျူးကို လိုက်ရှာရင်း သူ့အခန်းဝတံခါးဝ ရောက်တော့ ဂျူးဂျူးလေးက ပြောတယ်လေ၊ အဲဒီအခန်း ထဲမှာ မမလှလှတစ်ယောက်ရဲ့ ဓာတ်ပုံအကြီးကြီး ရှိတယ်တဲ့၊ အဲဒီပုံကို ကိုကိုကြီးက ဘယ်သူ့မှကြည့်တာ မကြိုက်ဘူးတဲ့… သမီးက စိတ်ဝင်စားသွားတယ်၊ အဲဒါနဲ့ သမီးလည်း ဝင်ကြည့် မယ်ကြံတော့ သူ ရောက်လာတယ်၊ သမီး အခန်းထဲဝင်မှာ သူ စိုးရိမ်နေသလိုပဲ၊ သူက သမီးကိုစကားလွှဲပြီး အပြင်ကိုခေါ်ထုတ် သွားခဲ့တယ်၊ အဲဒီပုံက သူ့အတွက် ဘယ်လောက် အရေးကြီး နေသလဲ၊ သမီးထက်ရော သူ ဘာ့ကြောင့် မြတ်နိုး တန်ဖိုးထား နေရတာလဲ… သမီးသိပ်သိချင်နေတယ် ဖေဖေ"

"အဲဒါ သမီးမှားတာပေါ့… သမီး ဒီအကြောင်းတွေကို သူ့ကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးဖူးလား"

သမီးက ခေါင်းခါတော့…

"အမှန်ဆို သမီး သူ့ကို ပွင့်ပွင့်လင်းလင်း မေးကြည့် သင့်တယ်၊ ဆက်ပြောပါဦး… သမီး"

သမီးက ဝရံတာ သံတန်းကို လက်သည်းနဲ့ ကုတ် ခြစ်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီသံသယနဲ့ သမီးရင်မှာ ရှုပ်ထွေးနေတုန်း သူ့စားပွဲပေါ်က ဒိုင်ယာရီအဟောင်း တစ်အုပ်ရဲ့ ပထမစာမျက်နှာကို အမှတ်တမဲ့ ဖတ်လိုက်ရတယ်၊ အဲဒီစာမျက်နှာမှာ ရေးထားတာက..."

သမီးအသံ တိုးတိမ်သွားတယ်။ ပြီးတော့ မျက်ဝန်းကို မှိတ်ရင်း အားယူပြောတဲ့ လေသံနှင့်...

*"ရင်ထဲကိုဝင်လာတဲ့ ကောင်မလေး တစ်ယောက်ရဲ့ မျက်ရည်တွေကို ကျွန်တော် နှစ်ပေါင်း များစွာအထိ သိမ်းထားရတော့မယ်... သူ ဘယ်သူလဲ... မေးခွန်းနဲ့ အတူ အလစ်အငိုက်ဝင်လာတဲ့ အချစ်တွေကို ကိုယ့်ရဲ့ လျှို့ဝှက်ချက်အဖြစ် ရင်ထဲမှာ ထာဝစဥ် တည်ရှိနေမှာ ကိုယ့်ကိုယ်ကို ယုံတယ်လေ...*

*ဒီကမ္ဘာရဲ့ တစ်နေရာ တစ်ထောင့်ထောင့်မှာ မင်း ရှိနေမယ်ဆိုတဲ့ အတွေးနဲ့ ဘယ်လောက်ပဲဝေးကွာနေနေ ငါ လွမ်းခဲ့ရမှာ ကျေနပ်တယ်...*

*ဒဏ်ရာတွေရထားတဲ့ အပြာရောင် ငှက်ကလေး ရယ်... ငါဟာ မင်းအတွက်ဆိုရင် ငါ့နှလုံးသားကို သစ်ကိုင်းတစ်ခုအဖြစ် ဖန်ဆင်းထားချင်တယ်...*

*ငါလေ မင်းကို မတွေ့တွေ့အောင် ရှာခဲ့ဦးမယ်"*

***ရွှေသမင်စာပေ***



သမီးရွတ်ပြလိုက်တဲ့ လေယူလေသိမ်းနဲ့ အက္ခရာစကားလုံးများမှာ ရှိုက်ငိုသံတွေ ရောစွက်နေတယ်။ သူ သမီးဝေဒနာတွေ ပျေ့ါပါးသွားအောင် ဘယ်လိုနှစ်သိမ့်ရမလဲ မသိခဲ့တော့ပါ။

"အေးလေ... တစ်နေ့တော့... ဆိုတဲ့ မျှော်လင့်စရာကောင်းတဲ့ စကားနဲ့ပဲ အချိန်ကာလရဲ့ ဆုံးဖြတ်ချက်ကို စောင့်ရတော့မှာပေါ့ သမီးရယ်... တိတ် တိတ်... မငိုနဲ့တော့ သမီးရယ်"

သူ့ပေါင်ပေါ်သို့ ပါးအပ် ရှိုက်ငိုနေတဲ့ သမီးရဲ့ကျောပြင်ကို ချော့မြှူ ပွတ်သပ်ရင်း သူလည်း ဝေခွဲရခက်နေပြီ။

ဖိုးခွားက ဟိုတယ်ပြခန်းရဲ့ ဓာတ်ပုံတွေ ချိတ်မယ့်နေရာမှာ အရွယ်အစားနဲ့ ပုံတွေရဲ့ ပြေပြစ်မှုရှိစေရန် ဓာတ်ပုံကားချပ်တွေကို တစ်ချပ်စီ စစ်ဆေးရင်း... အဝင်ဝ ထိုင်ခုံပေါ်မှာ ကတ်တလောက်တွေကို စီနေတဲ့ ကျော်ဇေတို့စုံတွဲထံ ဦးတည်ပြီး...

"ကျော်ဇေ... ခဏ"

***ရွှေသမင်စာပေ***

www.burmeseclassic.com

www.burmeseclassic.com



ဖိုးခွားခေါ်သံကြောင့် ကျော်ဇော ကြမ်းပြင်ပေါ်မှာထိုင်နေတဲ့ ဖိုးခွားဆီ လှည့်ကြည့်မိသည်။ ပုံတစ်ပုံကို အသေအချာကြည့်ရင်း ဝေခွဲရ ခက်နေပုံကြောင့် ကြမ်းပြင်ပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ကာ ပုံတွေနဲ့ လုံးထွေး ရှုပ်ယှက်ခတ်နေသော ဖိုးခွားဆီ လှမ်းလာခဲ့သည်။

"ဘာလဲကွ"

"ဒီပုံက ဘယ်သူ့ပုံလဲ"

ဖိုးခွား ကိုင်ထားတဲ့ပုံကို ယူကြည့်မိတော့...

"အဲဒါ ဒီကောင် ဆွဲထားတာဖြစ်မယ်၊ အဲဒီပုံကို တင်ဖြစ်အောင်တင်လို့ သူရှာ မှာထားတယ်"

ဖိုးခွားက အံ့ဩဟန်နဲ့ သူ့ဆီ ရုတ်တရက် မျက်ဝန်းပင့်ကာ...

"ဟင်... ပန်းချီကားကြီးကို"

သူ ဖိုးခွားနံဘေးမှာဝင်ထိုင်ရင်း ဖိုးခွားကိုင်ထားတဲ့ပုံကို စိတ်ဝင်တစား ကြည့်မိသည်။

"ဒီကောင် ဒီပန်းချီကားကို တော်တော်တန်ဖိုးထားတာ ထင်တယ်နော် ဖိုးခွား"

သူ့စကားကို ဖိုးခွားက စိတ်ဝင်တစား ကြည့်နေရင်းမှ...

"သူ့လက်မှတ်ပါတယ် ကျော်ဇော ရ... ဒီကောင် ဒီပန်းချီကားအကြောင်းကို ငါတို့ကို တစ်ခါမှတော့စကားမဟဖူးဘူးနော်"





ကျော်ဇော ပန်းချီကားကို စိုက်ကြည့်နေရင်းက ရင်ထဲကို ရင်းနှီးစေတဲ့ နိမိတ်တစ်ခုခု ဝင်လာသလို ခံစားထိတွေ့မိသည်၊ ထို့အတူ...

"ကျော်ဇော... ငါ ဒီပုံနဲ့ ရင်းနှီးနေသလိုပဲ"

သူ့လိုခံစားချက် ဖိုးခွားမှာရှိနေတော့ ကျော်ဇော အံ့ဩမိပြန်သည်။

"ဒါပေမယ့် ဘယ်သူလဲ့ ဘယ်မှာလဲဆိုတာ ငါစဉ်းစားလို့မရဘူး"

အနက်ရောင်တွေစီးနေသလို ဒါမှမဟုတ် ဓာတ်ပုံတစ်ချပ်ကို ရေစိမ်ထားသလို ခပ်ဝါးဝါးလှိုင်းရိပ်တွေ အနက်ရောင်တွေနဲ့ နှုတ်တစ်ကော်ပြား တစ်ချပ်ကို ကြည့်နေရသလိုပဲ... ပုံရိပ်ကို ဝေဝေဝါးဝါး ချထားပြီး ပန်းချီကားပေါ် ရေစက်စီးနေသလို ထင်ရှားတဲ့မျက်ရည်... ကြည့်ရသူရင်ကို အုံ့မှိုင်းစေတဲ့ ပန်းချီကားတစ်ချပ် ဒါမှမဟုတ်...

"လွမ်းဆွတ်ခြင်းဖိတ်စာ"

ဟိုတယ်မှာ ဓာတ်ပုံတွေချိတ်ဆွဲပြင်ဆင် အပြီးသတ်တော့ ညနေ (၅)နာရီခန့် ထိုးနေပြီ။ ကျော်ဇောနဲ့ဖိုးခွားက ဟိုတယ်ဝန်ထမ်းတွေနဲ့ စာရင်းရှင်းလင်းပြီးနောက် မနက်ဖြန် လိုအပ်တာတွေ မှာခဲ့ရသည်။ အပြန်မှာ ခင်နှင်းကို သူ့အိမ်သို့ ဝင်ပို့ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်နှင်းအိမ်ကအပြန် လမ်းတစ်လျှောက် "လွှမ်းဆွတ်ခြင်း ဖိတ်စာ"က ရင်ကို ကြီးစိုးနေခဲ့ပြီ။ နောက်ပြီး ပန်းချီကား အောက်ခြေက စာတမ်းလေး...

***ရက်စက်ခြင်းအဆိပ်တစ်ခွက်နဲ့ အိပ်မက်ဆိုးတွေကို***
***တိတ်တိတ်လေး ပို့လိုက်ကြတဲ့...***
***အချစ်မဲ့... လွှမ်းဆွတ်ခြင်းဖိတ်စာ...***

ဒီကဗျာ စာသားလေးနဲ့အတူ သူရဇ္ဇကို သူတို့ သတိရမိကြသည်။

သူ့ရင်ထဲက အနာကျက်နိုင်ဖို့ ဘယ်ကမ္ဘာအထိများ ပတ်ပြီးပြေးနေတာလဲ သူငယ်ချင်း...

မင်းသတင်းကို ငါတို့မျှော်လင့်နေတယ်... မင်းပျော်ရွှင်မှုတွေ ပြန်ရပါစေလို့ ငါတို့အားလုံး ဆုတောင်းနေတယ်... မင်း အမြန်ဆုံးပြန်လာပါကွာ။





ပြခန်းနဲ့ ဂျာနယ်တိုက်ကို သူနဲ့ ခင်နှင်းက တစ်လှည့်စီ ပြေးရင်း အလုပ်များစေခဲ့တယ်။ ပြခန်းမှာ အမြဲတမ်းရှိနေသူ ကတော့ ဖိုးခွားပါပဲ။ ခင်နှင်းက အလုပ် ပင်ပန်းလေလေ သူရဇ္ဇကို မေ့တ္တာပို့လေလေပဲ။

ပြပွဲလာသူအားလုံးနဲ့ ရင်းနှီးတဲ့ အပေါင်းအသင်းမိတ်ဆွေတွေရဲ့ စကားများမှာ "အဖေ" ဆိုတဲ့ ဓာတ်ပုံကားချပ်ကို စိတ်ဝင်စားကြ၏။ ကင်မရာအဟောင်းလေးရဲ့ ကြိုးသိုင်းတစ်ဖက် ပျက်ပြီး အနားဖွာနေတဲ့ ကြိုးစထိပ်ဖျားတွေရယ်... ကင်မရာ မှန်ကွဲစတွေရယ်... ကင်မရာကို အပေါ်စီးက တစောင်း ရိုက်ထားတဲ့ အနေအထား။ ကင်မရာရဲ့ အရိပ်, အရိပ်ထဲနဲ့ အရိပ်လွှတ်နေတဲ့ မှန်ကွဲစ အနေအထား... တကယ့်ကို ရိုးရိုးလေးနဲ့ ခင်းကျင်းထားတဲ့ ဆန်းသစ်မှုပဲ၊ ဒါ သူရဇ္ဇ သူ့အဖေကို ရည်ညွှန်းထားတဲ့ ပြကွက်တစ်ခုဆိုတာ သေချာသည်။

နောက်တစ်ခုက "ငိုနေတဲ့ နတ်သမီး" ဒါမှမဟုတ် "လွှမ်းဆွတ်ခြင်းဖိတ်စာ" လို့ နာမည်နှစ်မျိုးနဲ့ တစ်ခုတည်းသော ပန်းချီကား တစ်ချပ်ဟာလည်း ဆွဲဆောင်နိုင်ခဲ့တယ်။ ဒီပန်းချီကားကိုရှင်းခိုင်းတော့ သူတို့နှစ်ယောက် မဖြေရှင်းနိုင်ကြ။ နိုင်ငံခြားသားတစ်ယောက်က "အဖေ"ရဲ့ပန်းချီကားကို ဝယ်ရန် လာတော့ သူတို့က ဒီပြပွဲရဲ့ ဖန်ဆင်းသူ မရှိ၍ ရောင်းဖို့မဖြစ်နိုင်ကြောင်း တောင်းပန်ရသေး၏။



www.burmeseclassic.com

www.burmeseclassic.com



ပြပွဲကျင်းပပြီး သိပ်မကြာမီ သင်္ကြန်ကျတော့ သူတို့ တော်တော်သက်သာသွားသည်။ ဂျာနယ်တိုက်လည်းပိတ်သဖြင့် သူတို့ဟိုတယ်ကို တစ်ခါတစ်ရံသာသွားပြီး သူရဲ့အိမ်မှာပဲ စားလိုက် သောက်လိုက် နေဖြစ်ကြသည်။ တစ်ခါတစ်ရံ သူနဲ့ ဖိုးခွား အနီးနားကို ကားနဲ့ လျှောက်ကြည့်ဖြစ်တာလောက်တော့ ရှိခဲ့ပါသည်။

သင်္ကြန်အကြတ်နေ့ ရောက်တော့ ညပိုင်းက ကြိုတင် ပြင်ဆင် ထားတာတွေကို ခင်နှင်းက မနက်ပိုင်းစောစောလာပြီး ချက်ပြုတ် ပြင်ဆင်သည်။ ပထမဦးဆုံး ရောက်လာတာက လေးလေးအောင်တို့မိသားစု။ လေးလေးအောင်ရယ်၊ ဆရာမ ရယ်၊ ဂျူးဂျူးနဲ့ နယ်က ခွင့်နဲ့ပြန်လာတဲ့ ကိုကျော်ကြီး။

ကိုကျော်ကြီးက ရောက်,ရောက်ချင်း သူ့ဝသီအတိုင်း ရွှတ်နောက်နောက် စရိုက်ကြောင့် တစ်အိမ်လုံး ရယ်သံတွေ၊ နောက်ပြောင်မှုတွေနဲ့ အသက်ဝင်စေခဲ့တယ်။ လေးလေးအောင် က သင်္ကြန်သီချင်း ဖွင့်ထားတဲ့ စီဒီဘော်လူးကို အကျယ်ကြီး ဖွင့်တော့ ဂျူးဂျူးလေးက က,ပြန်တယ်။ ဆရာမ၊ ဖိုးခွားနဲ့ ခင်နှင်းက နောက်ဖေးမှာ ပြင်ဆင် ချက်ပြုတ်နေကြသည်။

လေးလေးအောင်နဲ့ ကျော်ဇေ ကိုကျော်ကြီးရယ် သူရဲ့ တပည့်လေးရယ်က ခုံတွေစားပွဲတွေချကာ ပြင်ဆင်၏။ ပြင်ဆင် နေချိန်အတွင်းမှာပဲ ကိုအောင်နိုင်နဲ့ ကိုချမ်းအေးတို့ ရောက်ချ





လာ[illegible] ကိုအောင်နိုင်က ကားထဲက ဘီယာကပ်တွေ ထုတ် သယ်လာတော့ လေးလေးအောင်က မင်း သိပ်တော်လာပြီ အောင်နိုင်လို့ စတယ်။ သူတို့ပြင်ဆင်ပြီးအချိန် ဝိုင်းစဖွဲ့ကာနီး လေးမှာ အန်ကယ်ဦးလင်းအောင်ကားလေး ခြံထဲဝင်လာတယ်။

ခြံထဲဝင်လာတဲ့ ကားသံကြောင့် ဆရာမနှင့် ခင်နှင်းတို့ အိမ်ရှေ့ထွက်လာပါတယ်။ ကားပေါ်ကဆင်းလာတဲ့ ဟာဝေယံ ရှပ်လက်တို သင်္ကာလပ်ဘောင်းဘီအနက်ရောင် ရေဘင်မျက်မှန် အနက်နဲ့ လူငယ်တစ်ယောက်လို နုပျိုနေတဲ့ ဦးလင်းအောင်ကို ဆဝန်းက–

“အစ်ကိုကြီးက သိပ်လှနေပါလား”လို့ နောက်ပြောင် သည်။ ခြံထဲက စားပွဲဝိုင်းက ကိုအောင်နိုင်ကလည်း...

“ဟုတ်တယ်ဗျို့... ကျွန်တော်တောင် မင်းသားတင်ရိုက် ချင်လာပြီ အစ်မစန်းရေ”

ရယ်သံတွေ ဆူညံသွားတယ်။ ဦးလင်းအောင်ကလည်း အားလုံးနဲ့ တရင်းတနှီးမို့ ပြန်စ,နောက်ပါတယ်။

ကက်ဆက်ဖွင့်ကာ ခြံထဲကခုံတွေမှာ ဂျူးဂျူးနဲ့ ခင်နှင်းကို တနိုင်းပြီး တစ်ယောက်နဲ့ တစ်ယောက် အပြန်အလှန် ရေပက် ဆူညံနေကြတယ်။ ကျော်ဇေနဲ့ ဖိုးခွားကတော့ ဘီယာဘူးတွေ တစ်ဘူးပြီး တစ်ဘူးပေါ့။ ဒါတောင် ဆရာမ ရှိလို့ ပုလင်းကို မကိုင်ရဲကြရှာ...။ လူကြီးဝိုင်းမှာတော့ လေးလေးအောင်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးလင်းအောင်က ဘီယာပဲသောက်ပြီး ကိုအောင်နိုင်နဲ့ ကိုကျော်ကြီး ကိုချမ်းအေးရယ်က အပြင်းနည်းနည်း ရောစပ် သောက်ကြသည်။

"မီဆူးကို ဘာလို့မခေါ်ခဲ့တာလဲ အစ်ကိုကြီး... ခေါ်ခဲ့ရောပေါ့ဗျာ"

ဘီယာအရှိန်နဲ့ ရေစိုတဲ့ဒဏ်ကြောင့် မျက်လုံးရဲစပြုနေတဲ့ ဦးလင်းအောင်က ရေစိုနေတဲ့ဆံပင်ကို သပ်ချရင်း...

"ငါလည်းခေါ်တာပဲ၊ ကောင်လေးမရှိဘူး ပြန်မရောက်သေးဘူးလို့... ပြီးတော့ ခင်နှင်းတို့ မေစန်းတို့ ရှိနေတာပဲလို့ ပြောပါသေးတယ်ကွာ၊ သူက ခေါင်းချည်းခါနေတာ... အဲဒါနဲ့ 'ဘေးခြံမှာ ရေကစားမဏ္ဍပ်ရှိတယ်လေ၊ အဲဒီခြံက ကလေးတွေ အတင်းဆွဲခေါ်လို့ စိတ်ပြေလက်ပျောက် ဖြစ်အောင်ဆိုပြီး မနည်းလွှတ်လိုက်ရတယ်"

"ကျွန်တော်တို့လည်း စိတ်မကောင်းပါဘူး အစ်ကိုကြီးရာ... ဒီလောက်ဖြစ်ကြလိမ့်မယ်လို့ မထင်ဘူးလေ၊ သတင်းရေးတဲ့ ဂျာနယ်တိုက်က အယ်ဒီတာက ကျွန်တော်တို့ကိုတောင် ပြော သေးတယ်၊ သူရဲ့ လာရင် လာတွေ့ပြီး တောင်းပန်မယ်တဲ့"

ကိုအောင်နိုင်ရဲ့ စကားကြောင့် ဘယ်တတ်နိုင်ပါ့မလဲလို့ ဦးလင်းအောင်က ပြောသည်။





"ဒါနဲ့ ကောင်လေး ပြန်မရောက်သေးဘူးလား"

ဦးလင်းအောင် အမေးကို ကိုချမ်းအေးက...

"ကျွန်တော့်အိမ်ကို အကြိုနေ့က ဖုန်းဆက်တယ်၊ ဒီနေ့ တော်ရင် မနက်ဖြန်တော့ ပြန်ရောက်မယ်တဲ့... ဒီကောင် ပွဲမပြီးခင် ရောက်မှာပါ၊ မြစ်ကြီးနားမှာ ပုံကောင်းကောင်းတွေ တော်တော်ရတယ်လို့ ပြောတယ်"

"ပြပွဲဆိုလို့... ငါ သင်္ကြန်မတိုင်ခင် တစ်ရက်လောက်က သွားရောက်သေးတယ်၊ လွမ်းဆွတ်ခြင်းဖိတ်စာကို ငါကြည့်ရတယ်၊ [illegible]တ တစ်မျိုးပဲနော်"

ဦးလင်းအောင်စကားကို ကိုချမ်းအေးက ခေါင်းညိတ် [illegible]

"ဟုတ်တယ်အစ်ကို... အဲဒီပန်းချီကားနဲ့ အဖေ့ဓာတ်ပုံ ကတော့ လူကြိုက်များတယ်လေ၊ ဒီကောင့်အတွက် မာစတာ ပီစ်..."

"လေးလေးအောင်... လေးလေးအောင်... ဆရာမ ခေါ်နေတယ်"

ဖိုးခွားရဲ့ အလောသုံးဆယ် စကားနဲ့ အပြေးရောက်လာ တာကြောင့် အားလုံးက အလန့်တကြားလှည့်ကြည့်ကြသည်။

"ဘာဖြစ်လို့လဲ ဖိုးခွား"

"ဓာတ်ပုံဆရာများအသင်းက အခုလေးတင် လှမ်းဖုန်း ဆက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စလဲ"

အားလုံးက ဖိုးခွားဆီကစကားကို စောင့်မျှော်နေ၏။

"ပါရီပြိုင်ပွဲမှာ သူရဲ့ ဓာတ်ပုံ အထူးဆုရတယ်တဲ့"

"ဟာ..."

"တကယ်..."

"ဟင်..."

အာမေဋိတ်သံတွေ တစ်ပြိုင်တည်း ထွက်လာကြသည်၊ ပြီးတော့ ထရပ်သူကရပ်နှင့် ဖြစ်နေကြသည်။

"အဲဒါ နောက်နာရီဝက်လောက် စလောင်းက လိုင်း (......) မှာ . သူ ဆုရတဲ့အကြောင်း ပြန်လာလိမ့်မယ်တဲ့ ကြည့်ကြပါတဲ့"

"ဝမ်းသာစရာပဲ"

"ဒီကောင်ရော သိပါ့မလား ချမ်းအေး"

စကားတွေ ကျက်စီစီ ထွက်ပေါ်လာကြရင်း သူတို့အားလုံး ဧည့်ခန်းဆီက ထွက်လာကြသည်။

သူတို့ရောက်ပြီး သိပ်မကြာခင်မှာ ပြပွဲဆုရသတင်းတို လာ၏။ ပြိုင်ပွဲအကြောင်းတွေကို ပြောသွားပြီး ဆုရသူများစာရင်း ကြေညာ၏။ သူတို့ရဲ့ဓာတ်ပုံတွေနဲ့ သူတို့ရဲ့နိုင်ငံတွေကို ပြ ကြေညာသွားပါသည်။ ဆုဓာတ်ပုံတွေ၊ ဓာတ်ပုံဆရာရဲ့ ဓာတ် တွေကို ယှဉ်တွဲဖော်ပြရင်း နောက်ဆုံးအပြီးမှာ သူရဲ့အလှည့်





ရောက်တယ်။ သူရဲ့ဓာတ်ပုံ၊ သူ့အကြောင်း နိုင်ငံတွေဖော်ပြပြီး သူ့ဆုရဓာတ်ပုံ ပေါ်လာသည်။

"ဟာ... လွမ်းဆွတ်ခြင်းဖိတ်စာ ဓာတ်ပုံပဲ"

ကိုအောင်နိုင့် နှုတ်ထွက်စကားနဲ့အတူ ဂျူးဂျူးလေးက–

"မေမေ မေမေ...အဲဒါ ကိုကိုကြီးအခန်းထဲက ဓာတ်ပုံ"

ကလေး စကားကြောင့် ဦးလင်းအောင် စိုက်ကြည့် နေရာမှ...

"ဒီပုံက သမီး... သမီးနဲ့ ဆင်သလိုပဲ"

"အို... ဟုတ်ပါရဲ့၊ ဒါ မိဆူးပုံပဲ"

"ဟုတ်တယ်...မိဆူး အစစ်ပါပဲ၊ ဒါပေမယ့် သူ့ရုပ်က..."

အားလုံးအံ့သြနေစဉ်မှာပင် ခင်နှင်းက ဝုန်းခနဲထရ၍ ဘာ...

"အန်ကယ်... ခဏနော်၊ သမီး မိဆူးဆီ ခဏသွားလိုက် ဦးမယ်"

ခင်နှင်းစကားကြောင့် ဦးလင်းအောင် စဉ်းစားနေရာမှ ခင်နှင်းထံမော့ကြည့်ပြီး မျက်မှောင်ကုတ်သည်။

ပြီးတော့ တစ်ခုခုကို သတိပြုမိလာသလို...

"ဟုတ်တယ်... သမီးဆီသွားသင့်တယ်၊ အန်ကယ့်ကား ယူသွားပါလား၊ ပြီးရင် ဒီကို သူ့ကိုခေါ်ခဲ့လိုက်"

"ဟုတ်ကဲ့ အန်ကယ်၊ ကားတော့ ယူမသွားတော့ဘူး ဖိုးခွားကား ရှိတယ်၊ ဖိုးခွားနဲ့ ကိုဇေ... ခင်နှင်းနဲ့ လိုက်ခဲ့ကြလေ"



www.burmeseclassic.com

www.burmeseclassic.com



ခင်နှင်းက သူရဲ့အခန်းထဲဝင်သွားပြီး တအောင့်ကြာတော့ ကျော်ဇေနဲ့ ဖိုးခွားကို ခေါ်ပြီး ကားဆီသွားသည်။

ဆရာမက ကားကို ဖြည်းဖြည်း မောင်းကြနော်လို့ လှမ်းသတိပေးသည်။ သူတို့က 'ဟုတ်ကဲ့' လို့ပြောပြီး ထွက်လာကြသည်။

မိဆူးဆီထွက်လာရင်း ကားပေါ်မှာ ကျော်ဇေက...

"မိနှင်း... ဘာကိစ္စ အရေးကြီးလို့လဲ"

ခင်နှင်းက ရှေ့ကို စိတ်လောနေပုံရတယ်။

"အရေးကြီးတယ် ကိုဇေ... ခင်နှင်း အဖြေတစ်ခုကို ရှာတွေ့ပြီ၊ ဒီလို ကိုဇေရဲ့..."

ခင်နှင်းစကားကို သူတို့ အံ့သြမိကြသည်။ ပြီးတော့ သူတို့ အတွက်လည်း ဝမ်းသာနေကြတယ်။ ဒါကို ဘာ့ကြောင့် စောစောစီးစီး ဖွင့်မပြောတာလဲလို့ ဟိုကောင့်ကို အပြစ်တင်ကြသည်။

မိဆူးအိမ်မရောက်ခင် မဏ္ဍပ်ရှေ့ရပ်တော့ မဏ္ဍပ်ထဲက မိဆူးက ကားကို သတိပြုမိသွားပုံရပြီး ထွက်လာပါတယ်။ ခင်နှင်းက ကားပေါ်တက်မိဆူးလို့ ပြောတော့ မိဆူးက တက်လိုက်လာသည်။ ကားလေးဟာ မဏ္ဍပ်ကနေပြန်ကွေ့ပြီး မောင်းလာတော့ မိဆူးက...

"နင်တို့ ဘယ်ကိုလာတာလဲ ခင်နှင်း"





သူမက ရေစိုရွှဲနေတဲ့ ဆံပင်ကို ဆုပ်ကိုင် ရေညှစ်ရင်း ပေးသည်။

"နင့်ဆီလာတာပဲ မိဆူး"

သူမက 'သတိရသေးတယ်နော်' လို့ ခင်နှင်းကို ခနဲ့ သော့...

"မိဆူး... နင့်ကို ငါ ပြောစရာ အရေးတကြီးရှိတယ်"

သူမက မျက်ခုံးတွန့်ရင်း...

"ဘာကိစ္စလဲ"

"နင် သူရဲ့ အခန်းထဲက ဓာတ်ပုံရှင်ကို နင်သိလား။ ဘယ်သူလို့ နင်ထင်လဲ..."

သူမက မျက်နှာ ညှိုးသွားရင်း...

"ဘာလို့ အစ,ပြန်ဖော်နေရတာလဲ ခင်နှင်း။ ငါ သူ့ အကြောင်း မကြားချင်ဘူး"

ခင်နှင်းက မိဆူးလက်ဖဝါးတွေကို ဆုပ်ကိုင်နှစ်သိမ့်ရင်း...

"မကြားချင်လို့ မဖြစ်ဘူး မိဆူး၊ ငါမေးတဲ့ မေးခွန်းကို နင်ဖြေခြင်းပါ... သိပ်အရေးကြီးတယ်"

သူမက ခင်နှင်းထံမှ မျက်နှာလွှဲကာ...

"သိဘူး... ခင်နှင်းရယ်"

ခင်နှင်းက ကျေနပ်အားရတဲ့ မျက်ဝန်းနဲ့ ပြုံးပြီး...

"အဲဒါ နင့်ပုံပဲ မိဆူး"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ... ငါ့ပုံ... ဟုတ်လား... မဖြစ်နိုင်တာဟာ"

သူမက ချက်ချင်း ခင်နှင်းထံ ရင်ဆိုင်ကြည့်ရင်း မယုံသလို ပြောပြန်၏။

"ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စကို ငါ့လာပြီး မနှစ်သိမ့်နဲ့ ခင်နှင်း"

ခင်နှင်းက ကလေးတစ်ယောက်ကို နှစ်သိမ့်သလို...

"ခက်ရပါလား မိဆူးရယ်၊ အဟုတ်ပါဆို... နော်... ကိုဇေ"

ခင်နှင်းက ကားရှေ့ခန်းက ကျော်ဇေထံ အကူအညီ လှမ်းတောင်းတော့ ကျော်ဇေက ရှေ့ကနေ လှည့်ပြန်ကြည့်ပြီး-

"ဟုတ်တယ် မိဆူး... နှင့်ကို ငါတို့ မညာပါဘူး သူရဇ္ဇအိမ်မှာ နှင့်အဖေကိုယ်တိုင် ရှိတယ်၊ ဒီကောင် ပြင်သစ်မှာ ကျင်းပတဲ့ပြိုင်ပွဲမှာ ဆုရတယ်လေ၊ အဲဒါ ခုနကမှ ငါတို့အားလုံး သူ့အိမ်မှာရှိနေတုန်း အကြောင်းကြားသွားတာ"

သူမက ခပ်ဝိုင်းဝိုင်း မျက်လုံးတွေ ပြူးထွက်သွားအောင် ဖြစ်သွားရင်း အံ့သြပုံရနေတယ်။

"သူ... ဆုရတယ်,.. တကယ်..."

"ဩော်... အဟုတ်ပေါ့ မိဆူးရယ်၊ ကဲ...ကြာတယ် ဓာတ်ပုံအသင်းက တာဝန်ခံ ကိုကျော်စိုးဦးဆီမောင်း၊ ဗိုးခွား... နင် လိပ်စာသိတယ် မဟုတ်လား"





ဗိုးခွားက အေးလို့ပြောရင်း လမ်းကြောင်း ပြောင်းလိုက်ပါတယ်။

"ငါ့ဓာတ်ပုံနဲ့ဆုရတယ်... ဟုတ်လား ခင်နှင်း... နင်တို့ လူမှားနေတာလား... သူ ငါနဲ့ မရိုက်ပါဘူး"

ခင်နှင်းက ခေါင်းညိတ်သည်။

"နင်... သူရဇ္ဇအကြောင်းလည်း သိရဲ့သားနဲ့၊ သူက မထုံတတ်သေးလေ... သူ့အကြောင်း ဂဃနဏတောင် ကိုဇေတို့က ပြည့်ပြည့်စုံစုံ သိရတာမဟုတ်ဘူး၊ ဒီလိုဟ မိဆူးရ...

"နင့်အမေဆုံးတဲ့နေ့ မှတ်မိလား"

သူမက ခေါင်းညိတ်သည်။

ခင်နှင်းက ကားနောက်ဘက် ဒတ်ရှ်ဘုတ်ပေါ်မှာ တင်ထားတဲ့ ဒိုင်ယာရီ အဟောင်းတစ်အုပ်ကို သူ့လက်ထဲထည့်ပေးရင်း...

"ခေါက်ထားတဲ့နေရာက ဖတ်ကြည့် မိဆူး၊ ငါတောင် နင့်ဆီလာကာနီး သူ့အခန်းထဲမှာ ဝင်မွှေပြီးယူလာတာ၊ သဲလွန်စ တစ်ခု ရလိုရငြားပေါ့ဟာ... ထင်တဲ့အတိုင်းပဲလေ... နင့်အမေ ဈာပနမှာ သူရဇ္ဇ သူ့အဖေနဲ့ သူ့အဖေအသိ ဈာပနအတွက် အကူအညီတောင်းလို့ ဓာတ်ပုံလာရိုက်တယ်၊ ငါတို့ ကိုးတန်း တောက်ခင်ကာလပေါ့၊ နင့်အမေ မီးမသဂြိုဟ်ခင် နင် နင့်အမေကို ငေးတွေတွေလေးကြည့်ပြီး မျက်ရည်ကျတာ မှတ်မိလား၊ အေး... အဲဒီအချိန်ပေါ့၊ နင့်ဘေးမှာ ငါရယ် နင့်အဒေါ်ရယ် ရှိတယ်လေ၊



www.burmeseclassic.com

www.burmeseclassic.com



သူ လူအုပ်ရှုပ်နေတဲ့ကြားက ရိုက်လိုက်တာဟ၊ ဒီစာကြောင်းကို ဖတ်ကြည့်စမ်း…"

သူမက အံ့ဩနေရင်း ခင်နှင်းပြတဲ့စာတန်းကို ဖတ်ကြည့်မိသည်။

"ကျွန်တော့်အတွက်တော့ ဒဏ်ရာရနေတဲ့ နတ်သမီးလေးတစ်ပါး အတောင် မဖြန့်နိုင်လောက်အောင် ဝေဒနာကို ခံစားနေရတယ်လို့ ထင်မိတယ်… ဓာတ်ပုံရိုက်မိလိုက်တဲ့ ကင်မရာထဲက မြင်ကွင်းဟာ ကျွန်တော့် နှလုံးသားထဲကို တစိမ့်စိမ့်စီးဝင်လာတဲ့ ရေခဲမြစ်တစ်စင်းလိုပါပဲ… အံ့ဩဖို့လည်း ကောင်းတယ်… သူ့ရင်ထဲက သောကတွေ ကျွန်တော့်ဆီ ကူးစက်လာတယ်၊ အို… ကျွန်တော်တစ်ယောက်တည်း မဟုတ်ပါဘူး…

ဒီမြင်ကွင်းကို ကျွန်တော့်နေရာက ကြည့်ရင် ကျွန်တော့်လိုပဲ ခံစားရမှာ ကျိန်းသေ ပြောရဲပါတယ်"

သူမ မြင်ကွင်းဟာ မှုန်ဝေ သွားစေလောက်အောင် မျက်ရည်နဲ့ အတိတ်ရဲ့ ဝမ်းနည်းစရာပုံရိပ်တွေ တစ်ထပ်ပြီး တစ်ထပ် တစ်ချပ်ပြီးတစ်ချပ်။

ခင်နှင်းက သူ့ကို နူးညံ့နှစ်သိမ့်တဲ့စကားတွေနဲ့ နောင်တတွေကို အခါခါ ပေးစေတယ်။





"ဒီမှာ ရေးထားတာတွေ ရှိသေးတယ် ဖတ်ကြည့်…"

ခင်နှင်းက စာမျက်နှာတွေကို ကျော်လှန်ရင်း တစ်နေရာက စာကြောင်းတွေကို ထောက်ပြသည်။

"မုန့်စားတန်းမှာ အချဉ်ရေ စွန်းသွားတဲ့ ဒေါ်သမီးတောက်လေးကို မြင့်ပြီး ကျွန်တော့်ရဲ့ ငိုနေသော နတ်သမီးလေးမှန်း သိခဲ့လိုက်ရတယ်…

သူ့ဒေါ်သနဲ့ ဟန်ဆောင်မှုတွေမဲ့နေရင် ကျွန်တော့် ကျေနပ်ပျော်ရွှင်မှုဟာ သူနဲ့ ကျွန်တော့်ကြားက ရင်းနှီးမှုဆိုတာ နောင်တစ်ချိန်တော့ ပြန်ပြောစရာ ကောင်းတာ အမှန်ပဲလေ…

ဆူးလေး တစ်ချောင်းလို ရင်ထဲကို စိုက်ဝင်မေပေမယ့် ရင်ထဲမှာ ပျံ့နှံ့နေတဲ့ အဆိပ်ဟာ "အချစ်" ဆိုတာ ဒဏ်ရာရပြီးမှ သေချာသိလာခဲ့ရတယ် မိဆူး…"

နောက်တစ်ကြောင်း…

"အဲဒီနေ့က သူ ဆုမယူမီ အင်္ကြင်းပင် အောက်က ခုံတန်းလေးမှာ ထိုင်နေရင်း တည်ငြိမ် ရင့်ကျက်တဲ့ အင်္ကြင်းပန်းကလေးနဲ့အပြိုင် ငြိမ်သက်နေတဲ့ ကောင်မလေး… ဓာတ်ပုံ ခိုးရိုက်မိတယ်"

နောက်ထပ်…



www.burmeseclassic.com

www.burmeseclassic.com



"ပတ်ဝန်းကျင်မှာ အောက်ဆီဂျင် ပြတ်တောက်နေသလို ဖေဖေဆုံးပြီ ဆိုတဲ့အသိနဲ့ အဲဒီလိုခံစားရတယ်၊ ရက်လည်ဖို့ မတိုင်မီညက နင်အားပေးလိုက်တဲ့ အားပေး နှစ်သိမ့်မှုဟာ အင်အားဖြည့်ဆေး တစ်ခွက်ပဲ... နင့်ကို ကျေးဇူးတင်ပါတယ်"

လက်ရေးသော့သော့နဲ့ အနီရောင်မှင်နဲ့ ရေးထားတဲ့ စာကြောင်းတစ်စုမှာ...

"ငါ့လုပ်ရပ်အတွက် ငါ မမှားဘူးလို့ ထင်တယ် မိဆူး... နင့်အပေမှန်းမသိဘဲ ဒုက္ခရောက်နေသူအတွက် ငါ ရပ်တည်မိတာ နင်က စွပ်စွဲချက်တွေနဲ့ တုံ့ပြန်ရက် ပြီကိုး...

နင်နဲ့ငါ မနီးအောင် ဘယ်နတ်စိုးတွေက အချိန်မီ ဝင်တားရတာလဲဟင်..."

စာကြောင်းဆုံးတော့ သူမ မျက်ရည်တွေ လိမ့်ဆင်းလာပါတယ်။ တသိမ့်သိမ့် ရှိုက်ငိုရင်း...

"ငါ...အရမ်းမှားသွားပြီ ခင်နှင်း၊ ငါ မစဉ်းစား မဆင်ခြင်တဲ့ စိတ်ကြောင့် အခုလိုဖြစ်တာ"

**ရွှေသမင်စာပေ**



ခင်နှင်းရင်ခွင်ထဲ ပြိုလဲသွားတော့ ခင်နှင်းက အလိုက်သင့် တွေးငွေ့ရင်း...

"တိတ်ပါ... မိဆူးရယ်၊ အခု အဖြစ်မှန်ပေါ်ပြီ မဟုတ်လား... နိုင်တို့ ပြန်ဆုံရမှာပါဟာ"

သူမက မျက်ရည်တွေနဲ့ ခင်နှင်းကို မော့ကြည့်ရင်း...

"သူ... အခု ဘယ်ရောက်နေတာလဲဟင်"

မိဆူးအမေးကြောင့် ကားမောင်းနေရာမှ ဖိုးခွားက...

"ဒီကောင် ဒီနေ့နဲ့မနက်ဖြန် မြစ်ကြီးနားက ပြန်ရောက်မယ်လို့ သတင်းတော့ ကြားတယ်ဟ"

မျက်ရည်စက်တွေ လိမ့်ဆင်းပြိုကျလာရင်း စိတ်အတွေးနဲ့ ချစ်သူကို အထပ်ထပ် တောင်းပန်နေမိသည်။

"နင့်ကို ငါ အရမ်းချစ်ပါတယ် ငယ်သူငယ်ချင်းလေးရယ်...

နင် ကျေနပ်အောင် ငါ အထပ်ထပ် အနူးညွတ် တောင်းပန်ပါရစေ...

နင် ငါ့အပေါ် အမြဲခွင့်လွှတ်နေကြပါဟာ...

ပြီးတော့ နင့်ရင်ခွင်မှာ ငါ့သံသယတွေကို မြှုပ်သတ်ပါရစေတော့နော်..."

သူမ၏မျက်ရည်ထဲတွင် သံသယလက်ကျန်တွေ အကုန် ပွင့်စင်ပါသွားပြီလို့ ထင်နေမိသည်။

**ရွှေသမင်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



ကားလေး ကိုကျော်စိုးဦး အိမ်ရောက်တော့ အရှိန်မသေခင် သူမနှင့် ခင်နှင်း အမောတကော ပြေးဆင်းလာကြသည်။

ကျော်ဇေနှင့် ဖိုးခွား ကားရပ်ပြီး ကမန်းကတန်း နောက်ကလိုက်လာခဲ့ကြ၏။

ကိုကျော်စိုးဦးက...

"ကျော်ဇေတို့ပါလား... ဘာများအရေးကြီးလို့လဲ"

မျက်မှန်အကြည်လေးကို ပင့်တင်ပြီး ရည်မွန်သဘော ကောင်းပုံအမြဲရှိတဲ့ ကိုကျော်စိုးဦးက ပြုံးပြုံးလေးမေး၏။

ကျော်ဇေက ဆက်တီတစ်လုံးမှာ ထိုင်ရင်း...

"ဟိုကောင် ပြိုင်ပွဲမှာ ဆုရလို့ဆို"

ကိုကျော်စိုးဦးက အားရကျေနပ်ဟန်နဲ့ ဟုတ်တယ်ဟု ပြောရင်း...

"တော်တော် အားရကျေနပ်စရာ ကောင်းတယ်ဗျာ ဒီကောင့်ပုံကို မပို့ခင် စစ်ဆေးကြည့်မိကတည်းက ဒီကအဖွဲ့ထဲက ဆုတစ်ခုခုရမယ်လို့ တွက်ပြီးသားဗျ"

"အဲဒီပုံ မိတ္တူ မရှိဘူးလားဗျ ကိုကျော်စိုးဦး"

ကိုကျော်စိုးဦးက မျက်မှန်ပင့်တင်ရင်း တစ်ခုခု စဉ်းစား မိပုံရတယ်။

ရွှေသမင်စာပေ



"ခဏနေဦး... ပရင့်တာနဲ့ ထုတ်ထားတဲ့ မိတ္တူပွားပုံ တော့ ရှိတယ်"

ကိုကျော်စိုးဦးက သူ့အခန်းထဲ ခဏဝင်သွားတယ်။ ပြန်ထွက်လာတော့ ဖိုင်အပြာရောင်လေး ကိုင်လာတာ တွေ့ရ တယ်။

ပြီးတော့ ဖိုင်ကလစ်ဖြုတ်ကာ စာရွက်တစ်ရွက်ကို သူမဆီ ထိုးပေးရင်း...

"ဒါ ကျွန်တော် ဟိုကိုမပို့ခင် စစ်ဆေးတော့ ဓာတ်ပုံနဲ့ နှိုင်းယှဉ်ဖို့ရတာ"

သူမက လှမ်းယူပြီး ကြည့်လိုက်တော့...

"အို..."

ပါးစပ်ကို လက်ဝါးနဲ့အုပ်မိရင်း အံ့ဩသွားပါတယ်။

ပြီးတော့ အဲဒီတုန်းကအရိပ်တွေ သတိရခြင်း ပုံရိပ်တွေ ကြားဝန်းမှာ...

"ခုနကတောင် သူ့ရှေ့ဆီက ဖုန်းဝင်လာတယ်၊ ပြန်ရောက် ပြီတဲ့... သူလည်း မြို့ထဲဝင်ကုန်း ကြားတာတဲ့"

သူမမျက်နှာ ဝင်းပသွားရင်း...

"သူပြန်ရောက်ပြီ... ဟုတ်လား အစ်ကို"

"ဟုတ်တယ်... သူ ပြခန်း ဝင်ဦးမယ်လို့တော့ ပြော သွားတယ်"

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com


သူမ ဝုန်းခနဲ ထရပ်ကာ ကားဆီ အမြန်လှည့်ထွက်သွားတော့ ခင်နှင်းတို့ ကြောင်အမ်းအမ်းနဲ့ ကျန်ရစ်ခဲ့ကြသည်။ သူ့ရဲ့ကောင်ဆိုးလေးထံ အမိ အမြန်သွားရမယ်...

နှင်းကို လွမ်းတယ် သူရှရယ်... ကားငယ်လေးဟာ ပြခန်းဆီသို့ တရွေ့ရွေ့ ဦးတည်ပြေးလွှားနေပါတယ်။





ကမ္ဘာကြီးတစ်ခုလုံး
ပန်းတွေ တစ်ချိန်တည်းပွင့်ဖို့
အမုန်းတွေ ရပ်ဆိုင်းသွားဖို့ လိုတယ်...




www.burmeseclassic.com

www.burmeseclassic.com



## အခန်း - ၅

နံရံတစ်ဖက်က ပန်းချီကားတွေကို ငေးမောကြည့်နေတဲ့ လူတစ်ယောက်ကလွဲ၍ အခန်းဟာ ငြိမ်သက်နေခဲ့တယ်။ ဟိုတယ်အပြင်မှာ ရှုပ်ထွေးစည်ကားနေသလောက် ဤအခန်းလေးဟာ တိတ်ဆိတ်ခြင်းထဲမှာ လဲလျောင်းနေခဲ့တယ်။ သူမကို ကျောပေးထားတဲ့ လူတစ်ယောက်ဟာ သူမ အမြဲလွမ်းဆွတ်နေရတဲ့ နုတ်ဆိုးလေးပဲ ဖြစ်မှာပါ...။

သူမက သူ့ရဲ့ ခပ်လှမ်းလှမ်းအကွာမှာ ရပ်နေခဲ့တယ်။ ခြေသံတွေရဲ့အဆုံးမှာ သူ လှည့်ကြည့်ဖို့ကောင်းပါရဲ့... ဘာကြောင့်များ လှည့်မကြည့်ရတာလဲ သူရဇ္ဇ... သူမရင်ထဲက ဝမ်းနည်းခြင်းရဲ့ အငွေ့အသက်ဟာ မျက်ဝန်းအိမ်မှာ ရစ်ဝဲနေမိတယ်။





သူမ ဖြည်းညင်းစွာ နောက်ကို လှည့်တော့... ရင်းနှီးနေတဲ့ ရနံ့... အို... စံပယ်နံ့တွေ နှင်းဆီပန်းလေးအတွက် သူ့ရဲ့ အတိတ်ရဲ့ လက်ဆောင်ရနံ့... မဖြစ်နိုင်ပါဘူးလေ။

စိတ်က ဆွဲနေခဲ့တာ ဖြစ်မှာပါ...

သူမ ထွက်ခွာဖို့ ပယာမဦးဆုံး ခြေလှမ်းအစမှာ...

"မိဆူး..."

တိုးတိတ် ညင်သာပေမယ့် သူမ အမြဲကြားချင်နေတဲ့ အသံပိုင်ရှင်... သူမ အလန့်တကြား လှည့်ကြည့်မိသည်။

မျက်ရည်ဥ ဟွေသီးနေတဲ့ သူမရဲ့ မျက်ဝန်းအိမ်ကို သူရဇ္ဇ မြင်တွေ့သွားတယ်။ နှစ်လိုဖွယ်အပြုံးနဲ့ သူရဇ္ဇက သူမဆီ လျှောက်လာ၏။

သူ့ရဲ့ လက်ခုပ်ထဲကစံပယ်တွေ သူမရဲ့ လက်ခုပ်ထဲကို ပြောင်းထည့်တော့ သူမရဲ့ လွတ်လပ်စွာ ပြုံးလိုက်တဲ့ အပြုံးနဲ့အတူ မျက်ရည်တစ်စက် လိမ့်ဆင်းလာတယ်။

ပြီးတော့...

"နှင်းပေးလိုက်တဲ့ ဖိတ်စာတစ်စောင်နဲ့အတူ ငါ့သံသယတွေ ငါ့အနိုင်ယူမှုတွေ ရင်ထဲမှာရော ဒီကမ္ဘာမြေပေါ်မှာပါ ကွယ်ပျောက်သွားပြီ သူရဇ္ဇ..."

သူရဇ္ဇက ကျေနပ်စွာ ပြုံးတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ တိုးတိုးလေး...

ဒီစကားတစ်ခွန်းဟာ သူမရင်ထဲမှာ တစ်သက်စာ နိုင်မြဲနေမှာပါ...

"အနိုင် အရှုံးဆိုတာ ငါတို့နှစ်ယောက်ရဲ့ အချစ်မှာ နေရာပေးဖို့မရှိဘူး သိလား..."

"ဟုတ်တယ်နော်..."

ဒီနိုင်းခ

(7-March)



www.burmeseclassic.com